# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်　၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ ကြာသပတေးနေ့　အတွဲ (၅၈)၊ အမှတ်(၀၂၅)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြား

**ရန်ကုန်　အောက်တိုဘာ ၂၄**

ဝါလကင်းလွတ် သီတင်းကျွတ်တွင် ဝါကျွတ်ပွဲတော် ကျင်းပလေ့ရှိသည်။ ဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမဝါဆိုတော်မူကြသော သံဃာတော်များ သီတင်းကျွတ်လပြည့်နေ့၌ ဝါဆိုသည့်ကာလကုန်ဆုံးကာ မိမိတို့ကျောင်းအတွင်း၌သာ သီတင်းသုံးနေထိုင်ခြင်းမှ လွတ်မြောက်သည်။ ထို့ကြောင့် သီတင်းကျွတ်လဟု ခေါ်ဆိုသကဲ့သို့ သံဃာတော်များ ဝါဆိုဝါကပ်ခြင်းမှ ကျွတ်လွတ်ပြီး မီးထွန်းပွဲ တော်ကျင်းပခြင်းကြောင့် ဝါကျွတ်ပွဲတော်ဟုလည်း ခေါ်ဆိုကြသည်။

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်တွင် ဂေါတမမြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိမ်နင်းတော်မူရန် ရေအစုံ မီးအစုံ ယမိုက်ပြာဋိဟာကို ပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ ကြွတော်မူကာ သတ္တမဝါကပ်တော်မူသည်။

တာဝတိံသာနတ်ပြည်၌ သန္တုသိတမည်သော မယ်တော်မိနတ်သားကို အမှူးထားကာ နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရားဟောကြား၍ ပြီးဆုံးတော်မူသည်။

ထိုနေ့တွင်ပင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းရာ သိကြားမင်းက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ ဖန်ဆင်းပေးသည်။ မြတ်စွာဘုရားသည် ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာ အလယ်၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်ရာ နတ်အပေါင်းက လက်ယာဘက် ရွှေစောင်းတန်းဖြင့်လည်းကောင်း၊ ဗြဟ္မာကြီးအပေါင်းက လက်ဝဲဘက် ငွေစောင်းတန်းဖြင့် လည်းကောင်း ဆင်းသက်လိုက်ပါပြီး မာတလိနတ်သားက ပန်းမန်အမွှေးအကြိုင်တို့ဖြင့် ပူဇော်ရင်းလိုက်ပါလာသည်။ သာဝတ္ထိပြည်၌ရှိကြကုန်သော လူပရိသတ်အပေါင်းလည်း သင်္ကဿသို့ ရောက်ရှိကာ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြိုဆိုကြကုန်သည်။

ဤပူဇော်ပွဲကို အစွဲပြု၍ မြန်မာ့ယဉ်ကျေးမှု ရာသီပွဲတော်အဖြစ် သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားအား ရည်မှန်းကာ ဆီမီး၊ မီးပုံးတို့ဖြင့် ရှေးသူဟောင်းတို့က ပူဇော်ခဲ့ကြရာ ယနေ့တိုင် ဗုဒ္ဓဘာသာဝင် ပြည်သူများကလည်း ဆီမီး၊ လျှပ်စစ်မီး၊ မီးပုံးတို့ဖြင့် ဆက်လက်ပူဇော်ကြခြင်းဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ လောင်းလှူ

**မြဝတီ　အောက်တိုဘာ ၂၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီမြတ်ကြီးအတွင်း ယနေ့ ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပပြုလုပ်သည့် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို တက်ရောက်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူသည်။

**သံဃမဟာပဝါရဏာ ကျင်းပ**

ရှေးဦးစွာ မြဝတီခရိုင်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သာသနာ့ဟိတကာရီ ဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာ ကျင်းပပြုလုပ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည် မိသားစုတို့က ခရိုင်အတွင်းရှိ ကျောင်းတိုက် ၃၃၂ တိုက်မှ ဝါဆိုရဟန်း၊ သာမဏေနှင့် သီလရှင်များ စုစုပေါင်း အပါး ၃၀၇၉ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**စည်ကားသိုက်မြိုက်စွာ လောင်းလှူ**

အလားတူ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ မိသားစုများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့တို့မှ အရာရှိကြီးများနှင့် မိသားစုများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် တိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည် မြဝတီမြို့၌ ကျင်းပသော ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားတွင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူကြစဉ်။


**Panasonic** နှစ် (၁၀၀) ပြည့် - ကျေးလက်လျှပ်စစ်သုံးစွဲရေးအတွက် ဈေးနှုန်းလျှော့ချခြင်းဖြင့် ပါဝင်ပါရစေ။

**YANDAYAR** (၂၂) နှစ်ပြည့် - ပစ္စည်းတိုင်းကို ဈေးနှုန်းလျှော့ချပေးပါသည်။

၃၀ (ခ) တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ဗဟန်း။ ဖုန်း ၀၁ - ၅၀၂ ၃၁၃၊ ၀၁ - ၅၀၁ ၃၂၉ ၊ ၀၁ - ၅၁၂ ၉၁၁ နှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။



# စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ

လူသားတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် မဖြစ်မနေ မှီခိုအားပြုရသော အစားအစာတို့သည် အာဟာရပြည့်ဝမှုရှိရမည်သာမက ဘေးကင်းလုံခြုံမှုကို ဖြည့်ဆည်းပေးရမည်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP) အားကောင်းရေးအတွက် ကမ္ဘာတစ်ဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)တို့ကိုသာ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ပါက ကမ္ဘာ့လူသားတို့၏ အာဟာရပြည့်ဝရေးနှင့် ဘေးကင်းလုံခြုံမှုနှင့်အတူ သက်ဆိုင်ရာ နိုင်ငံတို့၏ ဝင်ငွေမြင့်မားရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီပေးနိုင်မည် ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးကိစ္စရပ်များနှင့်အတူ တိုင်းပြည်၏ ကုန်သွယ်ရေးမြှင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ဦးတည်လျက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤနေရာ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၏ ကောင်းကျိုးရလဒ်များကို အလေးအနက်သုံးသပ်ရှုမြင်သင့်ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများသည် ပြည်သူတို့အတွက် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးကို အဓိက ဦးတည်သော်လည်း ဤရည်မှန်းချက်နှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သီးနှံတို့၏ အရည်အသွေးမြင့်မားရေး၊ ပြည်သူတို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးတို့ကိုပါ ပံ့ပိုးဖြည့်ဆည်းပေးမည်ဖြစ်၍ နိုင်ငံတော်အတွင်း စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သင့်သော ကိစ္စရပ်ဖြစ်ပါသည်။

တိုင်းပြည်အတွင်း စိုက်ပျိုးထုတ်လုပ်သော သစ်သီးဝလံ၊ သီးနှံအားလုံးအတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများကို ဖော်ဆောင်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်သော်လည်း တိုင်းပြည်၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် စပါးအတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများကို ဖော်ဆောင်ကျင့်သုံးနိုင်ပါက ပြည်သူတို့၏ ကျန်းမာရေးအန္တရာယ်ကင်းရှင်းရေးနှင့်အတူ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို အတိုင်းအတာတစ်ခုအထိ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၏ ကောင်းကျိုးရလဒ်ကို ဥပမာပေး၍ တင်ပြလိုပါသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်သော တချို့သော စပါးတို့၌ အာဆင်းနစ်ဓာတ်ပါဝင်ပါသည်။ ဤကဲ့သို့ အာဆင်းနစ်ဓာတ်ပါဝင်သော စပါးတို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့၍မရပါ။ စပါးစိုက်ပျိုးရာ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ပါက စပါး၌ အာဆင်းနစ်ဓာတ်ပါဝင်မှုပြဿနာကို အပြီးတိုင်ဖယ်ရှားနိုင်မည် ဖြစ်ပါသည်။ တခြားသော နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုသည် နည်းပါးနေသေးသည်ဖြစ်၍ စနစ်တကျသာ အကောင်အထည်ဖော်ဆောင်ရွက်ပါက စပါးစိုက်ပျိုးရေး၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကျင့်သုံးခြင်းကို အလွယ်တကူအကောင်အထည်ဖော်ဆောင်ရွက်နိုင်သော အနေအထားရှိပါသည်။

စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများကို အကြိမ်ကြိမ်ခွဲကျွေးရသည့်အတွက် ကုန်ကျစရိတ်တက်လာသော်လည်း ဈေးကွက်ကိုသာ စနစ်တကျ ချိတ်ဆက်နိုင်ပါက တောင်သူလယ်သမားတို့၏ အကျိုးအမြတ်ကို သိသိသာသာတိုးပွားစေမည်ဖြစ်ပါသည်။ တစ်ပြိုင်တည်းမှာပင် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအားကောင်းမောင်းသန် ပံ့ပိုးဖော်ဆောင်ပေးမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖော်ဆောင်ခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## နေရာစိပ်စိပ် မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( သံတွဲမြို့ )

၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇၊၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင် နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

## ရန်ကုန်-မန္တလေးလမ်းမပေါ်ရှိ အသစ်တည်ဆောက်မည့် ငလိုက်ချောင်းဖြတ် (၈၅)တံတား ပန္နက်တော်တင်

**နေပြည်တော် အောက်တိုဘာ ၂၄**



နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ စိုးလျှပ်စစ်ဖောင်ဒေးရှင်းမှ အသစ်ဆောက်လုပ် လှူဒါန်းမည့် လေးလမ်းသွား ကွန်ကရစ်အမျိုးအစား ငလိုက်ချောင်းဖြတ်(၈၅)တံတား ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ ရန်ကုန်-မန္တလေး လမ်းဟောင်း (၈၅)တံတား၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင် စိုးလျှပ်စစ်ဖောင်ဒေးရှင်း နာယက ဒေါ်ရီရီမာ၊ ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းနှင့် မိသားစုက မင်္ဂလာအချိန်တွင် အသစ်ဆောက်လုပ် လှူဒါန်းမည့် လေးလမ်းသွား ကွန်ကရစ်အမျိုးအစား ငလိုက်ချောင်းဖြတ် (၈၅) တံတားကို ပန္နက်တော်မင်္ဂလာ စိုက်ထူပေးသည်။

ယခုလက်ရှိ တံတားကြီးသည် ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်တွင် တည်ရှိကာ သက်တမ်းအားဖြင့် ကြာမြင့်ပြီဖြစ်ပြီး ကြံ့ခိုင်မှုနည်းပါးလာခြင်း၊ ယာဉ်များ သွားလာရာတွင် ကျဉ်းမြောင်းနေသည့်အတွက် နှစ်လမ်းသွားမှ လေးလမ်းသွားတံတားအဖြစ် တည်ဆောက်ရန် ယခုလို လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ တံတားဆောက်လုပ်မည့်ရက်ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေး၍ ရက်ပိုင်းအတွင်း အကောင်အထည်ဖော် ဆောက်လုပ်မည်ဖြစ်ကြောင်း စိုးလျှပ်စစ်ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးအောင်မြင့်ထွန်းက ပြောသည်။

ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်က လက်ရှိတံတားကြီးသည် နှစ်ပေါင်းများစွာကြာပြီဖြစ်ကြောင်း၊ နေပြည်တော်ဖြစ်လာသည်နှင့်အမျှ ယာဉ်များ ပိုမိုများပြားလာကြောင်း၊ လမ်းမှာလည်း လေးလမ်းသွားဖြစ်လာကြောင်း၊ ယင်းတံတားမှာ နှစ်လမ်းသွားဖြစ်သည့်အတွက် တံတားပေါ်၌ ယာဉ်များပိတ်ဆို့နေကြောင်း၊ တံတားထိပ်၌ အလွန်အန္တရာယ်ရှိကြောင်း၊ တံတားကြီးကို လေးလမ်းသွားအဖြစ် လှူဒါန်းပေးခြင်းအတွက် စိုးလျှပ်စစ်ဖောင်ဒေးရှင်းအား ပျဉ်းမနားမြို့နေပြည်သူများကိုယ်စား ဂုဏ်ယူကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

အသစ်ဆောက်လုပ်လှူဒါန်းမည့် လေးလမ်းသွား ကွန်ကရစ်အမျိုးအစား ငလိုက်ချောင်းဖြတ်(၈၅) တံတားကို စိုးလျှပ်စစ်ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်းပေါင်း ၂၅၀၀ ဝန်းကျင်ဖြင့် ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီက အရှည် ၃၄၅ ပေ၊ အလျား ၆၂ ပေနှင့် ဆောက်လုပ်ချိန် တစ်နှစ်ခွဲဖြင့် တာဝန်ယူဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## မြိတ်မြို့တွင် ထိုင်း-မြန်မာချစ်ကြည်ရေး အပျော်စီးစက်ဘီးအဖွဲ့များ စုပေါင်း၍ စက်ဘီးစီးနင်း

**မြိတ် အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်၍ ယမန်နေ့က ထိုင်းနိုင်ငံမှ အပျော်စီးစက်ဘီး အဖွဲ့နှင့် မြိတ် အပျော်တမ်းစက်ဘီးအသင်း (MABC)တို့ စုပေါင်း၍ ထိုင်း-မြန်မာချစ်ကြည်ရေး စက်ဘီး စုပေါင်းစီးနင်းခဲ့ကြောင်း သိရသည်။



ထိုသို့စီးနင်းရာတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ ကွဲကူး-ကျောက်ဖျာတံတားအထိ ထိုင်းနိုင်ငံ အပျော်စီးစက်ဘီးအဖွဲ့ဝင် ၃၃ ဦးနှင့် မြိတ်အပျော်တမ်း စက်ဘီးအသင်း အဖွဲ့ဝင် ၃၀ စုပေါင်း၍ စီးနင်းခဲ့ကြသည်။ ထိုင်းနိုင်ငံ အပျော်စီးစက်ဘီးအဖွဲ့ကို Mr.Watchara Liwphongsawat ဦးဆောင်၍ အပျော်စီးစက်ဘီးများဖြင့် မြိတ်မြို့ရှိ အထင်ကရနေရာများကို စက်ဘီး စီးနင်းလည်ပတ်ခဲ့ကြကာ မြိတ်အပျော်တမ်း စက်ဘီးအသင်း (MABC) ဥက္ကဋ္ဌ ဦးခင်မောင်စိုး ဦးဆောင်သော စက်ဘီးစီးအဖွဲ့ဖြင့် ထိုင်း-မြန်မာချစ်ကြည်ရေး စုပေါင်းစက်ဘီး စီးနင်းခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ အပျော်စီးစက်ဘီးအဖွဲ့သည် မြိတ်ခရိုင် တနင်္သာရီ မောတောင် နယ်စပ်ဂိတ်မှ အောက်တိုဘာ ၂၁ ရက်တွင် ဝင်ရောက်လာကြပြီး မောတောင်မြို့မှ တနင်္သာရီမြို့အထိ စက်ဘီးစီးနင်းရောက်ရှိလာ၍ တနင်္သာရီမြို့မှ မြိတ်မြို့သို့ အမြန်ရေယာဉ်ဖြင့် လာရောက်ကြရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကြီးကြပ်မှုဖြင့် စက်ဘီးစီး လည်ပတ်ခဲ့ကြပြီး အောက်တိုဘာ ၂၄ ရက်တွင် မြိတ်မြို့မှ တနင်္သာရီမြို့သို့ စက်ဘီးစီးနင်းသွားရောက်၍ တနင်္သာရီမြို့မှ မောတောင်နယ်စပ်သို့ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

❇ *ရွှေဖုံးမှ*

ရွှေတိဂုံစေတီတော်၏ ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းမှ စတင်၍ ရင်ပြင်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက နံနက် အရုဏ်တက်ချိန်တွင် ရင်ပြင်တော် တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝါတွင်းသီလခံယူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အနုမောဒနာတရား နာယူခြင်းနှင့် ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ရောင်စုံဆီမီးများထွန်းညှိပူဇော်**

ညပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်ရင်ပြင်၌ ရောင်စုံဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်ကို တွေ့ရသည်။

ဆူးလေစေတီတော်၌လည်း သီတင်းကျွတ်ပူဇော်မှုနှင့် ပတ်သက်၍ ဂေါပကအဖွဲ့ဝင် ဦးသန်းလှိုင်က “အခုတို့ ဘုရားမှာ မနေ့က အဖိတ်နေ့ မွန်းလွဲ ၁ နာရီမှာ သိမ်တော်ကြီးဆရာတော် ဘဒ္ဒန္တကေသရက ဓမ္မစကြာအခါတော်နေ့ တရားဟောပြောပြီး ဒီနေ့ လပြည့်နေ့မှာ စေတနာရှင် အလှူရှင်တွေက စတုဒိသာ အကျွေးအမွေးတွေ၊ ဘုရားဖူးလာပြည်သူတွေနဲ့ စည်ကားနေ တာပေါ့။ အဖိတ်နေ့ကစပြီး လပြည့်ကျော် ၁ ရက်အထိ ညပိုင်းမှာ သုံးရက်တိုင်တိုင် ဆီမီး ၅၀၀၀ ပူဇော်မယ်”ဟု ပြောသည်။

**ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်**

အလားတူ မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့အရုဏ်တက်ချိန်တွင် စေတီတော်အား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ညပိုင်းတွင် စေတီတော်ရင်ပြင်၌ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးမြင့်အုန်းက “မနေ့က အဖိတ်နေ့ညမှာ ဝတ်အသင်း ၁၈ သင်းက ဆီမီး ၁၀၀၀၀ ပူဇော်ပွဲကျင်းပတယ်။ ဒီနေ့ လပြည့်နေ့မှာ နံနက် ၉ နာရီခွဲမှာ သီလပေးတရားပွဲရှိတယ်။ မွန်းလွဲ ၁ နာရီမှာ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အခမ်းအနား ကျင်းပတယ်။ ဒီနေ့ လပြည့်နေ့မှာ ဆီမီး ၁၃၀၀၀၊ လပြည့်ကျော် တစ်ရက်မှာ ဆီမီး ၁၀၀၀၀ ပူဇော်မယ်”ဟု ပြောသည်။



သီတင်းကျွတ်လပြည့်နေ့တွင် ရွှေတိဂုံစေတီတော်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေစဉ်။

**ဓမ္မပူဇာတရားတော်များကို ရွတ်ဆိုပူဇော်**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဝတ်အသင်း ၂၂ သင်းက အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာတရားတော်များကို ရွတ်ဆိုပူဇော်ကြပြီး ညပိုင်းတွင် စေတီတော်ကြီးအား သုံးရက်တိုင်တိုင် လျှပ်စစ်မီးရောင်စုံများ၊ ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။

“ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့အနေနဲ့ အဘိဓမ္မာတော်နေ့အကြို အဖိတ်နေ့မှာ မွန်းလွဲ ၁ နာရီကစပြီး ညအထိ ဝတ်အသင်း ခုနစ်သင်းက ဝတ်ရွတ်ကြတယ်။ ဒီနေ့ လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့မှာ အရုဏ်မှာ စေတီတော်ကြီးကို သစ်သီးဆွမ်း၊ မုန့်ဆွမ်းတွေနဲ့ ကပ်လှူပါတယ်။ စေတီတော်ဝင်းအတွင်းရှိ သံဃာတော်အပါး ၅၀ ခန့်ကို အရုဏ်ဆွမ်းကပ်ပါတယ်။ နံနက် ၉ နာရီက သာသနာ့ဇောတိက ဓမ္မာရုံမှာ စေတီတော်ဩဝါဒါစရိယ သီရိမင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိဿရက သီလပေးတယ်။ မွန်းလွဲ ၁ နာရီမှာ ကျောင်းကြီးတိုက် ကျောင်းတိုက်က ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောပါကက နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို ချီးမြှင့်ပြီး ညနေ ၃ နာရီမှာ ပဝါရဏာပွဲကျင်းပမယ်။ စေတီတော်ဝင်းအတွင်းရှိ သံဃာတော်နဲ့ ရှင်သာမဏေ အပါး ၄၀ ကျော်ကို နဝကမ္မဝတ္ထုငွေ ကပ်လှူပူဇော်မယ်”ဟု ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က ပြောသည်။

**တရားတော်များချီးမြှင့်**

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက်ပိုင်းတွင် စေတီတော်အား ဆွမ်းတော်ကြီးနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြပြီး ရင်ပြင်တော်ရှိ ဓမ္မာရုံများ၌ ဆရာတော်များက တရားတော်များ ချီးမြှင့်ကြသည်။ ညပိုင်းတွင် ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက စေတီတော်အား ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။

အလားတူ ယနေ့ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ ဘုရားစေတီများ၊ ဓမ္မာရုံများ၊ လမ်းများ၌ စတုဒိသာကျွေးမွေးခြင်း၊ ကုသိုလ်ကောင်းမှုပြုကြခြင်း၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများကျင်းပခြင်း၊ ဘုန်းကြီးကျောင်းများ၌ သံဃာတော်များ၏ ပဝါရဏာပွဲများ ကျင်းပခြင်း၊ သံဃာတော်များ၊ သက်ကြီးဝါကြီး ဆရာသမား၊ မိဘ၊ ဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ကြခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ပူဇော်ခြင်းနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်များအား ပန်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြခြင်းများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွန်း**

# ဒေသနှင့်ကိုက်ညီသည့် သစ်မျိုး၊ ဝါးမျိုးများကို စိုက်ခင်းတစ်ခုနှင့်တစ်ခုအကြား ကြားခံနယ်နိမိတ်မြေများတွင် ထည့်သွင်းစိုက်ပျိုးရန် ဆွေးနွေးမှာကြား

**နေပြည်တော် အောက်တိုဘာ ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းသစ်တောဝင်းအတွင်းရှိ သစ်တောဦးစီးဌာနရိပ်သာတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်သည့် Forest Farm Family ကုမ္ပဏီနှင့် မြန်မာနိုင်ငံကြိမ်ဝါးလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် Forest Farm Family ကုမ္ပဏီမှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်း ယူကလစ်စပ်မျိုး ဧက ၅၀၀ စိုက်ပျိုးထားခြင်းအပါအဝင် ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် စီးပွားဖြစ်သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်းပြီး စက်ယန္တရားများအသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စိုက်ခင်းပြုစုပျိုးထောင်ခြင်းနှင့် ခုတ်လှဲထုတ်လုပ်ခြင်း လုပ်ငန်းများ အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် ပန္နက်အကွာအဝေးသတ်မှတ်ခြင်း၊ (၁)ဟက်တာကွက်များအပေါ် အခြေခံ၍ စိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အပူချိန်၊ မိုးရေချိန်၊ စိုထိုင်းစများကို စနစ်တကျ တိုင်းတာမှတ်တမ်းတင်ထားရှိမှုများအား လည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် ဂေဟစနစ် အခြေခံခရီးသွားလုပ်ငန်း၊ သစ်အခြေခံလုပ်ငန်းစွန့်ပစ်ပစ္စည်းများမှ လောင်စာထုတ်လုပ်မည့် လုပ်ငန်းနှင့် ဒေသခံများနှင့်ပူးပေါင်း၍ သီးနှံသစ်တောရောနှောစိုက်ပျိုးပြီး သစ်တောစိုက်ခင်း တည်ထောင်မည့် လုပ်ငန်းအစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်ရရှိမှုတို့အား Plantation Business Models များဖြင့် လည်းကောင်း၊ စီးပွားဖြစ် သစ်တောစိုက်ခင်းတည်ထောင်ခြင်းများအတွက် အားသာချက်၊ အားနည်းချက်များအား လည်းကောင်း ရှင်းလင်းတင်ပြသည်။

**စောင့်ကြည့်လေ့လာရန်လိုအပ်**

ရှင်းလင်း တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယူကလစ်စပ်မျိုးများသည် နှစ်တိုခုတ်ဖြင့် စိုက်ပျိုးနိုင်သည့်အတွက် စီးပွားရေးအရ တွက်ခြေကိုက်သည့် အကြီးမြန်သစ်မျိုးဖြစ်သော်လည်း ဧရိယာကျယ်ကြီးမားကျယ်ပြန့်စွာ စိုက်ခင်းတည်ထောင်မည်ဆိုပါက ရေနှင့်မြေဆီလွှာထိခိုက်ပျက်စီးနိုင်မှု ရှိ၊ မရှိ နှစ်ရှည်သုတေသနပြု စောင့်ကြည့်လေ့လာရန် လိုအပ်ကြောင်း၊ မြေဆီလွှာအတန်းအစားကျဆင်းခြင်း၊ မြေအောက်ရေမျက်နှာပြင် လျော့နည်းကျဆင်းခြင်းများ ရှိ၊ မရှိ အထူးသုတေသနပြုစောင့်ကြည့်ရန်လိုအပ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် စိုက်ခင်းလုပ်ငန်းများကြောင့် ၎င်းတို့ပတ်ဝန်းကျင် မပျက်စီးကြောင်း အပြည့်အဝယုံကြည်မှုရှိစေရန် သက်သေပြနိုင်ရန် လိုအပ်ကြောင်း၊ ဒေသနှင့် ကိုက်ညီသည့် ခါတော်မိကဲ့သို့ သစ်မျိုးများနှင့် ဝါးမျိုးများကိုလည်း စိုက်ခင်းတစ်ခုနှင့်တစ်ခုအကြား ကြားခံနယ်နိမိတ်မြေများတွင် ထည့်သွင်းစိုက်ပျိုးရန် ဆွေးနွေးမှာကြားသည်။

**ဦးစားပေးဆောင်ရွက်စနစ်**

ထို့နောက် မြန်မာနိုင်ငံ ကြိမ်ဝါးလုပ်ငန်းရှင်များအသင်းမှ ဒေသရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက်ဝင် တန်ဖိုးမြင့်ဝါးမျိုးစိတ်များအား ပြည်ပမှ တင်သွင်းစိုက်ပျိုးမည့် အစီအစဉ်၊ ပြည်ပနိုင်ငံများတွင် ဝါးစိုက်ပျိုးခြင်း၊ ကုန်ချောပစ္စည်းများထုတ်လုပ်ခြင်းတို့အတွက် နည်းပညာပိုင်းဆိုင်ရာ လေ့လာတွေ့ရှိမှုများ၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်း ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသခံပြည်သူများအား ဦးစားပေးဆောင်ရွက်စနစ်ဖြင့် ဝါးစိုက်ခင်းဧက ၅၀၀၀ စိုက်ပျိုးတည်ထောင်ခြင်း၊ ဝါးအခြေခံစက်မှုလုပ်ငန်းများ တည်ထောင်ခြင်း၊ ထုတ်ကုန်များအတွက် ဈေးကွက်ရှာဖွေခြင်း၊ အခြေခံအဆောက်အအုံများနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ကူညီပံ့ပိုးမှုများ ရရှိနိုင်မည့် နည်းလမ်းများ ရှာဖွေခြင်း စသည့် အစီအစဉ်များ ပါဝင်သော Integrated Bamboo Industrial Zone တည်ထောင်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက စီးပွားဖြစ်ဝါးအခြေခံစက်မှုလုပ်ငန်းများ ကုန်ကြမ်းရရှိမှု သေချာစေရေး၊ ဈေးကွက်ခိုင်မာစေရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များ မျှဝေခြင်းတို့အတွက် စိုက်ပျိုးသူများ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများ၊ ဈေးကွက်ရှာဖွေတင်ပို့ရောင်းချသူများ စသည့် Stakeholders များအားလုံး တစ်စုတစ်စည်းတည်း ဖြစ်စေရန်အတွက် Conceptual Plan ခိုင်မာစွာ ရှိရန် လိုအပ်ကြောင်း၊ စိုက်ခင်းတည်ထောင်ခြင်းအပါအဝင် လုပ်ငန်းမတည်ရင်းနှီးငွေများအတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိရေး အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအသွင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက လူ့အခွင့်အရေးအထူးအစီရင်ခံစာ တင်သွင်းသူနှင့် လွတ်လပ်သောအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) တို့၏ အစီရင်ခံစာများအပေါ် တုံ့ပြန်မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၂၄

**နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသော (၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဆွေးနွေးမှုအစီအစဉ် (၂)ရပ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးမှုအစီအစဉ်များတွင် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီနှင့် နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM)ဥက္ကဋ္ဌ မစ္စတာ မာဇူကီး ဒါရုစ်မန်တို့က ၎င်းတို့၏အစီရင်ခံစာများအပေါ် အသီးသီးရှင်းလင်းပြောကြားခဲ့သည်။ ၎င်းတို့၏ ရှင်းလင်းပြောကြားချက်များအပေါ် အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ပြန်လည်တုံ့ပြန်သည့်မိန့်ခွန်းများ ပြောကြားခဲ့သည်။**




(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီအစည်းအဝေးတွင် အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း မိန့်ခွန်းပြောကြားစဉ်။

### အပြုသဘောမဆောင်သည့်ဝေဖန်စွပ်စွဲချက်များ ဆက်လက်ပြုလုပ်နေ

လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ၏ ရှင်းလင်းပြောကြားချက်ကို တုံ့ပြန်ရာတွင် အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက မြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံချင်းအပေါ် သီးခြားပစ်မှတ်ထား အရေးယူဆောင်ရွက်မှုများသည် လူ့အခွင့်အရေးမြှင့်တင်မှုကိစ္စများကို ဆောင်ရွက်ရာ၌ နိုင်ငံအချို့အား ရွေးထုတ်ဆောင်ရွက်ခြင်းမပြုရေး(Non-selectivity) နှင့် နိုင်ငံရေးအရ အသုံးချမှုမပြုရေး (Non-politicization) စသည့် မူဝါဒများနှင့် သွေဖည်နေသည့်အတွက် စွဲမြဲစွာ ဆန့်ကျင်ခဲ့ကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးမူနှင့်အညီ အထူးအစီရင်ခံစာတင်သွင်းသူ အဆက်ဆက်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အထူးအစီရင်ခံစာတင်သွင်းသူတစ်ဦး၏ မျှတသည့် အစီရင်ခံစာကို တင်သွင်းရန် မိမိတို့အနေဖြင့် အလေးအနက် မျှော်လင့်ခဲ့သော်လည်း ၎င်းအနေဖြင့် အတည်မပြုနိုင်သည့် အချက်အလက်များကို အခြေခံကာ အဆိုးမြင်ပြီး အပြုသဘောမဆောင်သည့် ဝေဖန်စွပ်စွဲချက်များကို ဆက်လက်ပြုလုပ်နေကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို မသိကျိုးကျွန်ပြုထားသည့်အတွက် အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် ပြဿနာရပ်များကို ဖြေရှင်းရန် စစ်မှန်သော ဆန္ဒရှိ-မရှိအပေါ် မေးခွန်းထုတ်လိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် မစ္စ ယန်ဟီလီ စတင်တာဝန်ထမ်းဆောင်သည့် ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၇ ခုနှစ် ကာလအတွင်း၊ ဒီဇင်ဘာလအထိ ၎င်း၏ခရီးစဉ်ကို (၆)ကြိမ်တိုင် စီစဉ်ပေးခဲ့ကြောင်း၊ သို့ရာတွင် ၎င်း၏ အခွင့်အာဏာကို ကျော်လွန်အသုံးချခဲ့သည့်အတွက် ၎င်းအပေါ် ပြည်သူများက မကျေမနပ်ဖြစ်ခဲ့ကြကြောင်း၊ သို့အတွက် မိမိတို့အနေဖြင့် ၎င်းနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ရပ်ဆိုင်းခဲ့ပြီး၊ အစားထိုးခန့်အပ်ရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ဆက်လက်ရှင်းလင်း ပြောကြားခဲ့သည်။

### ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ထိခိုက်စေ

မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားလိုသည့် ဆန္ဒကို ပြသသည့်အနေဖြင့် အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် Ms. Christine Schraner Burgener ကို ခန့်အပ်ခဲ့သည့်အပေါ် ကြိုဆိုခဲ့ပြီး၊ နေပြည်တော်၌ ၎င်း၏ရုံး ဖွင့်လှစ်ရန်ကိစ္စကို ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇွန်လမှစ၍ ၎င်းတာဝန်ယူသည့် (၅)လအတွင်း အောက်တိုဘာလ ၁၀ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံသို့ သွားရောက်သည့် တတိယမြောက်ခရီးစဉ်ကို စီစဉ်ပေးခဲ့ကြောင်း၊ ၎င်း၏ ခရီးစဉ်အပြီး အောက်တိုဘာလ ၂၀ ရက်က ထုတ်ပြန်ချက်တွင် တာဝန်ခံမှုနှင့် အားလုံးပါဝင်သည့် ဆွေးနွေးမှုတို့ကို မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဓိကမဏ္ဍိုင်(၂)ရပ်အဖြစ် ဖော်ပြခဲ့ကြောင်း၊ ၎င်းက စိတ်ရှည်မှုနှင့် ယုံကြည်မှုတည်ဆောက်မှုတို့ လိုအပ်ကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြည်တွင်း၌ပင် ဆက်လက်အဖြေရှာနိုင်ရေးအတွက် အကူအညီပေးအပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်၏ ပြောကြားချက်ကို ကြိုဆိုလျက်၊ တိုင်းပြည်တွင် နက်ရှိုင်းစွာအမြစ်တွယ်လျက်ရှိသော ဘက်ပေါင်းစုံမှ ပြဿနာများကို ချက်ချင်းဖြေရှင်းနိုင်မည်မဟုတ်ဘဲ စိတ်ရှည်မှု၊ အပြန်အလှန်ယုံကြည်မှုနှင့် နိုင်ငံရေးအရ အဖြေရှာရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ပြောကြားချက်အပေါ် အထူးကိုယ်စားလှယ်နှင့်အတူ အပြည့်အဝ သဘောတူပါကြောင်း၊ ပြင်ပမှ လွန်စွာဖိအားပေးသည့် နိုင်ငံရေးအာဂျင်ဒါများသည် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ပိုမိုဆိုးရွားစေပြီး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ပဋိပက္ခများတွင် လိင်အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်တို့နှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တို့ကိုလည်း ပြောကြားခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို နိုင်ငံရေးနည်းလမ်းဖြင့် တည်ထောင်နိုင်မှသာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဟု မြန်မာအစိုးရအနေဖြင့် ယုံကြည်ပြီး၊ တိုင်းရင်းသားနှင့် လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံမူများချမှတ်ရာတွင် သဘောတူညီမှုရရှိနိုင်ရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၌ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပြီး ကျင်းပခဲ့သည့် ညီလာခံ (၃)ကြိမ်၌ ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူစာချုပ်၏ အစိတ်အပိုင်းဖြစ်လာမည့် အခြေခံမူ (၅၁)ချက်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

### ကုလသမဂ္ဂနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးတို့အတွက် အခြေခံအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးသွားသူများ ဘေးကင်းပြီး၊ ဆန္ဒအလျောက် သိက္ခာရှိစွာ နေရပ်သို့ပြန်လည်လာရောက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံသဘောတူညီချက်အရ စိစစ်ပြီးသူများကို ပထမအသုတ်အဖြစ် ဇန်နဝါရီလကတည်းက ပြန်လည်လက်ခံရန် ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း နေရပ်စွန့်ခွာသူ ၆၀၀၀ ကို ပြန်လည်လွှဲပြောင်းပေးမည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ကြိုဆိုကြောင်း၊ အထွေထွေညီလာခံ မူဝါဒရေးရာမိန့်ခွန်းပြောကြားမှု ရက်သတ္တပတ်ကာလအတွင်း တရုတ်၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့အကြား ကျင်းပခဲ့သည့် အလွတ်သဘောအစည်းအဝေးသို့ အတွင်းရေးမှူးချုပ်လည်း ပါဝင်တက်ရောက်ခဲ့ပြီး၊ နေရပ်စွန့်ခွာသူများအရေးကို ဖြေရှင်းရန်အတွက် အချက်(၃)ချက်ကို သဘောတူညီခဲ့ကြောင်း၊ ယင်းအရ တတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို အောက်တိုဘာလ ၂၉ နှင့် ၃၀ ရက်များတွင် ဒါကာမြို့၌ ကျင်းပမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စအတွက် အကူအညီများ ထပ်မံရရှိနိုင်ရန် အာဆီယံဒေသတွင်း မိတ်ဖက်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ အိန္ဒိယ၊ ဂျပန် အပါအဝင် ဒေသတွင်းနိုင်ငံများ၏ အကူအညီများအတွက် ကျေးဇူးတင်ရှိပြီး၊ ကုလသမဂ္ဂနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် (၈၈) ချက်အနက် (၈၁) ချက်ကို အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ တာဝန်ခံမှုနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို မကြာမီက ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကော်မရှင်အနေဖြင့် အစီရင်ခံစာကို တစ်နှစ်အတွင်း တင်သွင်းမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၌ အလုပ်အကိုင် အခွင့်အလမ်းသစ်များကို အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်မှုများဖြင့် ပြီးခဲ့သည့်နှစ်များအတွင်းက ဖော်ဆောင်ခဲ့ကြောင်းတို့ကို အမြဲတမ်းကိုယ်စားလှယ်က ထည့်သွင်းရှင်းလင်းခဲ့သည်။

မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အဓိကခွန်အားမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်မှုအောက်တွင် ပြည်သူများ၏ စည်းလုံးမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် တက်ကြွစွာပါဝင်မှုတို့ဖြစ်ကြောင်း၊ ပြည်သူများ လိုလားတောင့်တသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရန် သန္နိဋ္ဌာန်ချထားပြီး နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် နားလည်မှုနှင့် အပြန်အလှန်လေးစားမှုကို အခြေခံ၍ အပြုသဘောဆောင်စွာ ကူညီနိုင်ပါကြောင်း အမြဲတမ်းကိုယ်စားလှယ်က အလေးထား ပြောကြားခဲ့သည်။

### အသိုက်အဝန်းနှစ်ခုလုံး၏ လူ့အခွင့်အရေးကိုကြည့်ရန်လိုအပ်

နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် တုံ့ပြန်ရာတွင် အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက FFM ၏ ရိုးသားစစ်မှန်မှုသည် မေးခွန်းထုတ်စရာဖြစ်နေပြီး၊ စုံစမ်းစစ်ဆေးမှု နည်းလမ်းသည်လည်း အားနည်းချက်များစွာရှိကြောင်း၊ ရခိုင်ပြည်နယ်၏ လက်ရှိလူသားချင်းစာနာမှုအရေးကိစ္စသည် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အာဆာအကြမ်းဖက်အုပ်စုက ရဲကင်းစခန်း (၃၀)နှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်တို့ကို ကြိုတင်အကွက်ချ စီစဉ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်းကို အစိုးရအနေဖြင့် အကြိမ်ကြိမ် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အာဆာအကြမ်းဖက်များက လုံခြုံရေးတပ်ဖွဲ့များအပြင် ဟိန္ဒူရွာသားများ၊ အခြားလူမျိုးစုများနှင့် အစိုးရကို ထောက်ခံသည့် မူဆလင်များအပါအဝင် အပြစ်မဲ့ပြည်သူ ရာနှင့်ချီ၍ သတ်ဖြတ်ခဲ့သည့်အတွက် ထောင်နှင့်ချီသော အပြစ်မဲ့ပြည်သူများမှာ ရခိုင်ပြည်နယ်ရှိ အခြားဒေသများသို့ ထွက်ပြေးခဲ့ရကြောင်း၊ အလားတူ မူဆလင်ထောင်ပေါင်းများစွာသည်လည်း တစ်ဖက်အိမ်နီးချင်းနိုင်ငံသို့ ထွက်ပြေးခဲ့ရကြောင်း၊ ယင်းပဋိပက္ခသည် မူဆလင်အသိုက်အဝန်းတစ်ခုတည်းကိုသာ ထိခိုက်ခြင်းမဟုတ်သည်ကို သဘောပေါက်ကြရန်လိုအပ်ကြောင်း၊ လူ့အခွင့်အရေးဆိုပါက အသိုက်အဝန်းနှစ်ခုလုံး၏ လူ့အခွင့်အရေးကိုကြည့်ရန် လိုအပ်ကြောင်း၊ ထို့ပြင် FFM အနေဖြင့် အာဆာ၏ ရက်စက်ကြမ်းကြုတ်မှုများအား ပေါ်ပေါ်တင်တင် ထည့်သွင်းမစဉ်းစားသည်မှာ အံ့သြမိပါကြောင်း၊ မူဆလင်အကြမ်းဖက်သမားများကို အကာအကွယ်ပေးသည့်သဘောပင်ဆောင်နေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ်က ရခိုင်ပြည်နယ်နှင့် အခြားမည်သည့်ဒေသ၌မဆို ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံမှုရှိစေရန် အစိုးရအနေဖြင့် သန္နိဋ္ဌာန်ချထားကြောင်းကို ထပ်လောင်းပြောကြားခဲ့ပြီး၊ လုံလောက်သည့် သက်သေအထောက်အထားရှိပါက ကျူးလွန်သူများကို အရေးယူမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို မကြာမီက ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကော်မရှင်သည် သီးခြားလွတ်လပ်မှု၊ ဘက်မလိုက်မှုနှင့် တိကျမှန်ကန်မှု မူဝါဒများပေါ်တွင် ယင်း၏လုပ်ငန်းများကို ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ယင်းကော်မရှင်အနေဖြင့် အစီရင်ခံစာကို တစ်နှစ်အတွင်း တင်သွင်းရမည်ဖြစ်ကြောင်း၊ အမှန်အားဖြင့် အင်းဒင်ဖြစ်စဉ် ပေါ်ပေါက်ခဲ့မှုတွင်လည်း လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းများကို ဖောက်ဖျက်လျက်ကျူးလွန်ခဲ့သည့် တပ်မတော်နှင့် ရဲဝန်ထမ်းများ အရပ်သားများကို ဥပဒေကြောင်းအရ အရေးယူထားပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

### ရခိုင်ပြည်နယ်အရေးဆုံးဖြတ်ချက်ကို မြန်မာအစိုးရက ပြတ်သားစွာပယ်ချ

အပြည်ပြည်ဆိုင်ရာပြစ်မှုဆိုင်ရာတရားရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် ချမှတ်ခဲ့သည့် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို မြန်မာအစိုးရက ပြတ်သားစွာပယ်ချခဲ့ကြောင်း၊ ရောမသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိသည့်အတွက် ယင်းတရားရုံးအနေနှင့် မြန်မာနိုင်ငံအပေါ် မည်သို့မျှ တရားစီရင်ပိုင်ခွင့်မရှိကြောင်း၊ ယင်းဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပုံ နည်းလမ်းတို့သည် အစဉ်အလာကျင့်ထုံးတစ်ရပ်ဖြစ်သွားနိုင်ပြီး၊ နိုင်ငံအားလုံး၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အတိအလင်းသတိပေးချက်တစ်ခုဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်တိုက်ဖျက်မှုများမှာ "လူမျိုးသုဉ်းသတ်ဖြတ်ရန် ရည်ရွယ်သည်"ဟု ကောက်ချက်ချသည့်အပေါ် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပြတ်သားစွာ ကန့်ကွက်ကြောင်း၊ ဥပဒေကြောင်းအရ အထောက်အထားမရှိသည့် သက်သေမပြနိုင်သည့် အခြေအနေများကို မူတည်၍ ကောက်ချက်ချထားခြင်းဖြစ်ကြောင်း၊ အခြားအပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို ထည့်သွင်းမစဉ်းစားဘဲ တာဝန်ခံမှုကိုသာ ရှေ့တန်းတင်နေခြင်းသည် အန္တရာယ်ရှိသည့် ကြိုးပမ်းမှုဖြစ်ပြီး၊ အရှုံးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ FFM နှင့် အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အစီရင်ခံစာများသည် ရခိုင်ပြည်နယ်၌ ငြိမ်းချမ်းရေး၊ သဟဇာတနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အထောက်အကူမဖြစ်စေပါကြောင်း ပြောကြားခဲ့သည်။

### ငြိမ်းချမ်းသည့်နည်းလမ်းကိုရွေးချယ်ခဲ့

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရေးတွင် "စိတ်ရှည်မှုသည် လမ်းကြောင်းသွေဖည်ရန် နည်းလမ်းရှာနေသူများအတွက်သာ အကူအညီပေးနိုင်လိမ့်မည်" ဟူသော မစ္စတာ မာဇူကီး ဒါရုစ်မန်၏ လွဲမှားစွာပြောကြားချက်ကို အမြဲတမ်းကိုယ်စားလှယ်က ထောက်ပြလျက်၊ ယင်းအချက်၏ ဆန့်ကျင်ဘက်သည်သာ မိမိတို့အတွက် မှန်ကန်ကြောင်း၊ ဒီမိုကရေစီကို တော်လှန်ရေးတစ်ရပ်ဖြင့် တည်ဆောက်နေခြင်း မဟုတ်ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် သဘောတူညီမှုရရှိရေးမှတစ်ဆင့် ငြိမ်းချမ်းသည့်နည်းလမ်းကို ရွေးချယ်ခဲ့ပြီး၊ ကြီးမားသည့် စိတ်ရှည်မှုနှင့် နိုင်ငံရေးအမြော်အမြင်ရှိမှု လိုအပ်ကြောင်း၊ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ကလည်း စိတ်ရှည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေး မြှင့်တင်ရန် အလေးထားပြောကြားခဲ့ရာ မိမိတို့အနေဖြင့် ၎င်း၏ ပြောကြားမှုကို အပြည့်အဝ သဘောတူညီကြောင်းနှင့် ယင်းသည် စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ကြောင်း စသည်ဖြင့် ရှင်းလင်းတုံ့ပြန်ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနား၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ ပထမအကြိမ် ပိဋကတ်သုံးပုံပူဇော်ပွဲ အောင်ပွဲနှင့် မဟာသံဃဒါနဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဒသမအကြိမ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနား၊ (၁၀၇) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ၊ ပထမအကြိမ် ပိဋကတ်သုံးပုံပူဇော်ပွဲ အောင်ပွဲနှင့် မဟာသံဃဒါန ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားများကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသည့် ဆရာတော် သံဃာတော်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ပဉ္စသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားတော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ (အပေါ်ပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အဖွဲ့သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသည့် ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိသာရ ဟောကြားတော်မူသည့် အဘိဓမ္မာအခါတော်နေ့ တရားတော်ကိုနာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မဟာသံဃဒါန ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော် ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဒေါ်ယကာ ဒါယိကာမများက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူကြပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြပြီး ညပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် 8th Xiangshan Forum သို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်အဖွဲ့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၄**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် “8th Xiangshan Forum” သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ငြိမ်းချမ်းနှင့်အဖွဲ့ဝင်များ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု သံတွဲခရိုင်ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများ ခွဲစိတ်ကုသနေမှု ကြည့်ရှုအားပေး

**စစ်တွေ အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် အောက်တိုဘာ ၂၃ ရက်ညနေပိုင်းတွင် သံတွဲခရိုင် ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများမှ နယ်လှည့်ကွင်းဆင်း အခမဲ့ဆေးကုသနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် သံတွဲမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်နှင့် ခွဲစိတ်ကုသမှုခံယူရန် ရောက်ရှိနေသည့် လူနာများအား တွေ့ဆုံအားပေးစကားပြောကြားပြီး အထူးကုဆရာဝန်ကြီးများ၏ ခွဲစိတ်ကုသနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။




သံတွဲမြို့ ပြည်သူ့ဆေးရုံကြီး၌ အထူးကု ဆရာဝန်ကြီးများက အောက်တိုဘာ ၂၄ ရက်အထိ လူနာ ၁၀၀ ကျော်ကို ခွဲစိတ်ကုသခဲ့ပြီး ပြင်ပလူနာ ၁၀၀၀ ကျော်ကိုလည်း ဆေးဝါးကုသပေးခဲ့သည်။

ကုသရေးအဖွဲ့တွင် ရန်ကုန်မြို့မှ သမားတော်ကြီးများ၊ ဌာနမှူးများ၊ ပါမောက္ခအထူးကု ဆရာဝန်များနှင့် စစ်တွေမြို့ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ စုစုပေါင်း ၆၀ တို့သည် နှလုံးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ အရိုးအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးနှောက်နှင့်အာရုံကြော၊ စိတ်ရောဂါနှင့် အရေပြားရောဂါများကို အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိသည်။

အဆိုပါဆေးဝါးကုသမှုကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၂၅ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်သူ့ဥယျာဉ်တွင် မြန်မာ့ယဉ်ကျေးမှုလက်ရာ အိုးပုတ် ၅၂ မျိုး ပြသရောင်းချ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရှေးမြန်မာမင်းများလက်ထက်မှ ယနေ့တိုင်ရွှံ့ဖြင့် ပြုလုပ်အသုံးပြုသော အိုးပုတ်များကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှိညစျေးတန်းတွင် အောက်တိုဘာ ၁၉ ရက်မှ ၂၈ ရက်ထိ မြန်မာ့အိုးပုတ် ၅၂ မျိုးကို ပထမဆုံးအကြိမ်အဖြစ် ပြသရောင်းချလျက်ရှိရာ အမျိုးသမီးများ၊ ကလေးများနှင့် နိုင်ငံခြားသားများ အထူးစိတ်ဝင်စားလျက် လူကြိုက်များသော ပစ္စည်းအဖြစ် စည်ကားလျက်ရှိကြောင်း သိရသည်။

“မြန်မာပြည်အထက်ပိုင်းမှာပြုလုပ်တဲ့ အိုးပုတ်အရုပ်ပေါင်း ၅၂ မျိုးကို ရန်ကုန်မြို့မှာ ပထမဆုံးအကြိမ် အောက်တိုဘာ ၁၉ ရက်က စပြီးပြသရောင်းချတာပါ။ အထိအခိုက်မခံတော့ အတော်လေးဂရုစိုက်ရတယ်။ အသစ်ထပ်ပြီးမှာဖို့လည်း မလွယ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းပုံကို ပြုလုပ်တဲ့ပညာရှင်ဆိုရင် မရှိတော့ပါဘူး။ ဒါကြောင့် အဲ့ဒီအရုပ်ကိုတော့ ပြသရုံသက်သက်ပါ။ မရောင်းပါဘူး။ ကြေးနဲ့လုပ်တာ မဟုတ်ပါဘူး။ ရွှံ့နဲ့ပဲပြုလုပ်ထားတာပါ။ လူမနိုင်တာ၊ အပျက်အစီးများတာကြောင့် ရောင်းတာကိုရပ်ထားတာဒီနေ့လပြည့်နေ့မှာ ပြန်ရောင်းပေးတာပါ။ မြန်မာ့ယဉ်ကျေးမှုလက်ရာတွေ တဖြည်းဖြည်းပျောက်ကွယ်လုနီးပါးဖြစ်လာတဲ့အတွက် မပျောက်ပျက်အောင်ဖော်ဆောင်ပြသရောင်းချတာပါ” ဟုအိုးပုတ် ၅၂ မျိုးကို ပြသရောင်းချသောစမ်းချောင်းဖုတောင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်အား ဖူးပြီးပါက အနောက်ဘက်မုခ်မှဆင်း၍ ပြည်သူ့ရင်ပြင်အရှေ့ဘက်ဝင်ပေါက်ဖြစ်သော MCV Shopping Center ဝင်ပေါက်မှ လွယ်ကူစွာဝင်ရောက်နိုင်သောကြောင့် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိပြီး လပြည့်နေ့ ရန်ကုန်မြို့နေ ပြည်သူများ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တွင် နိုင်ငံခြားသားများလည်း စိတ်ဝင်တစားဝယ်ယူကြည့်ရှုကြကြောင်း သိရသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**



## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် အောက်တိုဘာ ၂၄**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကွမ်းခြံကုန်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ပုသိမ်မြို့ တွင် ၂ ဒသမ ၇၂ လက်မ၊ ပြည်မြို့နှင့် လှိုင်ကော်မြို့တို့တွင် ၁ ဒသမ ၄၉ လက်မစီ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ကော့ကရိတ်မြို့တွင် ၁ ဒသမ ၁၀ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ကြိုဆိုပါသည် မြန်မာ့ရုပ်ရှင်

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

### ချွေးနှင့်သွေးနှင့် ရင်းသည့်မြေ

မြန်မာ့ရုပ်ရှင် 'ချွေးနှင့်သွေးနှင့် ရင်းသည့်မြေ'မှာ မင်းသားကြီးများဖြစ်ကြတဲ့ ကောလိပ်ဂျင်နေဝင်းနဲ့ မြတ်လေးတို့ ဦးဆောင်ပါဝင်ခဲ့ပါတယ်။ ဦးကျောက်လုံးကလည်း မြို့ခင်းသာ ဗိုလ်ကျောက်ခဲဆိုတဲ့ ဇာတ်ရုပ်နဲ့ ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့ပါတယ်။ နောက်ခံကာလက ၁၉၅၀ ပြည့်နှစ်များရဲ့ အလယ်ပိုင်းကာလတွေအပေါ် အခြေခံထားပါတယ်။

အဲဒီအချိန်က မြန်မာနိုင်ငံရဲ့အချို့နေရာဒေသတွေမှာ အစိုးရရဲ့အာဏာစက်ကောင်းစွာမသက်ရောက်နိုင်သေးတာမို့ နိုင်ငံရေးနောက်ခံအားကောင်းတဲ့ တရားမဝင်လက်နက်ကိုင်အုပ်စု အချို့တန်ခိုးထွားနေချိန်အခြေအနေကို ထင်ဟပ်ထားတာလည်းဖြစ်ပါတယ်။ လက်နက်ကိုင်ပြီး ဒေသခံလူထုအပေါ် ဗိုလ်ကျစိုးမိုး၊ နယ်စားပယ်စားတွေလို အနိုင်ကျင့်နေကြချိန်ဖြစ်ပါတယ်။ သူတို့ရဲ့ အင်အားနဲ့ ဒေသအနီး လက်နက်ကိုင်သူတွေကို တိုက်ခိုက်ပေးလို့ အာဏာရနိုင်ငံရေးသမားတွေကလည်း သဘောကျတယ်၊ အားပေးတယ်၊ အားလည်းကိုးတယ်၊ သူတို့က လူထုကိုကြောက်အောင်လုပ်နိုင်တာမို့ သူတို့ကိုကြောက်ကြရပါတယ်။ သူတို့နဲ့ အဆင်ပြေရင် သူတို့ကိုချဉ်းကပ်ရင် လုပ်ချင်တာလုပ်လို့ရတယ်။ လောင်းကစားတို့၊ အင်းလေလံတို့လို အလုပ်တွေအတွက် အခွင့်အရေးကောင်းကောင်းရကြပါတယ်။ သူတို့နဲ့ အဆင်မပြေရင် ကဏ္ဍာကောစလုပ်ရင်တော့ မနက်မိုးလင်းရင် မျက်နှာသစ်စရာမရှိတော့ဘူးမှတ်။ ဇက်ပြုတ်ပြီပေါ့။

၁၉၅၀ ပြည့်နှစ်များဆီက တကယ်လည်းရှိခဲ့ဖူးတဲ့ အခြေအနေကို မြို့ခင်းသာ ကျောက်ခဲဆိုတဲ့ ဇာတ်ရုပ်က ကောင်းကောင်းပြနိုင်ခဲ့ပါတယ်။ ဇာတ်ကားထဲမှာ ကောလိပ်ဂျင်နေဝင်းက စစ်မှုထမ်းဟောင်း၊ စစ်ပြန်ကြီး။ တပ်ကအနားယူပြီး မြို့ခင်းသာရွာမှာ တောင်ယာလုပ်ကိုင်နေသူဖြစ်တယ်။ သူ့ကို ကျောက်ခဲတို့လူစုက ဖြုံတယ်၊ မထိရဲကြဘူး။

မင်းသားမြတ်လေးကတော့ မြို့ကလာတဲ့ ကျောင်းဆရာ။ တောနေလူတန်းစားတွေ စာတတ်ရမယ်၊ ဒါမှ တိုးတက်မယ်၊ အမြင်ကျယ်မယ်၊ ဒါကြောင့် လူကြီးတွေရော၊ ကလေးတွေကိုပါ စာသင်ပေးတယ်။ စာသင်ပေးရင်း နိုင်ငံရေးဆိုတာကို သူတို့သိနိုင်လောက်တဲ့စကားလုံးတွေနဲ့ ပညာပေးတယ်။ နိုင်ငံရေးကို သိရမယ်၊ ပါဝင်ရမယ်၊ မတရားလုပ်မှုတွေကို ငုံ့မခံရဘူး။ မတရားတာတွေကို ဆန့်ကျင်ရမယ်ဆိုတာတွေ ပြောပြတယ်။

ဒီသတင်းတွေကိုကြားတော့ မြို့ခင်းသာ ကျောက်ခဲက ဘယ်နေလိမ့်မလဲ။ ကျောင်းဆရာ၊ ကျေးလက်ပြုပြင်ရေးသမားဆိုတဲ့ မြတ်လေးကို ဖမ်းတယ်၊ နှိပ်စက်တယ်၊ နယ်နှင်တယ်။ ဒီတော့ ကောလိပ်ဂျင်နေဝင်းက မြတ်လေးကို ကယ်တင်လိုက်တယ်။ အတူရှိနေချိန်မှာ မြတ်လေးက ကောလိပ်ဂျင်နေဝင်းဆီက သေနတ်ပစ်သင်တယ်။ မတရားအနိုင်ကျင့်သူတွေကို လက်နက်နဲ့သာ ရင်ဆိုင်ရမယ်လို့ သဘောပေါက်သွားတယ်။

အဲဒီရွာမှာ သတင်းထောက်တစ်ယောက်ရှိတယ်။ သူက ဗိုလ်ဗကို။ သူက ကျောက်ခဲတို့ရဲ့ မတရားလုပ်ရပ်တွေကို သတင်းပို့တတ်လို့ ဖမ်းပြီး ရိုက်နှက်တယ်။ ဒီတော့ မြတ်လေးက ကျောက်ခဲကို စိန်ခေါ်တယ်၊ သေနတ်ချင်းယှဉ်ပစ်ဖို့။ ပစ်ကြတဲ့အခါ ကျောက်ခဲ သေဆုံးသွားတယ်။

ကြည့်ကြတဲ့လူတွေ ရင်တမမနဲ့ပေါ့။ အဲဒီ လူတွေထဲမှာ ရွာရဲ့ကွမ်းတောင်ကိုင် ပျိုဖြူလေး မြင့်မြင့်ခင်က အဓိကပေါ့။ ကွမ်းတောင်ကိုင်မလေးက ကျောင်းဆရာလူစွမ်းကောင်းကြီးကို ချစ်တုံ့ပြန်လိုက်တယ်။ တကယ်က ကောလိပ်ဂျင်ကြီးကလည်း ကွမ်းတောင်ကိုင်မလေးကို တစ်ဖက်သတ်ချစ်နေတာ။ မြတ်လေးက သူဟာ လူတစ်ယောက်ကိုသတ်မိပြီ။ သူ့လက်တွေ သွေးစွန်းခဲ့ပြီဆိုပြီး ဝမ်းနည်းတယ်။ မြေယာကော်မတီရွေးပွဲကို ဝင်မပြိုင်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

တကယ်က သေနတ်ချင်းယှဉ်ပစ်နေချိန်မှာ ကောလိပ်ဂျင်ကြီးက မှောင်ရိပ်ထဲကနေပစ်လိုက်လို့ ကျောက်ခဲကို ထိမှန်သွားတာ။ မဟုတ်ရင် ကျောင်းဆရာသေမှာလို့ ပြောတော့မှ ကျောင်းဆရာလည်း ဝင်ပြိုင်တော့တယ်။ နောက်ဆုံးတော့ ကျောင်းဆရာလည်း အဆင့်ဆင့်အောင်မြင်သွား၊ ချစ်သူနဲ့လည်းလက်ဆက်ရ။ ကောလိပ်ဂျင်ကြီးလည်း အသည်းကွဲ၊ ရွာကထွက်ခွာ၊ ဆွေးစရာသီချင်းလေးနဲ့ဇာတ်သိမ်း။ အနုပညာရဲ့ဖမ်းစားမှုကြောင့် အခုတိုင် မျက်စိထဲမြင်နေမိသေးလို့ ဆိုရပါမယ်။

ဒီဇာတ်ကားရဲ့ မူရင်းက ၁၉၆၂ ခုနှစ်က ဟောလီးဝုဒ်ရုပ်ရှင်ဖြစ်တဲ့ The Man Who Shot Liberty Valance ဖြစ်ကြောင်း သိရပါတယ်။ ဒါရိုက်တာ John Ford ဖြစ်ပြီး ဇာတ်ဆောင်များက James Steward, John Wayne, Vear Miles နဲ့ Lee Marvin စတဲ့ နာမည်ကြီးသရုပ်ဆောင်တွေ ပါဝင်ထားပါတယ်။ Dorothy M.Johnson ရေးထားတဲ့ ၁၉၅၃ ခုနှစ်က ဝတ္ထုအပေါ် မှီငြမ်းရိုက်ကူးထားကြောင်း သိရပါတယ်။

### တိမ်လွှာမှိုမှိုလွင်

ဝင်းဦး၊ မြင့်မြင့်ခင်၊ အောင်လွင်တို့ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ တိမ်လွှာမှိုမှိုလွင် ဇာတ်ကားကြီးဆိုရင် ကျွန်တော်တို့ငယ်စဉ်ကတည်းကကြည့်ပြီး အခုတိုင် မမေ့နိုင်အောင် စွဲလမ်းနေခဲ့ရတာဖြစ်ပါတယ်။ ရေကြောင်းအရာရှိကလေးအဖြစ် သရုပ်ဆောင်တဲ့ မင်းသားဝင်းဦးဆိုရင် သူ့သရုပ်ဆောင်ရာမှာ ပရိသတ်ရင်ထဲရောက်အောင် ပို့ပေးနိုင်တဲ့သူဖြစ်ပါတယ်။

ဒီဇာတ်ကားဟာလည်း အမေရိကန်ရုပ်ရှင် Moment to Moment ကို မှီငြမ်းထားတာဖြစ်ကြောင်း သိရပေမယ့် မြန်မာ့ရုပ်ရှင်အနုပညာရှင်များရဲ့ပြောင်မြောက်လှတဲ့ စွမ်းဆောင်မှုများကြောင့် မူရင်းရုပ်ရှင်ထက်တောင် ကြိုက်နှစ်သက်မိပါတယ်။ ဒါရိုက်တာ Mervyn LeRoy ရိုက်ကူးပြီး သရုပ်ဆောင် Jean Sebarg, Honor Blackman, Arthur Hill, Sean Garrison တို့ ပါဝင်ထားကြပါတယ်။ သို့သော် မြန်မာမှုပြုခဲ့ရာမှာ တော်တော်အောင်မြင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

### ပုလဲမျက်ရည်

မူရင်းရေးသားသူ ဆရာမိုးသူမြင့်ရဲ့ ပုလဲမျက်ရည် ရုပ်ရှင်ဇာတ်ကားဟာ မြန်မာ့ရုပ်ရှင်သမိုင်းမှာ ထင်ရှားတဲ့ တစ်ထောင့်တစ်နေရာကအပါအဝင်ဖြစ်တဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်တယ်ဆိုတာ ကြည့်ဖူးတဲ့သူတိုင်း၊ သိမီတဲ့သူတိုင်းက တညီတညွတ်တည်းဆုံးဖြတ်ခံရတဲ့ ဂန္ထဝင်မြောက်ရုပ်ရှင်ကားဖြစ်ပါတယ်။ ဘယ်လို နိုင်ငံခြားဇာတ်ကားနဲ့ယှဉ်ယှဉ် ဆံခြည်တစ်မျှင်လောက်တောင် မနိမ့်ကျအောင် ပခုံးချင်းယှဉ်နိုင်တဲ့ဇာတ်ကားလည်းဖြစ်ပါတယ်။ အဖြူအမည်းခေတ်ပေမယ့် တီထွင်ဆန်းသစ်မှုတွေနဲ့ရိုက်ကူးပြီး သရုပ်တူလုပ်ဆောင်ချက်တွေမှာလည်း သဘာဝနဲ့ တစ်သားတည်းကျအောင် အပင်ပန်းခံရိုက်ကူးခဲ့တဲ့ ဇာတ်ကားအဖြစ် သမိုင်းမှတ်တမ်းကျန်ခဲ့တဲ့ ရှားရှားပါးပါး မြင်ကွင်းကျယ်ရုပ်ရှင်ဇာတ်ကားလည်းဖြစ်ပါတယ်။

ဇာတ်ကားရဲ့ရည်ရွယ်ချက်ကလည်း တိုင်းတစ်ပါးသား တရုတ်ဖြူတွေရဲ့ ကျူးကျော်စစ်ကို ခုခံကာကွယ်ရတဲ့ မြန်မာ့တပ်မတော်သားတွေရဲ့ စွန့်လွှတ်စွန့်စား အနစ်နာခံမှုကို ဖော်ကျူးထားတာဖြစ်တဲ့အတွက် မွန်မြတ်ခြင်းမက မွန်မြတ်လှတဲ့ ရည်ရွယ်ချက်ဖြစ်တယ်လို့လည်း ပြောရမှာဖြစ်ပါတယ်။

အဲဒီဇာတ်ကားကို ကြည့်ဖူးလိုက်ပြီးကတည်းက ဇာတ်ဝင်ခန်းတိုင်း၊ ဇာတ်ကွက်တိုင်း၊ သရုပ်ဆောင်ချက်တိုင်းကို အစီအစဉ်တကျမဟုတ်တဲ့တိုင် တစ်ကွက်ချင်း တစ်ကွက်ချင်းတော့ မှတ်မိပြီး ပြန်လွမ်းနေရဆဲဖြစ်တာလည်း သေချာပါတယ်။ နိုင်ငံခြားစစ်ကားတွေ ခေတ်စားတဲ့အချိန်မှာ ပုလဲမျက်ရည်က စစ်ကားတစ်ကားထက်သာလွန်တဲ့ရသကို ပေးနိုင်ခဲ့ပါတယ်။

### ယနေ့မြန်မာ့ရုပ်ရှင်


ဒီဇာတ်ကားတွေဟာ ၁၉၆၀-၁၉၇၀ ပြည့်နှစ်များက မြန်မာ့ရုပ်ရှင်အဆင့် ဘယ်လိုအခြေအနေရှိခဲ့တယ်ဆိုတာ ပြသနေသလိုဖြစ်ပါတယ်။ အခြားများလှစွာသော ဇာတ်ကားကောင်းများစွာကိုလည်း တွေ့နိုင်ပါသေးတယ်။ ယနေ့ မီဒီယာတွေ၊ အထူးသဖြင့် ဖျော်ဖြေရေးအများစုဟာ ခေတ်နှင့်အညီဖြစ်တည်လာတဲ့ ပျော်ရွှင်မှုကြိုက်လူ့အဖွဲ့အစည်း (Fun society)ရဲ့ အကြိုက်ကို လိုက်နေကြတာကို တွေ့ရပါတယ်။ ခပ်ပေါ့ပေါ့ ဖျော်ဖြေရေးတို့မှာ လိုက်ပါစီးမျောနေတယ်လို့ ထင်ပါတယ်။ ခေတ်ရဲ့တောင်းဆိုမှုဖြစ်တဲ့ ဈေးကွက်ကို လိုက်လျောကြရပြီး အဲဒီအခါ အများစုတို့ဟာ လွယ်လေ၊ မြန်လေ၊ ကောင်းလေဖြစ်လာတယ်လို့ ထင်မိပါတယ်။

ဒါကြောင့်လည်း အဓိကကျတဲ့ ရုပ်ရှင်အခြေအနေဟာ ယနေ့တွေ့နေရတဲ့ အားရစရာမကောင်းတဲ့အခြေအနေ ရောက်နေတယ်လို့ ထင်ပါတယ်။ စာရေးသူဟာ ရုပ်ရှင်ကိုချစ်မြတ်နိုးသူ၊ ရုပ်ရှင်ကြည့်ပရိသတ်သက်သက်မျှသာ ဖြစ်ပါတယ်။ သို့သော် နဂိုက ဂုဏ်ယူစရာတင့်တယ်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်အခြေအနေကိုတော့ ပြန်ရောက်စေချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့အခြေအနေတွေကို လေ့လာကြရာမှာ ရုပ်ရှင်လောကရဲ့အခြေအနေကလည်း အရေးပါတဲ့နေရာမှာ ရှိလိမ့်မယ်လို့ ထင်ပါတယ်။

မကြာမီက ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆိုင်ရာဆွေးနွေးပွဲ (Panel Discussion on Making Good movie; Pre-Production)ကို ကျင်းပကြောင်းတွေ့ရလို့ အထူးဝမ်းမြောက်ဝမ်းသာဖြစ်မိသလို ကြိုလည်း ကြိုဆိုမိပါတယ်။

မြန်မာ့ရုပ်ရှင်လောက တိုးတက်အောင်မြင်ပါစေလို့ ဆုတောင်းရင်း ရုပ်ရှင်လောကသားများအပါအဝင် နိုင်ငံသားများအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ကြပါစေကြောင်းပါ ခင်ဗျာ။ ။




တိမ်လွှာမှိုမှိုလွင်ဇာတ်ကား၏ မူရင်းရုပ်ရှင် Moment to Moment ကြော်ငြာ

**"ဝင်းဦး၊ မြင့်မြင့်ခင်၊ အောင်လွင်တို့ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ တိမ်လွှာမှိုမှိုလွင် ဇာတ်ကားကြီးဆိုရင် ကျွန်တော်တို့ငယ်စဉ်ကတည်းကကြည့်ပြီး အခုတိုင်မမေ့နိုင်အောင် စွဲလမ်းနေခဲ့ရတာဖြစ်ပါတယ်။ ရေကြောင်းအရာရှိကလေးအဖြစ် သရုပ်ဆောင်တဲ့ မင်းသားဝင်းဦးဆိုရင် သူ့သရုပ်ဆောင်ရာမှာ ပရိသတ်ရင်ထဲရောက်အောင် ပို့ပေးနိုင်တဲ့သူဖြစ်ပါတယ်။ ဒီဇာတ်ကားဟာလည်း အမေရိကန်ရုပ်ရှင် Moment to Moment ကို မှီငြမ်းထားတာဖြစ်ကြောင်းသိရပေမယ့် မြန်မာ့ရုပ်ရှင်အနုပညာရှင်များရဲ့ ပြောင်မြောက်လှတဲ့ စွမ်းဆောင်မှုများကြောင့် မူရင်းရုပ်ရှင်ထက်တောင် ကြိုက်နှစ်သက်မိပါတယ်"**

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

■ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွေးနွေးညှိနှိုင်းပြီး တစ်ဆင့်ပြီးတစ်ဆင့် ပြင်ဆင်နိုင်မှသာလျှင် အသွင်ကူးပြောင်းရေးကို အာမခံနိုင်မည်ဖြစ်ပါသည်။ အလားတူ တိုင်းရင်းသားလူမျိုးစုများအကြားတွင်လည်း လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုတို့ကို တည်ဆောက်နိုင်မှသာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# မန္တလေးမြို့တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ မြို့လုံးအနှံ့ ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကား





မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးအား လာရောက်ဖူးမြော်ကြသူများကို တွေ့ရစဉ်။

**မန္တလေး အောက်တိုဘာ ၂၄**

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် ခုနစ်လမြောက်ပွဲတော်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့သည် ဘုရားရှင်အဘိဓမ္မာတရားဟောကြားရာ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူသူများ၊ သီလခံယူဆောက်တည်ကာ ကုသိုလ်ကောင်းမှုပြုသူများဖြင့် မြို့လုံးအနှံ့ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

### နေ့ထူးနေ့မြတ်

အဆိုပါ သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးပြည်သူများသည် နေ့ထူးနေ့မြတ် အခါသမယတွင် မြို့တွင်းရှိ တန်ခိုးကြီးဘုရားများနှင့် ကျောက်စိမ်းစေတီ၊ စွယ်တော်ဘုရားများသို့ လှည့်လည်သွားရောက်၍ ကုသိုလ်ပြုဆုတောင်းသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် အနားယူအပန်းဖြေကြသူများနှင့် စည်ကားလျက်ရှိသည်။

မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီး မဟာမုနိဘုရားတွင် ယနေ့ နံနက် ၄ နာရီ၌ မဟာမုနိဘုရားကြီး ဒုတိယရေတော်ဆရာတော် ဘဒ္ဒန္တဝဏ္ဏ သာရအမှူး ပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မဟာမုနိဘုရားအား မျက်နှာသစ်တော်မှုပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ သစ်သီးဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြသည်။

အလားတူ ဗုဒ္ဓဘာသာဝင် သူတော်စင်ရဟန်းရှင်လူ ပြည်သူများ၊ ဘုရားဖူးလာသူများကလည်း မဟာမုနိဘုရားအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်းနှင့် ဝတ်အသင်းအဖွဲ့များ၊ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များက ဓမ္မစကြာပရိတ်တရားတော် ဝတ်ရွတ်စဉ်များ အလှည့်ကျရွတ်ဖတ်ပူဇော်ခြင်း၊ ဖယောင်း၊ ဆီမီးပူဇော်ခြင်း စသည့်ဒါန ကုသိုလ်ပြုကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

### ကုသိုလ်ပြုကြ

ထို့ပြင် ဘုရားဂေါပကအဖွဲ့ကကြီးမှူး၍ မန္တလေးတောင် ဆုတောင်းပြည့်မြတ်စွာဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းပြည့်ဆုတောင်းရဘုရား၊ အောင်တော်မူဘုရား၊ ဘုရားနီဘုရား အစရှိသည့်ဘုရားပုထိုးစေတီတို့တွင် ဘုရားဖူးလာပြည်သူများသည် နံနက်အရုဏ်တက်ချိန်မှစ၍ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) ကျင်းပကြပြီး ညပိုင်းတွင် ဘုရား စေတီတို့၌ ရောင်စုံလျှပ်စစ်မီးများနှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြကာ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာကျွေးမွေးကုသိုလ်ပြုကြသည်ကို စည်ကားစွာတွေ့ရှိရသည်။

မြို့တွင်းရပ်ကွက်များရှိ ဓမ္မာရုံများတွင်လည်း သီလခံယူဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများအပြင် ရပ်ကွက်လမ်းများပေါ်တွင် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်း လောင်းလှူကြသူများကိုလည်း ကြည်ညိုသဒ္ဓါပွားများစွာ တွေ့မြင်ကြရသည်။

ထို့နောက် သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် မဟာမုနိ၊ ကျောက်တော်ကြီးနှင့် မန္တလေးတောင်တော် ဘုရားများတွင် ဆီမီးတစ်သောင်း ဆက်ကပ်ပူဇော်ပွဲများနှင့် အခြားမြို့နယ်၊ ရပ်ကွက်များရှိ စေတီပုထိုးများတွင် ဆီမီးထွန်းညှိပူဇော်ပွဲများ ကျင်းပကာ ရိုးရာယဉ်ကျေးမှု ဓလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်ခဲ့ကြသည့်အပြင် မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီး၊ စန္ဒာမုနိနှင့် ကုသိုလ်တော်ဘုရားသုံးဆူ၏ အကြိမ် (၁၃၀) မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကိုလည်း သီတင်းကျွတ်ပွဲတော်နှင့်အပြိုင် ကျင်းပလျက်ရှိကြောင်း သိရသည်။

စန္ဒာမုနိဘုရားနှင့် ကုသိုလ်တော်ဘုရားပွဲတော် အထိမ်းအမှတ် ဒုတိယအကြိမ်မြောက် ဘုရားဂေါပက အဖွဲ့ဥက္ကဋ္ဌဖလား အဆင့်မြင့် ဖိတ်ခေါ်အမျိုးသားဘော်လီဘောပြိုင်ပွဲ ထည့်သွင်းကျင်းပလျက်ရှိရာ ဘုရားပွဲတော်လာ ဘော်လီဘောဝါသနာရှင်ပြည်သူများကလည်း အထူးနှစ်ခြိုက်စွာ ကြိတ်ကြိတ်တိုးအားပေးလျက်ရှိသည်ကို တွေ့ရသည်။

### စည်ကားစွာကျင်းပ

အလားတူ မန္တလေးမြို့လမ်း ၆၀ နှင့် ၂၈ လမ်းထောင့်ရှိ ဆုံဆည်းရာ အရုဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်းတို့မှ ကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲ ကျင်းပကာ ညပိုင်းတွင် သက်တော်ထင်ရှားဘုရားရှင်အားရည်မှန်း၍ မန္တလေးမြို့ရှိ စွယ်တော်မြတ်စေတီတော်၊ မဟာမုနိဘုရားကြီး၊ စေတီဘုရားပုထိုးအပါအဝင် ကျောင်းကန်ဓမ္မာရုံများတွင် ဆီမီးများ ပူဇော်၍ ကုသိုလ်ပြုကြသူများ၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများ၊ သံဃာတော်များ၏ ပဝါရဏာပွဲတော်များအပြင် မိဘ ဆရာဂုဏ်ကြီးမားသူများအား ပူဇော်ကန်တော့ပွဲများကို အစဉ်အလာမပျက် ကျင်းပလျက်ရှိကြပြီး အဆောက်အအုံများ၊ အိမ်ရာရုံးများ၊ မြို့တော်စည်ပင်ရုံး၊ ဘူတာရုံ၊ ဈေးဝယ်စင်တာများ၊ ရပ်ကွက်များ၊ လမ်းများတွင်လည်း ဖယောင်းဆီမီးများ၊ အလှဆင် မီးရောင်ပြေးမီးရောင်စုံတို့ဖြင့် ထွန်းညှိကာ ရပ်ကွက်များ၊ လမ်းများ၌ နိဗ္ဗာန်ဈေးများ စည်ကားစွာ ကျင်းပလျက်ရှိသည်။

### ဆီမီးကိုးထောင်ပူဇော်

ထို့အပြင် မန္တလေး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူး ကျေးရွာအနီးရှိ ကမ္ဘာ့ပထမဦးဆုံး ဝေရောစနကျောက်စိမ်းစေတီတော်ကြီး **(ဝဲပုံ)** တွင် စတုတ္ထအကြိမ်မြောက် ဆီမီးကိုးထောင် ပူဇော်ပွဲနှင့် ဝတ်ရွတ်ပူဇော်ပွဲကို ကျင်းပရာစေတီပတ်ဝန်းကျင် ၁၉ ရွာဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး ဆီမီးများထွန်းညှိပူဇော်ကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက် ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းဆက်ကပ်၍ ဆီမီးထွန်းညှိပူဇော်ခဲ့ကြောင်းနှင့် ကျောက်စိမ်းဘုရားနှင့် ကျောက်စိမ်းလိုဏ်ဂူတော်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလှသည်ကို တွေ့ရသည်။

**သတင်းနှင့်ဓာတ်ပုံ- မင်းထက်အောင်၊ တင်မောင် (မန်းကိုယ်ပွား)**



# ၂၀၁၈ လူငယ်အိုလံပစ်ပြိုင်ပွဲ၌ မြန်မာမြားပစ်အားကစားမယ် ပြည့်စုံနှင်း အဆင့် (၆) ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

အာဂျင်တီးနားနိုင်ငံ၌ ကျင်းပခဲ့သည့် (၃) ကြိမ်မြောက် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲတွင် အဆင့် (၆) နေရာရခဲ့သည့် မြန်မာမြားပစ်အားကစားမယ် ပြည့်စုံနှင်းသည် အောက်တိုဘာ ၂၃ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်) နှင့် တာဝန်ရှိသူများ၊ အား/ကာသိပ္ပံ (ရန်ကုန်) မှ ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ပြည့်စုံနှင်းသည် မြားပစ်ပြိုင်ပွဲ၏ Recurve ပြိုင်ပွဲအမျိုးအစားတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အထိ တက်ရောက်ခဲ့သည်။

ပြည့်စုံနှင်းသည် ပထမအဆင့်တွင် အီဂျစ်ကစားသမားကို (၆ - ၅) မှတ်၊ ၁၆ဦး ရှုံးထွက်အဆင့်တွင် ရုရှားကစားသမားကို (၆ - ၅) မှတ်ဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်တွင် ရှုံးတံဆိပ်ရသွားသည့် တရုတ်ကစား သမားကို (၆ - ၀) မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

တစ်ဦးချင်းပစ်ခတ်ခဲ့သည့် ရမှတ်များအပေါ် ပြန်လည်တွက်ချက်သည့် အဆင့်သတ်မှတ်ချက်တွင် ပြည့်စုံနှင်းသည် အဆင့် (၆) နေရာရခဲ့ပြီး ၎င်း၏အပေါ်တွင် တရုတ်က အဆင့် (၁)၊ စပိန်က အဆင့် (၂)၊ တောင်ကိုရီးယားက အဆင့် (၃)၊ မက္ကဆီကိုက အဆင့် (၄)၊ အမေရိကန်က အဆင့် (၅)ဖြင့် ရပ်တည်ခဲ့သည်။

အမျိုးသမီး Recurve ပြိုင်ပွဲတွင် ကစားသမား ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တရုတ်တိုင်ပေ၊ မြောက်ကိုရီးယား၊ အိန္ဒိယ၊ ဘရာဇီး၊ ဆွီဒင်၊ ရုရှား၊ နယူးဇီလန် စသည့်နိုင်ငံများ၏ အပေါ်တွင် ရပ်တည်နိုင်ခဲ့သည်။ ပြည့်စုံနှင်းသည် Mix Team ပြိုင်ပွဲတွင် တူရကီကစားသမားနှင့်တွဲ၍ ယှဉ်ပြိုင်ခဲ့ပြီး (၁၆) ဦး ရှုံးထွက်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း**




ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရှေးဟောင်းသမိုင်းဝင်ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ မျိုးလှိုင် (တွံတေး)

## စစ်တွေမြို့၌ ဆွမ်းတော်ကြီးလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၄**

စစ်တွေမြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲ (ဗုဒ္ဓပူဇနိယ) ဘာသာရေးပွဲတော်ကို စစ်တွေမြို့ ဝက်ပါကွင်းကြီး၌ သီတင်းကျွတ်လပြည့်နေ့ ယနေ့ နံနက် ၉ နာရီက ပင့်သံဃာတော်အပါး ၅၅၀ အား ဆွမ်း၊ ငါးဟင်းထုပ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စေတနာရှင်၊ အလှူရှင်များက လောင်းလှူကြသည်။

အဆိုပါ မြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲသို့ ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ ပါဝင်လှူဒါန်းကြသည်။

အလားတူ ညနေပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ ကပ်လှူပူဇော်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

## ဇလွန်မြို့မာရ်အောင်မြင်(ပြည်တော်ပြန်) ရုပ်ရှင်တော်မြတ်ကြီးတွင် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀ ကပ်လှူပူဇော်ပွဲကျင်းပ

**ပုသိမ် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်ဇနီး ဒေါ်ခင်နှင်းညိုတို့သည် ယမန်နေ့က တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဇလွန်မြို့မာရ်အောင်မြင် (ပြည်တော်ပြန်) ရုပ်ရှင်တော်မြတ်ကြီးအား (၂၈)ကြိမ်မြောက် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀ ကပ်လှူပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မာရ်အောင်မြင်(ပြည်တော်ပြန်) ရုပ်ရှင်တော်မြတ်ကြီးအား ဆီမီး၊ ပန်း၊ ရေချမ်းတော်များနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟင်္သာတမြို့နယ် နတ်မော်ကျေးရွာ၌ တည်ထားကိုးကွယ်တော်မူသော တိလောကဥသျှောင် ရှင်သာလျောင်းရုပ်ပွားတော်မြတ်ကြီးအား (၂၄)ကြိမ်မြောက် ဆီမီး ၈၄၀၀၀ ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိလောကဥသျှောင် ရှင်သာလျောင်း ရုပ်ပွားတော်မြတ်ကြီးအား ပူဇော်ရန်အတွက် ဗဟိုဆီမီးတိုင်ကို စက်ခလုတ်နှိပ်ထွန်းညှိပူဇော်ပြီး နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



မုံရွာမြို့ သာစည်နယ် မဟာစေတီလှဘုရားကြီး ဝါကျွတ်မီးထွန်းပွဲတော်တွင် သာစည်နယ်ပိုင် ၆၄ ရွာရှိ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသီးအနှံမျိုးစုံကို ဘုရားကြီးသို့ ကပ်လှူပူဇော်ထားသည်ကို တွေ့ရစဉ်။ ဝင်းဦး(ဇေယျာတိုင်း)



စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်၌ ယနေ့ညပိုင်းက ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲအခမ်းအနားကို တွေ့ရစဉ်။ ကိုမင်း(အင်းတော်)

## နေပြည်တော်မိသားစုပရဟိတအဖွဲ့မှ ဆီမီးသုံးထောင် ပန်းသုံးထောင် ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း၊ ပရဟိတစိတ်ပါဝင်စားသူများနှင့် ဖွဲ့စည်းထားသည့် "နေပြည်တော်မိသားစုပရဟိတအဖွဲ့" Social Network အဖွဲ့မှ ကြီးမှူးပြုလုပ်သည့် သီတင်းကျွတ်လပြည့်နေ့ အကြိုကုသိုလ်တော်အဖြစ် (ပထမအကြိမ်) ဆီမီးသုံးထောင်၊ ပန်းသုံးထောင် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းနှင့်နိဗ္ဗာန်ဈေးပွဲတော် စတုဒိသာ ကျွေးမွေးခြင်းကုသိုလ်ကို ယမန်နေ့က ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့် မြတ်လေးလမ်းထောင့်ရှိ စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာအတွင်း၌ တည်ထားကိုးကွယ်သည့် သံသရာငြိမ်းအေးစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဆီမီး၊ ပန်းဆက်ကပ်လှူဒါန်းခြင်းနှင့် စတုဒိသာကျွေးမွေးရာသို့ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများ၊ ဘိုးဘွားရိပ်သာ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ နေပြည်တော်မိသားစုပရဟိတအဖွဲ့ Social Network အဖွဲ့ဥက္ကဋ္ဌ ဦးနေထိုက်နှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀၀ ခန့်က ဆီမီး၊ ပန်း ဆက်ကပ်လှူဒါန်းကြပြီ စေတီတော်ဖူးမြော်ခြင်း နိဗ္ဗာန်ဈေးခင်းကျင်းကျွေးမွေးမှုအား တပျော်တပါး ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကျိုက္ခမီရေလယ်ဘုရားတွင် ဆွမ်းအိုးမျှောသူများဖြင့် စည်ကား

**သံဖြူဇရပ် အောက်တိုဘာ ၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ရေလယ်ဆံတော်ရှင်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်မှစတင်ကာ ခြောက်ရက်တိုင်တိုင်ကျင်းပရာ သီတင်းကျွတ်လပြည့်နေ့ နံနက် ၂နာရီမှစ၍ ရေလယ်ဘုရားကြီးမှ ပင်လယ်ပြင်အတွင်းသို့ ဆွမ်းအိုးမျှောပူဇော်ခြင်းကို ကျင်းပရာ ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများ အများအပြားလာရောက်၍ ဆွမ်းအိုးမျှောကြကြောင်း သိရသည်။ **(ယာပုံ)**

ပင်လယ်ပြင်အတွင်းသို့ ဆွမ်းအိုးမျှောခြင်းအလေ့အထမှာ ရှင်ဥပဂုတ္တမထေရ်မြတ်သည် ပင်လယ်ပြင်အတွင်း၌ ကြေးပြာသာဒ်ဆောင်ဖြင့် သီတင်းသုံးနေတော်မူခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များမှ သပိတ်၊ မြေအိုး၊ လှေငယ်များအတွင်း ပေါက်ပေါက်၊ မုန့်၊ အသီးအနှံများထည့်ကာ ဆီမီးတိုင်များထွန်းညှိပြီး ပင်လယ်ရေစီးကြောင်းဖြင့် မျှော၍ မထေရ်မြတ်အား ပူဇော်ခြင်းဖြစ်ပြီး အချို့သောသူများမှာ ဖောင်ဖွဲ့၍ ပြာသာဒ်ကျောင်းဆောင်များ ပြင်ဆင်ကာပူဇော်ခြင်းအလေ့အထရှိကြောင်း၊ ပင်လယ်အတွင်းသွားလာနေသည့် လှေများအနီးနှင့် လူနေဆိပ်ကမ်းဆီသို့ ဆိုက်ရောက်သွားသည့် ရှင်ဥပဂုတ္တဖောင်တော်၊ ဆွမ်းအိုးတို့မှ စားစရာများကို ယူငင်သုံးဆောင်နိုင်ကြပြီး အချို့သောဒေသများတွင် ဆိုက်ကပ်လာသည့် ဖောင်တော်ကို ခိုင်ခံ့အောင် ပြန်လည်မွမ်းမံ၍ ထပ်မံအပူဇော်ခံကာ ပင်လယ်ပြင်သို့ ပြန်လည်မျှောသည့် အလေ့အထရှိကြောင်း သိရသည်။

**ကျော်ဝင်း(သံဖြူဇရပ်)**





ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ရွှေတိဂုံစေတီ၌ ယနေ့ နံနက်ပိုင်းက ဓမ္မစကူးလ်ကျောင်းတော် (အထက)တာချီလိတ်၏ ဆင္ဒမအကြိမ်မြောက် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။ ဖြိုးလေး(တာချီလိတ်)



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၃)ကြိမ်မြောက် နေ့ညအသံမစဲ အဘိဓမ္မာ (၇) ကျမ်းတော်မြတ် ရွက်ဖတ်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)က ဘုရားကြီး၏ မင်းဓမ္မကုန်းတော် ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးအတွင်း၌ ကျင်းပစဉ်။ မြင့်ဦး(အင်းစိန်)

# သထုံမြို့၌ ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာပူဇော်ပွဲ ကျင်းပ

**သထုံ အောက်တိုဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံမှ ဝါဆိုသံဃာတော်များ သံဃပဝါရဏာပြု အဆုံးအမခံယူခြင်းနှင့် စေတနာရှင်ပြည်သူများက လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်းတို့ကို ယနေ့ (သီတင်းကျွတ်လပြည့်နေ့) မွန်းတည့် ၁၂ နာရီက ရွှေစာရံစေတီတော်အနီးရှိ သထုံမြို့၏ သမိုင်းဝင် ကလျာဏီသိမ်တော်ကြီးတွင် ကျင်းပခဲ့သည်။

သံဃပဝါရဏာပြုပွဲတွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၀၀ ကျော်တို့မှ သံဃာတော် ၈၀၀ ကျော်တို့က ဝါစဉ်အလိုက် အဆင့်ဆင့် အဆုံးအမခံယူကြပြီး သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်၊ ဆီ၊ ဆေး၊ စသည့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များအား စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။



**သက်ဦး(သထုံ)**

# မိုးနဲမြို့၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မိုးနဲ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့၌ (သီတင်းကျွတ်လပြည့်နေ့) အဘိဓမ္မာအခါတော်နေ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ သဒ္ဒါတရားထက်သန်စွာဖြင့် လောင်းလှူသည့် သံဃဒါန ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့ နံနက်က နမ့်စန်-မိုးနဲ-လင်းခေး ပြည်ထောင်စုလမ်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလှူဒါန်းခဲ့သည်။

**ဆက်ကပ်လောင်းလှူ**

ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ မိုးနဲမြို့ ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်၊ ရှင်သာမဏေများ၊ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်၊ ရှင်သာမဏေ အပါး ၃၅၀ ကျော် ကြွရောက်အလှူခံတော်မူပြီး ဌာနဆိုင်ရာ၊ မြို့မိ မြို့ဖ စေတနာရှင်များ၊ မြို့ပေါ်နေပြည်သူများက ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသည့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ စသည့် သံဃာအသုံးအဆောင်ပစ္စည်းများကို ဆက်ကပ်လောင်းလှူခဲ့ကြသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မကွေးမြသလွန်ဘုရားပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကား

**မကွေး အောက်တိုဘာ ၂၄**

သီတင်းကျွတ်လပြည့်နေ့၌ မကွေးမြို့၏ အထင်ကရ သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး (၂၅၈၂)ကြိမ်မြောက် ဘုရားပွဲတော်ကြီးတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားပွဲတော်လာ ပြည်သူများဖြင့် စည်ကားလျက် ရှိသည်။

ဘုရားပွဲတော်ကြီးကို သီတင်းကျွတ်လဆန်း ၁၀ ရက်က စတင်ဖွင့်လှစ်ပြီး သီတင်းကျွတ်လပြည့်နေ့၌ သစ်သီး ၉၀၀၀၊ ပန်း ၉၀၀၀၊ ဆီမီး ၉၀၀၀ စုပေါင်းလှူဒါန်းကြသဖြင့် ဖူးမြော်ရန် လာရောက်ကြသည်ဟု သိရသည်။

ထို့အပြင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးမြို့ပေါ်ရှိ ကျောင်းတိုက် ၉၄ တိုက်မှ သံဃာအပါး ၂၀၀၀ ကျော်တို့အား ဆွမ်းဆန်များ၊ လှူဖွယ်ပစ္စည်းများ ကပ်လှူမည်ဖြစ်ကြောင်း မြသလွန်ဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဦးထံမှ သိရသည်။ **ဇွဲထက်ရှင်**

# ယောအရပ်ဒေသ ဆောမြို့တွင် မီးကြာလှည့်ပွဲကျင်းပ၍ ဆီမီးပူဇော်

**ဆော အောက်တိုဘာ ၂၄**

ဝါလကင်းလွတ် သီတင်းကျွတ်ကာလဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့ကာလတွင် ယောအရပ်ဒေသဖြစ်သည့် ဂန့်ဂေါခရိုင် ဆောမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာများတွင် မီးကြာလှည့်ပွဲကျင်းပ၍ ဘုရားရှင်အားရည်မှန်းကာ ဆီမီးပူဇော်လေ့ရှိပြီး အဆိုပါ ပွဲတော်နှင့်အတူ သနပ်ခါး ပါးတို့ ပွဲကိုလည်း ထည့်သွင်းကျင်းပလေ့ရှိသည်။

ဆောမြို့၌ ယခုနှစ် သီတင်းကျွတ်ပွဲအဖြစ် ယမန်နေ့ညက ရှင်မာလဲမြတ်စွာဘုရား၌ ကျင်းပ၍ ယောဓလေ့ ပွဲတော်တစ်ခုဖြစ်သော သနပ်ခါးပါးတို့ပွဲကိုလည်း ထည့်သွင်းကျင်းပရာ မြို့ပေါ်ရပ်ကွက်ရှိ လူငယ်မောင်မယ်များ ပါဝင်ဆင်နွှဲကြသည်။ **(ယာပုံ)**

"သနပ်ခါး ပါးတို့ပွဲဆိုတာ ဆီမီးပူဇော်ဖို့ မီးကြာအုပ်များ ကိုင်ဆောင်စီတန်းပြီး ပါဝင်ဆင်နွှဲကြတဲ့ အမျိုးသမီးတွေကို အိမ်ရှင်အမျိုးသမီးတွေက ရင်းရင်းနှီးနှီး ဆီးကြိုကြပြီးတော့ ပါးပြင်ကို သနပ်ခါးနဲ့ ထိတို့ပေးပြီး နှုတ်ဆက်လိုက်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ တို့ထားတဲ့ သနပ်ခါးတွေ လှပအောင် မျက်နှာချေညှိနိုင်ဖို့ လုလင်ပျို အမျိုးသားနှစ်ဦးက ကြည့်မှန်ကိုထောင်၍ ပြပေးရပါတယ်။ မီးကြာကိုင်အမျိုးသမီးတွေက မိမိစိတ်ကြိုက်မျက်နှာကို ချေညှိပြီးတဲ့အခါ မှန်ကိုင်အမျိုးသားတွေက မှန်ကိုမြှောက်ပေးရာ အသင့်စောင့်နေတဲ့ မှန်တစ်ချပ်ဆီကို ရောက်သွားပါတယ်။ အသင့်စောင့်ဆိုင်းနေတဲ့အဖွဲ့က ထပ်မံပြီး သနပ်ခါးနဲ့ ပါးကို ထိတို့လိုက်တဲ့အခါ နောက်ထပ်မျက်နှာကို ချေညှိရပြန်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ဝက်ပါပါးတို့ပွဲမှာ မှန်တန်းပေါင်း ၄၀ ကျော်ရှိပါတယ်။ အဲဒီနောက်မှာ မြတ်စွာဘုရားရှင်ကို ရည်မှန်းပြီးတော့ ဆီမီးပူဇော်ကြပါတယ်" ဟု မီးကြာဖြစ်မြောက်ရေးတာဝန်ခံ ဦးအောင်စိုးလင်းက ရှင်းပြသည်။

ရိုးရာပွဲတော်ဖြစ်သည့် မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲ ကျင်းပနိုင်ရန် စုပေါင်းဝါးနှီးခုတ်ခြင်း၊ နှီးဖြာခြင်း၊ မီးအုပ်၊ မီးကြာများ ပုံစံပြုလုပ်၍ မှန်ရောင်စက္ကူ၊ ဆီစိမ်စက္ကူဖြင့် ဖြည့်ကပ်ခြင်း၊ ပါဝင်ဆင်နွှဲကြရန် ဖိတ်ကြားခြင်း၊ မီးအုပ်၊ မီးကြာများ ရေစက်သွန်းချလှူဒါန်းခြင်း စသည်တို့ကို ဆောင်ရွက်ကြရာ အချိန်တစ်လခန့် ကြိုတင်ဆောင်ရွက်ကြရကြောင်း သိရသည်။

ယခုနှစ် မီးကြာလှည့်ပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲတော်၌ ဆောမြို့တွင် ဇေယျာရပ်ကွက်၊ ရတနာရပ်ကွက်နှင့် သန်းမြင်ခုံ ရပ်ကွက်တို့မှ မီးကြာမီးအုပ်ပေါင်း ၁၅၀ ကျော်တို့ဖြင့် ရှင်မာလဲဘုရားတွင် ပူဇော်ကြပြီး ယနေ့တွင် ဝက်ပါနှင့် လမ်းဘုရားတို့၌ ကျင်းပခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ပုပ္ပားတောင်ကလပ် ဘုရားကြီးသို့ ဘုရားဖူးလာရောက်ကြသူများ အထူးစည်ကား

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၄**

သီတင်းကျွတ်ရုံးပိတ်ရက်နှင့် ကြုံကြိုက်သည့်အတွက် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်ဘုရားကြီးသို့ ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များ ယာဉ်ကြီးယာဉ်ငယ်အသွယ်သွယ်ဖြင့် လာရောက်ကြ၍ ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်ဘုရားကြီးသည် ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်လေ့ရှိသည့် နေရာဒေသတစ်ခုဖြစ်ပြီး ခရီးသွားရာသီအချိန်များတွင် ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များဖြင့် အမြဲမပြတ်စည်ကားလျက်ရှိကြောင်းနှင့် သီတင်းကျွတ်ရုံးပိတ်ရက်နှင့် ကြုံကြိုက်၍ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ပြည်တွင်းဘုရားဖူးဧည့်သည်များနှင့် ပြည်ပနိုင်ငံများမှ နိုင်ငံခြားသားခရီးသွားဧည့်သည်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရန်ကုန်မြို့တွင် သီတင်းကျွတ်မီးထွန်းပွဲတော် ဆင်နွှဲသူ ပြည်သူများဖြင့် အထူးစည်ကား

**ရန်ကုန် အောက်တိုဘာ ၂၄**

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ရန်ကုန်မြို့ မြို့တော်ခန်းမ အနီး မဟာဗန္ဓုလပန်းခြံနှင့် အင်းလျားကန်ပေါင်(ပြည်လမ်း)တို့တွင် သီတင်းကျွတ် မီးထွန်းပွဲတော်ကို လာရောက်ဆင်နွှဲသူ ပြည်သူများဖြင့် အထူးစည်ကားလျက် ရှိသည်။

ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံအတွင်း လွတ်လပ်ရေးကျောက်တိုင်နှင့် ရေပန်းကြား တွင် ဆင်ယင်ထားသော မီးအလှများအကြား၌ တစ်ဦးချင်း၊ တစ်ယောက်ချင်းသာမက မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် လာရောက်အပန်းဖြေအနားယူရင်း အလှဓာတ်ပုံ ရိုက်သူ၊ ဝိုင်းဖွဲ့၍ စားသောက်ဖွယ်ရာများ စားသုံးနေကြသူများဖြင့် စည်ကားလျက် ရှိသည်။

ညအမှောင် မီးအလင်းရောင် အလှပဆုံးအချိန်ကို စောင့်ဆိုင်းကာ မဟာဗန္ဓုလ ပန်းခြံလမ်းအတွင်း စားသောက်ဆိုင်များ၌ လှည့်ပတ်စားသောက်ရင်း ညအချိန် တင်ဆက်ကပြ မည့် ဇွဲအငြိမ့်ကို ပြည်သူတို့က စောင့်ဆိုင်းနေကြသည်။

အင်းလျားကန်ပေါင်ပေါ်တွင် သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် လာရောက် ပျော်ရွှင်နေကြသူများမှ လွှတ်တင်နေသော မီးပုံးများ၏ အလင်းရောင်ကြောင့် အင်းလျားကန်မှာ ထိန်လင်းနေသည်။

ရန်ကုန်မြို့ အင်းလျားကန်ပေါင်ထက်ရှိ အကြော်ဆိုင်များ၊ စားသောက်ဆိုင် များ၌ ထိုင်စရာနေရာပင် မရလောက်အောင် ပြည့်နှက်နေသည်။ အချို့က စားသောက်ဘူးဖြင့် ဝယ်ယူရင်း ကန်ပေါင်ပေါ်တွင်ပင် မိသားစုလိုက် ဝိုင်းဖွဲ့စားသောက် လျက်ရှိသည်။

အင်းလျားကန်ပေါင်(ပြည်လမ်း)တစ်လျှောက် Bella အလှကုန်မှ သီတင်းကျွတ် မီးထွန်းပွဲတော်ဆင်နွှဲရန် မီးပုံးများနှင့် အလှမီးများ ထွန်းညှိပြင်ဆင်ထားသော်လည်း ယခင်နေ့များက မိုးရွာသွန်းမှုကြောင့် မီးလုံးများ ပြန်လည်ဖြုတ်သိမ်းထားသည်ကို တွေ့ရသည်။

အင်းလျားကန်ပေါင်အနီး ပြည်လမ်းပေါ်တွင်လည်းကောင်း၊ ကန်ပေါင်ပေါ် တွင် လည်းကောင်း၊ ပွဲတော်လာပြည်သူများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စောင့်ရှောက်ပေးလျက်ရှိပြီး ပြောက်အိုးဖောက်ခြင်းမပြုရန်နှင့် မီးရှူးမီးပန်းများ မပစ်လွှတ်ရန် အသံချဲ့စက်ဖြင့် နှိုးဆော်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဝန်ထမ်းများကလည်း အင်းလျားကန်ပေါင်သန့်ရှင်းရေးအတွက် အစုအဖွဲ့အလိုက် အမှိုက်များကို လိုက်လံသိမ်းဆည်းပေးလျက်ရှိသည်။

ရန်ကုန်မြို့အနှံ့ ယာဉ်ကြောရှုပ်ထွေးမှုမရှိသော်လည်း လူစည်ကားရာ ပြည်သူ့ ရင်ပြင်၊ မြို့တော်ခန်းမအနီးနှင့် အင်းလျားကန်ပေါင်အနီးတစ်ဝိုက်တွင် ယာဉ်ကြော ပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



အောက်တိုဘာ ၂၄ ရက်က မဟာဗန္ဓုလပန်းခြံတွင် သီတင်းကျွတ်ပွဲတော် မီးအလှထွန်းညှိထားမှုနှင့် ပြည်သူများ၊ လာရောက်အပန်းဖြေသူများဖြင့် စည်ကားစွာ တွေ့ရစဉ်။ ဓာတ်ပုံ-ဗလစိုး

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုသည် ပြည်နယ်လျှပ်စစ်၊ စက်မှု နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအေး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်း တွင် သံတွဲခရိုင် ဂွမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့ရှိ သာသန ရက္ခိတဘုန်းတော်ကြီးကျောင်းနှင့် သာသနဝိပုလာရာမ ဘုန်းတော်ကြီးကျောင်းတိုက်တို့သို့ သွားရောက်ပြီး ကျောင်းထိုင် ဆရာတော်များအားဖူးမြော်ကာ လှူဖွယ်ဝတ္ထုများနှင့် အလှူငွေ များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနဝိပုလာရာမဘုန်းတော်ကြီးကျောင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းထားသော ဓမ္မဗိမာန်တော် ဆောက်လုပ်ပြီးစီးမှုနှင့် ဓမ္မာရုံအဝင်လမ်းပြုလုပ်ရန် လိုအပ်ချက် တို့ကို ကြည့်ရှုပြီး ရဟိုင်ကွင်းကျေးရွာ ပန်းမျိုးတစ်ရာစာကြည့် တိုက်၌ ကျေးရွာဒေသခံများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒေသခံများက ကျေးရွာအတွင်း လျှပ်စစ်မီး ရရှိရေးနှင့် ကျေးရွာစာသင်ကျောင်းတိုးချဲ့ဆောင် လိုအပ်ချက် တို့ကိုလည်းကောင်း၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ က စာကြည့်တိုက်အတွက် လိုအပ်ချက်များကို လည်းကောင်း တင်ပြကြရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကွန်ပျူတာငါးလုံးနှင့် ထိုင်ခုံအလုံး ၂၀၊ ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာများက လျှပ်စစ်မီးနှင့် ပရိဘောဂပစ္စည်းများကို လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့အတွင်းရှိ သက်ကြီးဘိုးဘွားများအား သွားရောက်ကန်တော့ကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွမြို့နယ် စည်ပင်ကျေးရွာအနီး အစိုးရနည်းပညာအထက်တန်းကျောင်း ဆောက်လုပ်ရန် မြေပြုပြင်နေမှုအား သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ကြီးကျေးရွာအနီး သိပ္ပံနည်းကျ ပုစွန်မွေးမြူရေးစခန်းသို့ သွားရောက်ပြီး သားဖောက်ပုစွန်များ မွေးမြူထားရှိမှုနှင့် ပုစွန်များ ကြီးထွားဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွ-မကျည်းငူ ၁၁ ကေဗွီ ဂွချောင်းဖြတ်ကျော် လျှပ်စစ်တာဝါတိုင် တည်ဆောက်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဂွမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ဆေးရုံတက်ရောက်ကုသ နေသော လူနာများကို အားပေးစကားပြောကြားကာ ဆေးရုံ အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**



# သီတင်းကျွတ်လပြည့်နေ့၌ ဒလ-ပန်းဆိုးတန်း (ချယ်ရီသင်္ဘော)ဖြင့် ခရီးသွားပြည်သူ အထူးများပြား

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၁၈ ခုနှစ် သီတင်းကျွတ်ပွဲတော်ကာလ အတွင်း ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို ကြမည့် ခရီးသွားပြည်သူများကို ရန်ကုန်ပန်းဆိုးတန်း-ဒလ ကူးတို့ဆိပ်မှတစ်ဆင့် ချယ်ရီသင်္ဘောများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ သီတင်းကျွတ်လပြည့်နေ့၌ ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှု ယခင်နေ့များထက် အထူးများပြားလျက်ရှိကြောင်း မြင်တွေ့ရသည်။

"သီတင်းကျွတ် ကာလဆိုတော့ သင်္ဘောစီးတဲ့သူ အလွန်များတယ်၊ အရင်နေ့တွေကထက် ပိုများတယ်၊ သမ္ဘန်စီးတဲ့သူတွေတောင်နည်းသွားတယ်၊ သင်္ဘောတစ်ခေါက်မှာ ခရီးသည် ၄၀၀ ကျော် လိုက်ပါစီးနင်းနိုင်တယ်၊ ခရီးသည်တွေ အန္တရာယ်ကင်းဖို့ ဝန်ထမ်းတွေအနေနဲ့ အဓိကစောင့်ကြည့်ပြီးမှ ထွက်ခွာတယ်၊ ဆိပ်ခံဖောတံတားပေါ်မှာ လက်ရန်းတွေ ထားရှိဆောင်ရွက်ထားလို့ အရင်လို မြစ်ထဲပြုတ်ကျတဲ့ ဖြစ်စဉ်မျိုး မရှိတော့ဘူး၊ ခရီးသည်တွေ အတက်၊ အဆင်း သွားလာရေး အဆင်ပြေသွားတယ်၊ ခရီးသည်တွေ ဘေးကင်းလုံခြုံရေးကို ချယ်ရီသင်္ဘော ဝန်ထမ်းတွေနဲ့ ဒလ-ပန်းဆိုးတန်း ဆိပ်ကမ်းဝန်ထမ်းတွေက အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးလျက် ရှိပါတယ်"ဟု ဒလသင်္ဘောဆိပ်ကမ်း မန်နေဂျာ ဒေါ်ခင်ခင်နုက ပြောသည်။

စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ သွားလာရာတွင် ဂျပန်နိုင်ငံမှ လှူဒါန်းထားသည့် ချယ်ရီသင်္ဘော သုံးစင်းဖြင့် ဒလ ဆိပ်ကမ်းမှတစ်ဆင့် ပန်းဆိုးတန်း ဆိပ်ကမ်းသို့ အသွား၊ အပြန် ၄၆ ခေါက်နှုန်းဖြင့် အလှည့်ကျပို့ဆောင်ပြေးဆွဲပေးလျက်ရှိရာ ရေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသည့် ခရီးသည်ပြည်သူ နေ့စဉ် သုံးသောင်းကျော်ရှိပြီး နေ့ထူး၊ နေ့မြတ်များ၊ ပွဲတော်ရက်များနှင့် အားလပ်ရက်ရှည်ရုံးပိတ်သောနေ့များတွင် ခရီးသည် လိုက်ပါစီးနင်းမှု ပိုမိုများပြားပြီး နေ့စဉ်ဝင်ငွေကျပ်သိန်း ၃၀ ကျော် ကောက်ခံရရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ချယ်ရီသင်္ဘောများသည် ကျယ်ကျယ်ပြန့်ပြန့် ရှိခြင်းကြောင့် မိုးတွင်းကာလ၌ လေဒဏ်မိုးဒဏ် ကာကွယ်ပေးနိုင်ခြင်းနှင့် ရေယာဉ်အပေါ်ထပ်၌ အခမဲ့ထိုင်ခုံများဖြင့် စီးနင်းလိုက်ပါနိုင်ပြီး အောက်ထပ်၌ လူတစ်ဦးလျှင် ထိုင်ခုံတစ်လုံး ငွေကျပ် ၅၀ နှုန်းဖြင့် ကောက်ခံ၍ စီစဉ်ဆောင်ရွက်ထားရှိခြင်းကြောင့် ခရီးသည်ပြည်သူများအနေဖြင့် သက်သောင့်သက်သာရှိကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ခရီးသွားပြည်သူများအတွက် မြစ်ကူးတံတားကြီးသဖွယ် အဓိကအားထားနေရပြီး စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ဝင်ပေါက်၊ ထွက်ပေါက် ကူးသန်းသွားလာနေသော ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**



## ဟားခါးမြို့၌ တစ်လုံးထိုးကျည်အတောင့် ၇၇၀နှင့် လူသုံးဦးအား ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၂၄**

ဟားခါးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဟားခါးမြို့ မြို့သစ်ရပ်ကွက် ထန်တလန်လမ်းခွဲ၌ အောက်တိုဘာ ၂၃ ရက် နံနက် ၁ နာရီခန့်က လူသုံးဦး မောင်းလာသည့် ဆိုင်ကယ်နှစ်စီးကို ရပ်တန့်ခိုင်းစဉ် ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးခဲ့သည်။

ထိုသို့ ဖမ်းဆီးစဉ် ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း နာရီစင်လမ်းဆုံ၌ ငလန်ကျေးရွာနေ မာန်ဟေးလျှန်း(၄၃ နှစ်)ပါ သုံးဦးကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ ၎င်းတို့ဆိုင်ကယ်နှစ်စီးပေါ်ရှိ ပီနံအိတ်နှစ်အိတ်အတွင်းမှ Shaktiman Express တံဆိပ်ပါ စက္ကူဘူး ၇၇ ဘူးအတွင်းမှ ၄ ဒသမ ၈ တစ်လုံးထိုးကျည်အတောင့် ၇၇၀ တောင့်ကို သိမ်းဆည်းရမိခဲ့သဖြင့် မာန်ဟေးလျှန်းပါ သုံးဦးအား ဟားခါးမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## မီးရှူး၊ မီးပန်း၊ ပြောက်အိုးများ ရောင်းချသူများကို အရေးယူထား

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက် ည ၉ နာရီ မိနစ် ၄၀ က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆) ညဈေး၌ ရပ်ကွက်ကြီး(၁၀)နေ မောင်ခိုင်၏ ဈေးဆိုင်မှ မီးရှူး၊ မီးပန်းနှင့် ပြောက်အိုးများ(တန်ဖိုးငွေကျပ် ၉၂၀၀)ကို လည်းကောင်း၊ ရပ်ကွက်ကြီး(၆)နေ ကျော်ဇင်အောင် (၂၄နှစ်)၏ ဈေးဆိုင်မှ မီးရှူး၊ မီးပန်းနှင့် ပြောက်အိုးများ(တန်ဖိုးငွေကျပ် ၁၁၅၆၅၀)ကိုလည်းကောင်း ၊ အလားတူ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က နေပြည်တော်၊ ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်ရှိ ကလေးကမ္ဘာအရပ်ဆိုင်၌ အဆိုပါရပ်ကွက်နေ မပိုပိုစိန်(၃၀နှစ်) ထံမှ မီးရှူး၊ မီးပန်း၊ ပြောက်အိုးများ၊ (စုစုပေါင်းတန်ဖိုးငွေကျပ် ၄၄၉၆၀၀)တို့ကို လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက် ည ၁၁ နာရီခွဲက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ကျည်တောင်ကန်အမှတ်(၂)ရပ်ကွက်နေ ဒေါ်မာတူး၏ နေအိမ်ဈေးဆိုင်အတွင်းသို့ ဝင်ရောက်ရှာဖွေရာ မီးရှူး၊ မီးပန်းများနှင့် ပြောက်အိုးများ (တန်ဖိုးငွေကျပ် ၂၀၀၀၀၀)ခန့်ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၁၁ နာရီ မိနစ် ၅၀ က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်နေ ဦးမင်းအောင်(၄၂နှစ်)၏ ဇမ္ဗူထွန်းဈေးဆိုင်တွင် ဝင်ရောက်ရှာဖွေရာ မီးရှူး၊ မီးပန်း ပြောက်အိုးများ (စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၀၀၀)ကိုလည်းကောင်း၊ ညနေ ၃ နာရီခွဲက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရေဆင်းဈေးအတွင်း၌ ရေဆင်း ကျေးရွာနေ ဒေါ်သန္တာဝင်းနှင့် ဒေါ်မိုးသဲဖြူတို့၏ မုန့်မျိုးစုံအရောင်းဆိုင်နှစ်ဆိုင်အတွင်းမှ မီးရှူး၊ မီးပန်း၊ ပြောက်အိုးများ (စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၀၀၀၀)အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို သက်ဆိုင်ရာနယ်မြေရဲစခန်းများ၌ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

## နမ့်ဆန်မြို့နယ်၌ တစ်ပတ်အတွင်း မိုင်းနင်းမိသူ သုံးဦးရှိ

**နမ့်ဆန် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဟိုက်တမ်ကျေးရွာတွင် ယနေ့ နံနက်၁၀ နာရီ မိနစ် ၅၀ခန့်က လူတစ်ဦး မိုင်းနင်းမိ၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ဟိုက်တမ်ကျေးရွာနေ ကိုရန်အောင်နှင့် မခင်အုန်းကြည် (၃၅ နှစ်)တို့ ဇနီးမောင်နှံသည် ပန်လုံသို့ ဆိုင်ကယ်ဖြင့် ထွက်ခွာလာစဉ် နမ့်ဆန်-ပန်လုံလမ်း ၁၃ မိုင် ၃ ဖာလုံလမ်းမကြီးမှ ဟိုက်တမ်သို့သွားရာလမ်း ပထမကွေ့အရောက်တွင် မိုင်းပေါက်ကွဲ၍ မခင်အုန်းကြည်တွင် မိုင်းစထိမှန် ဒဏ်ရာရရှိပြီး စီးနင်းလာသော ဆိုင်ကယ်နောက်ဘီး ပျက်စီးသွားကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားသည့် နေရာသို့ မန်ကန်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူတို့အားအကြောင်းကြားပြီး ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ကရုဏာရှင်လူမှုကူညီရေး အသင်းယာဉ်ဖြင့် မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသရန် ကူညီဆောင်ရွက်ပေးသည်။

နမ့်ဆန်မြို့နယ်အတွင်း အောက်တိုဘာ ၁၉ရက်က တစ်ကြိမ်၊ အောက်တိုဘာ ၁၈ရက်က တစ်ကြိမ်၊ ယနေ့တွင် တတိယကြိမ်မြောက် ထပ်မံပေါက်ကွဲမှုဖြစ်ပွားသဖြင့် ဒေသခံပြည်သူများ ခရီးသွားလာရေးတွင် လည်းကောင်း၊ လက်ဖက်ခြံသွားရာတွင် လည်းကောင်း စိုးရိမ်ထိတ်လန့်နေကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ ယာဉ်နှစ်စီး တိုက်မိ၍ ၃၂ ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မဥ္ဇူသကလမ်းနှင့် မိုးဝေလမ်းဆုံ၌ အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်၍ ၃၂ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒက္ခိဏသီရိမြို့နယ် မဥ္ဇူသကလမ်းနှင့် မိုးဝေလမ်းဆုံ၌ အောက်တိုဘာ ၂၃ ရက်က နေပြည်တော်မှ ရန်ကုန်သို့ မဥ္ဇူသကလမ်းအတိုင်း နွားထိုးကြီးမြို့နယ် ရွာကြီးရွာသစ်ရွာနေ ဦးလှမင်းနိုင် (၄၁နှစ်)မောင်းနှင်ပြီး ခရီးသည် ၄၇ ဦး လိုက်ပါလာသည့် 6E/----မှန်လုံယာဉ်နှင့် ခရေအိမ်ရာမှ လယ်ဝေးမြို့ဘက်သို့ မိုးဝေလမ်းအတိုင်း တပ်ကုန်းမြို့မြဝတီရပ်ကွက်နေ စောနိုင်ဝင်း(၂၄ နှစ်)မောင်းနှင်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)နေ စိုင်းအောင်မျိုးသူ(၂၈နှစ်)ပါ နှစ်ဦး လိုက်ပါလာသည့် 6G/---- Belta ယာဉ်တို့ တိုက်မိခဲ့ပြီး မှန်လုံယာဉ်မှာ လမ်းဝဲဘက်သို့ တိမ်းမှောက်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် စောနိုင်ဝင်းပါသုံးဦးနှင့် မှန်လုံယာဉ်ပေါ်မှ ဦးစိုးနိုင်(၅၂ နှစ်)ပါ ၂၉ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့၍ ယာဉ်မောင်း လှမင်းနိုင်နှင့် စောနိုင်ဝင်းတို့အား ဒက္ခိဏသီရိမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## သုံးခွမြို့နယ်၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ ခြောက်ဦးဒဏ်ရာရ

**သုံးခွ အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ရန်ကုန်-ခရမ်း ကားလမ်းမကြီး သူကြီးပတုပ်ကျေးရွာ မိုင်တိုင်အမှတ်၄၂/၃ အနီး အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီခွဲခန့်က ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ ခြောက်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ကိုဝင်းမင်းသိန်း(၃၃ နှစ်)တာမွေမြို့နယ်နေသူ မောင်းနှင်လာသော 7G/---- ပစ်ကပ်ယာဉ်နှင့် မျက်နှာချင်းဆိုင်ဘက်မှ ယာဉ်မောင်း ကိုသူရကျော်ဖြိုး(၂၃ နှစ်) ခရမ်းမြို့နယ်နေသူ မောင်းနှင်လာသော ၆ဂ/---ဗီဂိုဟိုင်းလတ်ယာဉ်တို့သည် မိုင်တိုင်အမှတ် ၄၂/၃ အနီး လမ်းလယ်တွင် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် 7G/---- ပစ်ကပ်ယာဉ်မှာ မြောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်း ဝင်းမင်းသိန်းမှာ ပြင်းပဒဏ်ရာ(မစိုးရိမ်ရ)နှင့် ယင်းယာဉ်ပေါ်ပါ မရမ်းကုန်းမြို့နယ်နေသူများဖြစ်ကြသည့် ဦးမိုးဝေ (၄၆နှစ်)၊ မရင်ရင်ထွေး(၃၄နှစ်)၊ မယုယုမော်(၁၄နှစ်)၊ နုနုမော် (၉နှစ်)၊ ဘုန်းမြတ်ဇော်(၃နှစ်)တို့မှာ အတွင်းလူနာ (မစိုးရိမ်ရ)ဒဏ်ရာများရရှိသဖြင့် ခရမ်းဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ဆေးကုသခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဝင်းမင်းသိန်းနှင့် သူရကျော်ဖြိုး တို့နှစ်ဦးအား သုံးခွမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်းသိရသည်။

**ကိုကျော်(သုံးခွ)**

## မြန်မာ့ရုပ်မြင်သံကြား

၂၅. ၁၀. ၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၅ - “မူပိုင်ခွင့်အကြောင်း သိကောင်းစရာ” (စာပေနှင့် အနုပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့၏ အရေးပါပုံ)
- ၉:၁၀ - “ တာဝါတိုင်များမှ ထုတ်လွှင့်သည့် ရေဒီယိုလှိုင်းနှုန်းများနှင့် ပြည်သူ့ကျန်းမာရေး”
- ၉:၃၀ - လှပစုံလင်အာဆီယံတစ်ခွင်
- ၉:၃၅ - ASEAN Spotlight (49)
- ၁၀:၃၀ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၁:၀၀ - မြစ်မခမီဒီယာ (သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း)
- ၁၁:၂၅ - “လူ-လူ- လူသည် ရောင်းကုန်မဟုတ်ပါ”
- ၁၂:၃၀ - မြန်မာဇာတ်လမ်းတွဲ “ဆေးရုံမှတ်တမ်း” (အပိုင်း- ၁၂)
- ၁၅:၁၅ - “မျှော်လင့်ခြင်းရဲ့မနက်ဖြန်”

**ညပိုင်း**

- ၁၆:၃၅ - “Soccer View ”
- ၁၆:၅၀ - “လူထုအခြေပြုမှသည် ပျော်ရွှင်ခြင်းခရီးစဉ်များသို့ ရည် ”
- ၁၇:၀၅ - NHK Programme “ဂျပန်၏အလုပ်စွယ်စုံကျမ်း” (ကုန်တိုက်အရောင်းဝန်ထမ်း)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ - **၂၀၁၀ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲနိုင်ငံရေးပါတီများ၏ ဟောပြောချက် “ဒီတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ”**
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း- ၄) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ မေဝင်းမောင်)

## ဖောင်းပြင်မြို့နယ်၌ ဘုရားစိန်ဖူးတော်ခိုးယူသွားသူနှစ်ဦးအား အရေးယူ

**ဖောင်းပြင် အောက်တိုဘာ ၂၄**

ဖောင်းပြင်မြို့နယ် ကုန်းကြီးကျေးရွာထိပ်၌ တည်ထားသော ဉာဏ်တော် ၁၈ တောင်ရှိ လိုတရပြည့်လုံးချမ်းသာ စေတီတော်၏ စိန်ဖူးတော်နှင့် စိန်ဖူးတော်ထည့်သည့် ကြုတ်အတွင်းမှ ပစ္စည်းများ ပျောက်ဆုံးသဖြင့် အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီက ဖောင်းပြင်မြို့မရဲစခန်းတွင် အမှုဖွင့်စုံစမ်းခဲ့သည်။

ယင်းဖြစ်စဉ်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင် ဦးစီး၍ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၏ စုံစမ်းချက်အရ ယခင်စေတီတော်တည်စဉ်က ကျောင်းထိုင်ခဲ့ပြီးနောက် လူထွက်သွားသော ကုန်းကြီးကျေးရွာနေ အောင်ကြည်မြင့် (၂၇ နှစ်)နှင့်အတူ အဆိုပါကျေးရွာနေ မောင်မြင့်(၂၈ နှစ်) တို့ နှစ်ဦးက ခိုးယူသွားကြောင်း သိရှိရ၍ လိုက်လံစုံစမ်း ဖမ်းဆီးခဲ့သည်။

၎င်းတို့နှစ်ဦးအား စစ်မေးရာ စိန်ဖူးတော်ကြုတ်အတွင်းမှ ရွှေရည်ကျိုအခဲ ၁၈ ရွေးခန့်အား မိုင်းချောင်းကျေးရွာရှိ လပြည့်ဝန်းရွှေဆိုင်တွင် ငွေကျပ် ၁၃၆၀၀၀ ဖြင့် ရောင်းချပြီး ခွဲဝေသုံးစွဲခဲ့ကြောင်းနှင့် ကျန်ပစ္စည်းများအား ဘိုင်းလယ်ကျေးရွာလမ်းဆုံရှိ ချုံထဲတွင် ဝှက်ထားကြောင်း သိရှိရသဖြင့် သွားရောက်သိမ်းဆည်းခဲ့ပြီး အောင်ကြည်မြင့်နှင့် မောင်မြင့်တို့ကို ဖောင်းပြင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

## ရေပူစစ်ဆေးရေးအဖွဲ့ ကျောက်စိမ်းဖြတ်စများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၄၅၁ စီး၊ သွင်းကုန် ၃၀၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄ ဒသမ ၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် အောက်တိုဘာ ၂၃ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ AD Van ယာဉ်နှစ်စီး၊ Nissan Wingroad ယာဉ်တစ်စီး တို့အား စစ်ဆေးခဲ့ရာယာဉ်၏ အမိုးပေါ်တွင် အချိုရည်၊ ဆပ်ပြာမွှေးရည်ပုံးများဖြင့် ဖုံးကွယ်သယ်ဆောင်၍ လည်းကောင်း၊ ယာဉ်၏ နောက်ထိုင်ခုံအောက်နှင့် အောက်ကြမ်းခင်းတွင် အံ့ဝှက်ပြုလုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံ ၁၁၆၄ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၄ ဒသမ ၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မအူပင်မြို့၌ ယာဉ်တိမ်းမှောက်သဖြင့် သုံးဦးသေ၊ ၁၅ ဦး ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၂၄**

မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ မအူပင်-ရေလဲကားလမ်း မိုင်တိုင်အမှတ် (၇/၃-၄)ကြား၌ ယမန်နေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က ယာဉ်တစ်စီး လမ်းချော်ကာ အရှိန်လွန်တိမ်းမှောက်သဖြင့် သုံးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့က မအူပင်မြို့ဘက်မှ ရေလဲကျေးရွာဘက်သို့ သက်နိုင်ဦး(စိစစ်ဆဲ)မောင်းနှင်ပြီး ယာဉ်နောက်လိုက် မြောက်ဥက္ကလာပမြို့နယ်နေ အောင်မျိုးဦး(၃၆ နှစ်) လိုက်ပါလာသည့် 3P/---- ဟွန်ဒိုင်းခရီးသည်တင်ယာဉ်သည် မိုးရွာသွန်းမှုကြောင့် လမ်းချော်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ရှိ ကုက္ကိုပင်အား ဝင်ရောက်တိုက်မိ တိမ်းမှောက်ခဲ့သည်။ **(ယာပုံ)**

ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များအနက် ကျိုက်လတ်မြို့နယ် လှိုင်းတာကျေးရွာနေ မခင်မျိုးချစ်(၂၄ နှစ်)ပါ သုံးဦးတို့တွင် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး မအူပင်မြို့နယ် ရွှေဝါကျွန်းကျေးရွာနေ ရှိုင်းထက်အောင်(၂၄နှစ်)နှင့် ကျိုက်လတ်မြို့နယ် တာပြတ်ကျေးရွာနေ ကျော်စွာ(၁၇ နှစ်)ပါ ၁၅ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း သက်နိုင်ဦးအား မအူပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



# MMA မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံလုပွဲကြီးတွင် စိန်ခေါ်သူ ခရာခီက ခါးပတ်ပိုင်ဆိုင်ခွင့် ရာနှုန်းပြည့်နီးပါးရှိဟုပြောကြား

**ရန်ကုန် အောက်တိုဘာ ၂၄**

One Championship အဖွဲ့က ဦးဆောင်စီစဉ်ကျင်းပလျက်ရှိသော MMA(Mixed Martial Arts) ကမ္ဘာ့ကိုယ်ခံပညာ အတိုက်ပြိုင်ပွဲတွင် လက်ရှိကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်ကို စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဘနွန်နိုင်ငံသား ခရာခီက ယခုပွဲတွင် ခါးပတ်ပိုင်ဆိုင်ခွင့် ရာနှုန်းပြည့်နီးပါးရှိကြောင်း မီဒီယာများအား ပြောကြားလိုက်သည်။

ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ Junction City ၌ ကျင်းပသော One Championship ကစီစဉ်သည့် Pursuit of Greatness One Workout & Face- Off ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် လက်ရှိချန်ပီယံ အောင်လအန်ဆန်အား စိန်ခေါ်သူ လက်ဘနွန်နိုင်ငံသား ခရာခီက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။



ချန်ပီယံခါးပတ် ကာကွယ်မည့် အောင်လအန်ဆန် နှင့် စိန်ခေါ်သူ လက်ဘနွန် နိုင်ငံသား ခရာခီ။

**အကောင်းဆုံးယှဉ်ပြိုင်မှာပါ**

“ဒီပွဲအတွက် တစ်လခွဲ၊ နှစ်လလောက် အချိန်ပေးပြီး သေချာပြင်ဆင်ထားပါတယ်။ အကောင်းဆုံးပွဲဖြစ်အောင် ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ လွယ်ကူမယ့်ပွဲတစ်ပွဲတော့ မဟုတ်ဘူးဆိုတာ ကျွန်တော်သိပေမယ့် ၉၉ ရာခိုင်နှုန်း၊ ရာနှုန်းပြည့်နီးပါး အောင်မြင်မှုရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ ပြိုင်ဘက် အောင်လနဲ့ ပတ်သက်ပြီး ကျွန်တော်သေချာလေ့လာထားပါတယ်။ အိမ်ရှင်ဆိုတဲ့ ဖိအားမျိုးတော့ စိတ်ထဲမှာမထားဘူး။ ဒီလိုပွဲမျိုးကစားရတာ ကျွန်တော့်အတွက် ရိုးနေပါပြီ။ ဘယ်နှချီအတွင်း ပြိုင်ဘက်ကို အနိုင်ရမယ်လို့တော့ မပြောနိုင်ပေမယ့် အရင်ပွဲတွေကလိုပဲ ကျွန်တော် ပြင်းပြင်းထန်ထန် ကြိုးစားပြင်ဆင်ခဲ့ပါတယ်။ ဘယ်နှချီအတွင်း ပြိုင်ပွဲကို အဆုံးသတ်နိုင်မယ်ဆိုတာတော့ ပြောလို့မရပါဘူး။ ပြိုင်ပွဲအခြေအနေပေါ်မူတည်ပြီး ကျွန်တော် အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားယှဉ်ပြိုင်သွားမှာပါ” ဟု ခရာခီက ပြောကြားသည်။

လက်ရှိချန်ပီယံ အောင်လအန်ဆန်အား စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မည့် ခရာခီသည် အသက် ၂၇ နှစ်သာ ရှိသေးပြီး အောင်လအန်ဆန်ထက် ငါးနှစ်မျှ ငယ်သူတစ်ဦးဖြစ်သည်။ ခရာခီသည် လက်ရှိ MMA ကိုးပွဲ ယှဉ်ပြိုင်ထိုးသတ်ထားရာတွင် ကိုးပွဲစလုံး အနိုင်ရရှိထားပြီး ငါးပွဲမှာ ဂျူဂျစ်စုနည်းဖြင့် အနိုင်ရထားကာ သုံးပွဲမှာ အလဲထိုးနှင့် နောက်ဆုံးတစ်ပွဲသာ အမှတ်ဖြင့် အနိုင်ရထားသူဖြစ်သည်။ အရှေ့အလယ်ပိုင်းတွင် အထူးချွန်ဆုံး ကစားသမားထဲ၌ တစ်ဦးအပါအဝင်ဖြစ်ပြီး MMA လောက၏ ဖီးနစ်ငှက်ဟုပင် တင်စားခေါ်ဝေါ်ခံရသည်ဟု ကျော်ကြားခဲ့သည်။

အဆိုပါပွဲနှင့် ပတ်သက်ပြီး လက်ရှိ MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းနှင့် ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံ အောင်လအန်ဆန်က “ပြိုင်ဘက်ကောင်းတစ်ဦးနဲ့ ကျွန်တော်ယှဉ်ပြိုင်ထိုးသတ်ရမှာပါ။ ဒီပြိုင်ပွဲအတွက် ဝိတ်နည်းနည်းချလိုက်ရပေမယ့် အခက်အခဲမရှိပါဘူး။ အကောင်းဆုံးကစားပေးမယ်လို့ ပရိသတ်ကြီးကို ကတိပေးပါတယ်။ တစ်ဖက်ပြိုင်ဘက်က Ground Fight မှာ အလွန်ကောင်းပါတယ်။ ဒါကြောင့် ကျွန်တော် Stand Fight နဲ့ အနိုင်ယူဖို့ အထူးပဲပြင်ဆင်ထားပါတယ်။ ပြိုင်ဘက်ကို သုံးချီအတွင်း အနိုင်ရအောင် ကစားနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ရာနှုန်းပြည့်ပြင်ဆင်ထားပြီးပါပြီ”ဟု မီဒီယာများအား ပြောကြားသည်။

**အခြားတွဲဆိုင်းများ**

ချန်ပီယံကာကွယ်ပွဲကြီးကို လာမည့် အောက်တိုဘာ ၂၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းနေ့တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည့် အခြားတွဲဆိုင်းများမှာ ဖိုးသော်(မြန်မာ)နှင့် ဆူဘား(မလေးရှား)၊ ရာဖေးလ်(ဘရာဇီး)နှင့် မိုလစ်ဒ်(ရုရှား)၊ အီမီလို(အမေရိကန်)နှင့် ကာဇူကီ(ဂျပန်)၊ အီဗရာဟင်(မော်ရိုကို)နှင့် တာရစ်ခ်(မော်ရိုကို)၊ ဒီဂျေဒမ်မောင်း (ထိုင်း)နှင့် ဟာမန်းရှု (အိန္ဒိယ)၊ ဟန်ကျိုးဟွာ(တရုတ်)နှင့် ရိုင်ယန်(ဖိလစ်ပိုင်)၊ ရဲသွေးနီ (မြန်မာ)နှင့် မိုက်ရိုင်း(မြန်မာ)၊ လူးဝစ်(ဘရာဇီး)နှင့် ဒိုင်ချိ( ဂျပန်)၊ ဂျိုးဇက်(အီတလီ)နှင့် တိုနာ (ဩစတြေးလျ)၊ မာရှုဒေါင် (တရုတ်)နှင့် အာမက်(အာဖဂန်နစ္စတန်)၊ ရူဒီ(အင်ဒိုနီးရှား)နှင့် အစ္စလမ်(ဘင်္ဂလားဒေ့ရှ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲတွင် အီရန်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(စ) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ အီရန်အသင်းက လာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။



**အီရန်အသင်းနှင့် လာအိုအသင်း ယှဉ်ပြိုင်နေစဉ်။** ဓာတ်ပုံ-စိုးညွန့်

အီရန်အသင်းသည် တိုက်စစ်မှူး ဂါဆီမီ၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်အနိုင်ရခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခွင့် မျှော်လင့်နိုင်ခဲ့သည်။ လာအိုအသင်းသည် အီရန်တိုက်စစ်ကို မိနစ် ၃၀ ကျော်အထိ တောင့်ခံနိုင်သော်လည်း နောက်ပိုင်းတွင် ဂိုးများဆက်တိုက်ပေးလိုက်ရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အီရန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း ပွဲအစတွင် လာအိုနောက်တန်းကို မကျော်နိုင်၍ ဂိုးရရန် ခက်ခဲခဲ့သည်။ လာအိုအသင်းသည် ခံစစ်ကို စနစ်တကျပြင်ဆင်လာခဲ့ပြီး ပထမဂိုးပေးလိုက်ရပြီး နောက်ပိုင်းမှသာ ခံစစ်ကစားပုံ ပြိုဆင်းသွားခဲ့ခြင်းဖြစ်သည်။ ၃၉ မိနစ်တွင် အီရန်အသင်း ဂိုးစရခဲ့ပြီး လာအိုဂိုးသမားဖမ်းပုံ မသေသပ်မှုမှတစ်ဆင့် ပြန်လျှံထွက်လာသောဘောလုံးကို တိုက်စစ်မှူး ဂါဆီမီက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် အီရန်အသင်းက စိတ်ကြိုက်ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၃၆၊ ၉၀ မိနစ်တွင် ဂါဆီမီ၊ ၇၅ မိနစ်တွင် ဇီဒါတို့က သွင်းယူခဲ့သည်။ လာအိုအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၄ မိနစ်တွင် သောင်ဆာဗန်က သွင်းယူခဲ့သည်။

အုပ်စု(စ) ဒုတိယနေ့ကို အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် လာအိုအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာအမျိုးသမီးအသင်း မန္တလေးခြေစမ်းခရီးစဉ်တွင် သုံးပွဲဆက်အနိုင်ရထား

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၂၀ တိုကျိုအိုလံပစ်ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် မန္တလေးမြို့၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ခြေစမ်းပွဲများတွင် သုံးပွဲဆက် အနိုင်ရထားသည်။

မြန်မာအမျိုးသမီး အသင်းသည် အောက်တိုဘာ ၁၉ ရက်မှစ၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနေခြင်းဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် အောင်မြေသာစံအသင်းအား နှစ်ဂိုး-တစ်ဂိုး၊ အောက်တိုဘာ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး နည်းပြဆရာများအသင်းအား နှစ်ဂိုး-ဂိုးမရှိ၊ အောက်တိုဘာ ၂၃ ရက်တွင် မန်းလူငယ် (က) အသင်းအား ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားမည်ဖြစ်ပြီး အောက်တိုဘာ ၂၅ ရက်(**ယနေ့**)တွင် မန်းလူငယ် (ခ) အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲ ပထမအဆင့်အတွက် ဩဂုတ် ၂၈ ရက်မှစ၍ လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ရန်ကုန်မြို့၌ ခြေစမ်းပွဲလေးပွဲ၊ မန္တလေးမြို့၌ ခြေစမ်းပွဲသုံးပွဲကစားထားရာ ရှုံးပွဲမရှိသေးဘဲ ရလဒ်ကောင်းများ ရရှိထားသည်။

**ညီမြတ်သော်တာ**





**ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် ပထမအကြိမ် မြားပစ်နည်းပြဆရာများ ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ(1st Compound Coaches Seminar and Workshop )သို့ တက်ရောက်ရန် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ကိုယ်စားလှယ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နည်းပြ ဒေါ်အောင်ငိုမ်း၊ ရဲအုပ်လင်းနိုင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နည်းပြ၊ အားကစားနှင့် ကာယပညာဦးစီးဌာန နည်းပြနည်းစနစ်မှူးများဖြစ်ကြသည့် ဦးအောင်သူရ၊ ဒေါ်အေးအေးသင်းတို့သည် အောက်တိုဘာ ၂၃ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ အမှုဆောင်များက ပို့ဆောင်ကြစဉ်။** အေကေလင်း

❐ *ကျောဖုံးမှ*

ဒုတိယဝန်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပသည့် ကမ္ဘာ့ပိုလီယိုနေ့ အထိမ်းအမှတ်အဖြစ်နှင့် ပိုလီယိုရောဂါပိုး ကင်းစင်ပပျောက်ရန်အတွက် မြန်မာနိုင်ငံတွင်လည်း ယခုလိုကျင်းပရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားသဖြင့် ရောဂါပိုးကူးစက်မှုကို ဖြတ်တောက်နိုင်ခဲ့ပြီး ပိုလီယိုရောဂါကင်းစင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပြီး ဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘာပေါ်တွင် ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် ပိုလီယိုအရိုင်းပိုး ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသို့ ပိုလီယိုရောဂါပိုး ဆက်လက်ပျံ့နှံ့နိုင်သည့်အတွက် ကာကွယ်ဆေးကို အရှိန်အဟုန်မပျက် ဆက်လက်တိုက်ကျွေးကာ ပိုလီယိုအကြောသေရောဂါကို အပြီးတိုင်ချေမှုန်းနိုင်ရန် အထူးအရေးကြီးကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ မြန်မာပြည်ဌာနေကိုယ်စားလှယ်များနှင့် Myanmar Polio Plus Committee ဥက္ကဋ္ဌက ပိုလီယိုကင်းစင်ပပျောက်ရေးအတွက် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် ပိုလီယိုကာကွယ်ဆေး(တိုက်ဆေး)ကို ၁၉၈၂ ခုနှစ်မှစတင်၍ တိုက်ကျွေးခဲ့ပြီး ပိုလီယိုကာကွယ်ဆေး(ထိုးဆေး)ကို ၂၀၁၅ ခုနှစ်တွင် စတင်ထိုးနှံပေးခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါကင်းစင်ပပျောက်သည့် အခြေအနေကို ရောက်ရှိခဲ့ပြီး အဆိုပါအခြေအနေကို ထိန်းသိမ်းရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ချန်ပီယံလိဂ်ပွဲစဉ်(၃) မန်ယူတို့ရှုံးနိမ့်ပြီး မန်စီးတီး ဂိုးပြတ်နိုင်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃)ကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက ဂျူဗင်တပ်စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး မန်စီးတီးက ရှက်တာဒိုးနက်ခ်ကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

အုပ်စု(ဇ)မှ မန်ယူနှင့် ဂျူဗင်တပ်စ်ပွဲတွင် အိမ်ရှင်မန်ယူအသင်းက ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဂျူဗင်တပ်စ်သည် ၄-၃-၃ တိုက်စစ်ပုံစံဖြင့် ပွဲထွက်လာသည်။ ဂျူဗင်တပ်စ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်း ပွဲချိန် ၁၇မိနစ်တွင် ဒိုင်ဘာလာက သွင်းယူခဲ့သည်။ ယင်းပွဲတွင် ဂျူဗင်တပ်စ်အသင်းသည် အဝေးကွင်း၌ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားခဲ့သည်။ အုပ်စု(ဇ)မှ ယန်းဘွိုင်းနှင့် ဗလင်စီယာပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းအုပ်စုတွင် ဂျူဗင်တပ်စ်က ရမှတ် ၉ မှတ်၊ မန်ယူ ၄ မှတ်၊ ဗလင်စီယာ ၂ မှတ်နှင့် ယန်းဘွိုင်းက တစ်မှတ်သာ ရရှိထားသည်။

အုပ်စု(စ)မှ ရှက်တာဒိုးနက်ခ်နှင့် မန်စီးတီးပွဲတွင် မန်စီးတီးအသင်းသည် အဝေးကွင်းတွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး မန်စီးတီးအတွက် အနိုင်ဂိုးများကို ပွဲချိန်မိနစ် ၃၀ တွင် ဒေးဗစ်ဆေးလ်ဗား၊ ၃၅မိနစ်တွင် လာပေါ့တီနှင့် ၇၁မိနစ်တွင် ဘာနာဒိုဆေးလ်ဗားတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းအုပ်စုမှ ဟော်ဖန်ဟိမ်းနှင့် လိုင်ယွန်ပွဲတွင် တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များအဖြစ် ဘိုင်ယန်မြူးနစ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အေအီးကေအေအသင်းကို အနိုင်ရပြီး အေဂျက်က တစ်ဂိုး-ဂိုးမရှိဖြင့် ဘင်ဖီကာကို အနိုင်ရခဲ့သည်။ ရိုးမားက CSKA မော်စကိုကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် ဗစ်တိုးရီးယားပါလ်ဇန်ကို အနိုင်ရခဲ့သည်။ **သီဟ**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အသိပေးတင်ပြချက်

အစိုးရဌာနအဖွဲ့အစည်းများရဲ့
တည်ဆောက်ခြင်း၊
ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊
ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ
ပြုလုပ်လိုတဲ့အခါ တင်ဒါခေါ်ယူလေ့ရှိပါတယ်။

တင်ဒါခေါ်ယူတဲ့အခါ
အရေးတကြီးသိထားသင့်တဲ့
ဒီအချက်တွေကို
သင်သိပြီးပြီလား ?




နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ဖြင့်
တင်ဒါလုပ်ထုံးလုပ်နည်းများကို
အခုလိုထုတ်ပြန်ထားပါတယ်။

နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ
လေလွင့်ဆုံးရှုံးမှုမရှိစေရန်။




- အဂတိလိုက်စားမှုများ မရှိစေရန်။
  - တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများ မဖြစ်စေဘဲ




မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်

- ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်။




- နိုင်ငံတော်နှင့်ပြည်သူများအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်စေရန်တို့ပဲ ဖြစ်ပါတယ်။




တင်ဒါခေါ်ယူတဲ့အခါ ကော်မတီများကိုလည်း
စနစ်တကျဖွဲ့စည်းရပါမယ်။
- တင်ဒါကော်မတီ
- ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ
- တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
- အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ

စသည်ဖြင့် သတ်မှတ်ချက်နှင့်အညီဖွဲ့စည်းပြီး
တာဝန်များကို ခွဲဝေဆောင်ရွက်ရပါမယ်။




တင်ဒါလုပ်ငန်းစဉ်များ
ဆောင်ရွက်ရာတွင်လည်း
- ရန်ပုံငွေခွင့်ပြုချက် ရှိ၊ မရှိ စိစစ်ခြင်း
- ဝယ်ယူရေးအစီအစဉ်ရေးဆွဲတင်ပြ အတည်ပြုချက်ရယူခြင်း
- စာချုပ်ဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း
- တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြေညာခြင်း
- တင်ဒါများကို အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် ကန်ထရိုက်အပ်နှင်းရန် အကြံပြုချက်များ ပါဝင်သည့်အစီရင်ခံစာများ တင်ပြခြင်း
- တင်ဒါအောင်မြင်သူများအား ထုတ်ပြန်ကြေညာခြင်း
- စာချုပ်ပြင်ဆင်ခြင်းနှင့် ချုပ်ဆိုခြင်း
- စာချုပ်ငွေ ပေးချေခြင်းအပါအဝင် စာချုပ်ကို စီမံခန့်ခွဲခြင်း စသည့် တင်ဒါလုပ်ငန်းစဉ်များကို စနစ်တကျ လုပ်ကိုင်ရပါမယ်။




တင်ဒါလုပ်ငန်းစဉ်တွင်ပါဝင်သည့်
တင်ဒါအောင်မြင်သူများအား
ထုတ်ပြန်ကြေညာခြင်းလုပ်ငန်းတွင်

တင်ဒါစာရွက်စာတမ်း၌ ဖော်ပြပါရှိသည့်
နည်းလမ်း၊ နေရာနှင့် အချိန်အတိုင်း
တင်ဒါတင်သွင်းသူများရှေ့တွင် ဖွင့်ဖောက်ရပါမည်။




စံချိန်စံညွှန်းသတ်မှတ်ချက်နှင့်အညီ
စိစစ်အကဲဖြတ်၍ နည်းပညာစံချိန်
စံညွှန်းကိုက်ညီသော တင်ဒါ
တင်သွင်းသူများအနက်မှ ဈေးနှုန်း
အနည်းဆုံးတင်သွင်းသူများအား ရွေးချယ်၍
တင်ဒါ အောင်/ရှုံးကို ဆုံးဖြတ်ပြီး

တင်ဒါအောင်မြင်သူများကို
ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်
တင်ဒါခေါ်ယူသည့် ဝန်ကြီးဌာန၏
Website တွင် တရားဝင်ထုတ်ပြန်ကြေညာပြီး
ကန်ထရိုက်အပ်နှင်းခြင်းကို
ဆောင်ရွက်ရမည်။




တင်ဒါမအောင်မြင်သော
တင်ဒါတင်သွင်းသူများအား
တရားဝင်အကြောင်းကြားပြီး
တင်ဒါအာမခံကြေးကို
(၇)ရက်အတွင်း ပြန်လည်ထုတ်ပေးရမည်။

တင်ဒါလုပ်ငန်းစဉ်များအားလုံးကို
မှတ်တမ်းများထားရှိပြီး အနည်းဆုံး
၃ နှစ် ထိန်းသိမ်းထားရှိရပါမယ်။

- လက်ခံရရှိသည့်တင်ဒါများ
- စိစစ်အကဲဖြတ်မှုအစီရင်ခံစာ
- တင်ဒါကော်မတီ၏မှတ်တမ်း
- လက်မှတ်ရေးထိုးပြီးစာချုပ်
- ငွေပေးချေမှုဆိုင်ရာအချက်အလက်များ
- လက်ခံရရှိကြောင်း အသိအမှတ်ပြုစာ
- အခြားဆက်စပ်စာရွက်စာတမ်းများ

စသည်တို့ ဖြစ်ပါတယ်။




တင်ဒါလုပ်ငန်းစဉ်တစ်ခုတွင်
နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ကို ဖောက်ဖျက်လျက်
နိုင်ငံတော်၏ ငွေကြေးပစ္စည်း
ထိခိုက်နစ်နာဆုံးရှုံးလျှင်
အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြစ်သည့်အတွက်
အရေးယူခံရနိုင်ကြောင်း ရှင်းရှင်းလင်းလင်း
နားလည်သဘောပေါက်သင့်ပါတယ်။




ဒါကြောင့် တင်ဒါလုပ်ထုံးလုပ်နည်း
၁/၂၀၁၇ ကို
တိကျစွာ လိုက်နာနိုင်မည်ဆိုလျှင်
အဂတိလိုက်စားမှု မမြောက်နိုင်ကြောင်း
တင်ပြအပ်ပါတယ်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ပြင်သစ်ရဲများက ယာယီရွက်ဖျင်တဲများ၌ နေထိုင်နေသည့် ရွှေ့ပြောင်းအခြေချသူ ၁၈၀၀ ခန့်ကို ရှင်းလင်း

**ပါရီ အောက်တိုဘာ ၂၄**

ပြင်သစ်ရဲများက ဒန်ကာ့ခ်အနီးတွင် စခန်းချနေသည့် ယာယီရွက်ဖျင်တဲများ၌ နေထိုင်နေသည့် ရွှေ့ပြောင်းအခြေချသူ ၁၈၀၀ခန့်ကို ရှင်းလင်းခဲ့ကြောင်း၊ ၎င်းတို့အား ဗြိတိန်သို့ တရားမဝင် လူကုန်ကူးမှု ပြုလုပ်မည့် လူကုန်ကူးသမားများ၏ အန္တရာယ်မှ ကာကွယ်နိုင်မည်ဟု မျှော်လင့်ကြောင်း သိရသည်။

ရွှေ့ပြောင်းအခြေချသူများကို တားဆီးရန် အရုဏ်တက်ချိန်တွင် ရဲတပ်ဖွဲ့ဝင်များစွာ ဒန်ကာ့ခ်စခန်းသို့ ရောက်ရှိလာသည်။ ရွှေ့ပြောင်းအခြေချသူအများစုသည် အီရတ်ကာ့ဒ်အများစုဖြစ်ပြီး နားခိုရာနေရာများသို့ ဘတ်စ်ကားများဖြင့် ထွက်ခွာနေကြကြောင်း သိရသည်။

၂၀၁၆ ခုနှစ်က တောတွင်းရွှေ့ပြောင်းအခြေချနေထိုင်သူများခိုလှုံရာ စခန်းများ ဖျက်ဆီးခံရသည့် အချိန်တွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် ကားခိုးစီးပြီး ဗြိတိန်သို့သွားရန် မျှော်လင့်ချက်ဖြင့် ကမ်းရိုးတန်းများဆီသို့ ဆက်လက်ချီတက်နေကြောင်း သိရသည်။

ဒုက္ခသည်များနှင့် ပိုမိုကောင်းမွန်သည့်ဘဝကို ရှာဖွေနေသည့် ရွှေ့ပြောင်းအခြေချသူများသည် ဒန်ကာ့ခ်အနီးဝန်းကျင်ဒေသရှိ သစ်တောများ၊ ရေကန်များရှိသည့်နေရာကို ခရီးတစ်ထောက် နားခိုရာနေရာတစ်ခုအဖြစ် သတ်မှတ်နေထိုင်ခဲ့ကြသည်။

မိသားစုများပါဝင်သည့် ရွှေ့ပြောင်းအခြေချသူများသည် ဟော့စ်-ဒီ-စိန့် ဒေသတစ်လျှောက်ရှိ အရေးပေါ်စခန်းများတွင် ဂရုတစိုက် စောင့်ရှောက်ခြင်းများခံရနိုင်သလို နားခိုရာနေရာများလည်း ရရှိနိုင်ကြောင်း ဒေသခံအာဏာပိုင်များက ပြောခဲ့သည်။

လူမှောင်ခိုကူးမှုများ မြင့်တက်နေချိန်တွင် အဆိုပါ စခန်းများ၌ နေထိုင်သူများ လူမှောင်ခိုကူး မခံရစေရန် ရည်ရွယ်ပြီး အခုလို စောင့်ရှောက်ခြင်းများ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

တချို့ရွှေ့ပြောင်းသူများသည် တိုက်ခိုက်ခံရနိုင်ခြေရှိသည့် ခြိမ်းခြောက်မှုများကို သတိထားနေရပြီး နားခိုရာစခန်းများမှ ထွက်ခွာခဲ့သော်လည်း နောက်ပိုင်းတွင် စခန်းများသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း၊ ရွှေ့ပြောင်းဒုက္ခသည်များကို အကူအညီပေးရေးအဖွဲ့မှ ကလောဒီလီနွိုင်က ပြောခဲ့သည်။

ရွှေ့ပြောင်းဒုက္ခသည်များသည် အဆိုပါ ခိုနားရာနေရာများတွင် ရေချိုးရန်၊ ရေအိမ်အသုံးပြုရန် စသည့် နေရာများမရှိဘဲ နေထိုင်ခဲ့ကြောင်း သိရသည်။ မကြာသေးမီကမှ အသစ် ခန့်အပ်ခဲ့သည့် ပြည်ထဲရေးဝန်ကြီး ခရစ်စတိုဖာကတ်စ်တာနာသည် တရားမဝင် ရွှေ့ပြောင်းဒုက္ခသည်များအပေါ် သဘောထား တင်းမာလျက် ရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**




ရွက်ဖျင်တဲများဖြင့် နေထိုင်သည့် ရွှေ့ပြောင်းအခြေချသူများအား ရှင်းလင်းရာတွင် ပြင်သစ်လုံခြုံရေးတပ်ဖွဲ့ဝင်များ စောင့်ကြည့်စဉ်

# ဆော်ဒီဂျာနယ်လစ်အသတ်ခံရမှုနှင့် ပတ်သက်သူများကို အမေရိကန်ဗီဇာ ပြန်သိမ်းမည်




အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို

**နယူးယောက် အောက်တိုဘာ ၂၄**

ဆော်ဒီဂျာနယ်လစ် အသတ်ခံရမှုနှင့် ဆက်စပ်လျက်ရှိသည့် ဆော်ဒီနိုင်ငံသားများ၏ ဗီဇာကို အမေရိကန်က ပြန်လည်သိမ်းယူမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဂျမားလ်ခါရှော့ဂီ အသတ်ခံရမှုမှာ ကောင်စစ်ဝန်ရုံးအတွင်း ရန်ပွဲတစ်ခု၌ ပါဝင်ရင်း အသတ်ခံရသည်ဟု ဆော်ဒီအာဏာပိုင်များက ဖြေရှင်းခဲ့သော်လည်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကမူ အဆိုပါ ဖြစ်ရပ်ကို အဆိုးရွားဆုံးသော ဖြစ်ရပ်တစ်ခုဟု ဝေဖန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဗီဇာများ ပြန်လည်သိမ်းယူခြင်းနှင့် သင့်တော်သော အရေးယူမှုများ ပြုလုပ်သွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောသည်။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဆော်ဒီနိုင်ငံသား ၂၁ ဦးမှာ ဗီဇာများ ပြန်လည်သိမ်းယူခြင်း၊ ဗီဇာလျှောက်ထားမှုမရခြင်းတို့ ပြုလုပ်ခံရမည်ဖြစ်ကြောင်း သိရသည်။

မစ္စတာခါရှော့ဂီ အသတ်ခံရမှုအတွက် ဆက်စပ်သောသူများကို အပြစ်ပေးမှုများ ပြုလုပ်ရာတွင် ယခုတစ်ကြိမ်သည် အပြီးသတ်မဟုတ်ကြောင်း၊ ကျိုးကြောင်းဆီလျော်သည့် ဖြေရှင်းချက်များရသည်အထိ အရေးယူမှုများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ရက်စက်လှသည့် လူသတ်မှုမျိုးကို အမေရိကန်က သည်းခံနေမည် မဟုတ်ကြောင်း မစ္စတာပွန်ပီအိုက ပြောသည်။

ထိုသို့သော အရေးယူမှုကို အမေရိကန်ဘက်မှပြုလုပ်ရန် အစီအစဉ်ရှိသော်လည်း ဆော်ဒီနိုင်ငံနှင့် အမေရိကန်နိုင်ငံ၏ ချစ်ကြည်ရေးအတွက်မူ ဆက်လက်ထိန်းသိမ်းကာ ရှေ့ဆက်သွားမည် ဖြစ်ကြောင်း၊ အခုပြုလုပ်မည့် အရေးယူမှုမျိုးသည် အမေရိကန်နှင့် ဆော်ဒီနိုင်ငံတို့ ပူးပေါင်းပြုလုပ်လျက်ရှိသည့် အကြမ်းဖက်မှုနှိမ်နင်းရေး ကိစ္စများကိုမူ ထိခိုက်လိမ့်မည် မဟုတ်ကြောင်း မိုက်ပွန်ပီအိုက ဆက်ပြောခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တာလီဘန်များ၏ တိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

**ကဘူးလ် အောက်တိုဘာ ၂၄**

တနင်္လာနေ့က တာလီဘန်များ၏ တိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုဖြစ်ရပ်သည် အဆင့်မြင့်လုံခြုံရေးအရာရှိကြီးများအစည်းအဝေးတွင် အမေရိကန်ဗိုလ်ချုပ်တစ်ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်ရပ်ပြီးနောက် ဆက်တိုက်ဖြစ်ပေါ်လာသော တိုက်ခိုက်မှုတစ်ခုလည်း ဖြစ်သည်။

အာဖဂန်အနောက်ပိုင်းပြည်နယ် ဟာ့ဒ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှု၌ ထိခိုက်ခံစားခဲ့ရသော တပ်ဖွဲ့ဝင်များမှာ မည်သည့်နိုင်ငံက ဖြစ်သည်ကိုမူ နေတိုးအဖွဲ့မှ ချက်ချင်းသတင်း ထုတ်ပြန်ခဲ့ခြင်း မရှိပေ။

အမေရိကန် ထိပ်တန်း အရာရှိကြီးများနှင့် အာဖဂန်ဆိုင်ရာ နေတိုးအရာရှိကြီးများ အစည်းအဝေးတွင် ဗိုလ်ချုပ် စကော့မေလာ အပါအဝင် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြရာ ယင်းအစည်းအဝေးတွင် အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်များကဲ့သို့ ဝတ်ဆင်ထားသော အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်ခဲ့ကြသည်။

ယင်းတိုက်ခိုက်မှုမှာ ဗိုလ်ချုပ်ကြီး မေလာနှင့် ရဲချုပ် အဗ္ဗဒူရာဇစ်တို့ကို ပစ်မှတ်ထားသည်ဟု တာလီဘန်များကပြောကြားခဲ့သော်လည်း အမေရိကန် အရာရှိကြီးများက ယင်းတိုက်ခိုက်မှုမှာ အာဖဂန်အချင်းချင်း ပစ်မှတ်ထား တိုက်ခိုက်သည့် ဖြစ်ရပ်ဟုသာ ပြောကြားသည်။ ထိုဖြစ်ရပ်အပြီး လေးရက်အကြာ ယခုကဲ့သို့ နေတိုးတပ်ဖွဲ့ဝင်များ ထပ်မံတိုက်ခိုက်ခံရခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**

# ဥရောပကော်မရှင်က အီတလီနိုင်ငံ၏ အသုံးစရိတ်မူကြမ်းကို ပထမဆုံးအကြိမ်ပယ်ချ

**ဘရပ်ဆဲလ် အောက်တိုဘာ ၂၄**

ဥရောပကော်မရှင်သည် အောက်တိုဘာ ၂၃ ရက်က အီတလီနိုင်ငံ၏ ၂၀၁၉ အသုံးစရိတ်မူကြမ်းကို ပယ်ချခဲ့ကြောင်းနှင့် ယခုကဲ့သို့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ငွေကြေးအသုံးစရိတ် အစီအစဉ်နှင့် ပတ်သက်ပြီး ပယ်ချခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသုံးစရိတ်ကိုစိစစ်ပြီး မလိုအပ်သော အသုံးစရိတ်များကို လျှော့ချသည့် အသုံးစရိတ်မူကြမ်းအသစ်တစ်ခုကို ပြန်တင်နိုင်ရေးအတွက် ဥရောပကော်မရှင်က အီတလီနိုင်ငံ၏ လူကြိုက်များသည့် အစိုးရကို အချိန်သုံးပတ်ပေးခဲ့ကြောင်း သိရသည်။

ဥရောပကော်မရှင်က ပထမဆုံးအကြိမ်အဖြစ် ဥရောပအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ဘဏ္ဍာရေးအသုံးစရိတ်မူကြမ်းနှင့် ပတ်သက်ပြီး ပြန်လည်စိစစ်ရန် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗယ်ဒစ်ဒွန်ဘရော့ဗ်စကီက သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

ဥရောပကော်မရှင်အဖွဲ့ဝင်မဖြစ်ခင်က လိုက်နာလက်ခံခဲ့သည့် စည်းမျဉ်းများကို ရည်ညွှန်းလျက် အီတလီအစိုးရသည် ပေးခဲ့သော ကတိများကို ပွင့်လင်းစွာ ဆန့်ကျင်သလိုဖြစ်နေကြောင်း ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗယ်ဒစ်ဒွန် ဘရော့ဗ်စကီက ပြောခဲ့သည်။

ဥရောပသည် နက်နဲသည့် ယုံကြည်မှုများကို အခြေခံလျက် တည်ဆောက်ထားခြင်းဖြစ်သည်။ အကယ်၍ ယုံကြည်မှုသာ ကျိုးပေါက်ခဲ့ပါက အဖွဲ့ဝင်နိုင်ငံများလည်း ဒုက္ခရောက်နိုင်သလို ဥရောပတစ်ခုလုံးလည်း ပျက်စီးသွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**




ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗယ်ဒစ်ဒွန်ဘရော့ဗ်စကီ

## နိုင်ငံတကာ သတင်းတိုထွာ

### တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်ပို့မည်

**ရာဘတ် အောက်တိုဘာ ၂၄**

မော်ရိုကို နယ်စပ်ခြံစည်းရိုးကိုဖြတ်ကျော်ပြီး အာဖရိကတိုက် မြောက်ဘက်ကမ်းရိုးတန်းရှိ မြို့တော် မယ်လီလာသို့ ဝင်ရောက်ရန် ကြိုးစားနေသည့် ဆာဟာရ သဲကန္တာရတောင်ပိုင်း အာဖရိကနိုင်ငံများမှ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၁၄၁ ဦးကို ၎င်းတို့နှင့် သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်လည်ပို့ဆောင်တော့မည် ဖြစ်ကြောင်း မော်ရိုကိုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက မကြာသေးမီတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆာဟာရတောင်ပိုင်း အာဖရိကနိုင်ငံများမှ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၃၀၀ ကျော်သည် မကြာသေးမီက မော်ရိုကိုနှင့် မယ်လီလာနယ်စပ်ခြံစည်းရိုးကို ကျော်ဖြတ်ရန် ကြိုးစားခဲ့ပြီး အချို့မှာ မယ်လီလာသို့ ဝင်ရောက်သွားခဲ့ကြောင်း သိရသည်။

ယခုနှစ်ပိုင်းတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ အမြောက်အမြားသည် မော်ရိုကိုနိုင်ငံမှတစ်ဆင့် ကုန်းလမ်း သို့မဟုတ် ရေလမ်းဖြင့် ဥရောပသို့ သွားရောက်နေကြကြောင်း သိရသည်။

**ဆင်ဟွာ**

### ဆော်ဒီသတင်းထောက် ကြိုတင်ကြံစည်သတ်ဖြတ်ခံရခြင်း ဖြစ်ကြောင်း တူရကီသမ္မတ ပြော

**အန်ကာရာ အောက်တိုဘာ ၂၄**

ဆော်ဒီသတင်းထောက် ဂျမားလ် ခါရှော့ဂီမှာ ကြိုတင်ကြံစည်သတ်ဖြတ်ခံရခြင်းဖြစ်ကြောင်းနှင့် အဆိုပါကိစ္စကို ညွှန်ကြားစေခိုင်းသူ အပါအဝင် တာဝန်ရှိသူအားလုံးကို အပြစ်ပေးအရေးယူသွားမည်ဖြစ်ကြောင်း တူရကီသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်က အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ကောင်စစ်ဝန်ရုံးကို ခါရှော့ဂီ မရောက်ခင် တစ်ရက်အလိုကတည်းက အစ္စတန်ဘူလ်မြို့ကို လေယာဉ်နှင့် အဖွဲ့များ ရောက်ရှိလာကြကြောင်းနှင့် ကောင်စစ်ဝန်ရုံး ထောက်လှမ်းစောင့်ကြည့်စနစ်ထဲက အချက်အလက်များ သိမ်းဆည်းသည့် ဟာ့ဒ်ဒရိုက်ဖ်ကိုလည်း ဖယ်ရှားခဲ့ကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြောကြားခဲ့သည်။

သတင်းထောက် ခါရှော့ဂီလက်ထပ်မည့်သူသည် ကောင်စစ်ဝန်ရုံးအပြင်၌ နာရီနှင့်ချီ စောင့်ဆိုင်းခဲ့ပြီးနောက် တူရကီအာဏာပိုင်များကို ဆက်သွယ်က ခါရှော့ဂီဖမ်းဆီးခံထားရပြီး အန္တရာယ်ရှိနေပုံရကြောင်း၊ ကောင်စစ်ဝန်ရုံးသည် သံတမန်ရေးအရ ကင်းလွတ်ခွင့်ရှိနေသောကြောင့် စုံစမ်းစစ်ဆေးမှုများ နှောင့်နှေးခဲ့ရကြောင်း တူရကီသမ္မတ အာဒိုဂန်က လွှတ်တော်၌ ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျဘက်မှ လူသတ်မှုဝန်ခံလိုက်ခြင်းသည် ကောင်းမွန်သည့် အချက်တစ်ချက်ပင် ဖြစ်ကြောင်းနှင့် တာဝန်ရှိသူမည်သူပင်ဖြစ်ပါစေ နိုင်ငံခေါင်းဆောင်များက အရေးယူရန် မျှော်လင့်ကြောင်း သမ္မတ အာဒိုဂန်က ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးရဲ့ အနာဂတ်သမ္မတ ဘယ်သူဖြစ်လာမလဲ

**ခြူးစန္ဒီနွေး**

**ဘရာဇီးနိုင်ငံမှာ သမ္မတ၊ ဒုတိယသမ္မတတို့ ရွေးချယ်မယ့်ရွေးကောက်ပွဲကို အောက်တိုဘာ ၇ ရက်မှာ စတင်ကျင်းပခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ရာထူးအတွက် ရွေးကောက်ပွဲကိုလည်း ကျင်းပခဲ့ပါတယ်။**



### အဓိကပြိုင်ဘက်နှစ်ဦး

ရွေးကောက်ပွဲ ပထမအကျော့ကျင်းပပြီးချိန်မှာတော့ လွှတ်တော်အမတ် ဂျိုင်အာဘော်ဆွန်နယ်ရိုက ဦးဆောင်နေပါတယ်။ ဘော်ဆွန်နယ်ရိုဟာ ဆိုရှယ်လစ်ဘရယ်ပါတီမှ ပါတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့အဓိကပြိုင်ဘက်ကတော့ ဆော်ပိုလိုမြို့တော်ဝန်ဟောင်း ဖာနန်ဒိုဟတ်ဒတ် ဖြစ်ပြီး ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ ဆော်ပိုလိုမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။သူ့ရဲ့ပါတီကတော့ အလုပ်သမားပါတီပါ။ ယခင်သမ္မတဟောင်း လူဝီအနာစီယိုလူလာဒါဆေးဗား နေရာမှာ အစားထိုးပြီး ၂၀၁၈ ခုနှစ်အတွက် သမ္မတရွေးကောက်ပွဲကို ဝင်ခဲ့တာပါ။ ယခင်သမ္မတဟောင်းဟာ ရွေးကောက်ပွဲခုံရုံးက သမ္မတရွေးကောက်ပွဲ ဝင်ပြိုင်ခွင့်ပိတ်ခံရလို့ သူ့နေရာမှာ ဖာနန်ဒိုဟတ်ဒတ် ကို အစားထိုးလိုက်တာလည်း ဖြစ်ပါတယ်။

### ရွေးကောက်ပွဲမှာ ရေပန်းစားသူ

လက်ရှိမှာ လူကြိုက်များနေတဲ့သူကတော့ လက်ယာစွန်းရောက် ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဂျိုအာဘော်ဆွန်နယ်ရိုပဲ ဖြစ်ပါတယ်။ သူဟာ နောက်တစ်ပတ်အတွင်းမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ အနိုင်ရပြီး သမ္မတဖြစ်လာတော့မယ်လို့ ရေပန်းစားနေပါတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်ခန့်က ကျင်းပခဲ့တဲ့ ပထမအကျော့ မဲပေးပွဲမှာတော့ ဘော်ဆွန်နယ်ရိုဟာ အခြားသောပြိုင်ဘက်တွေကို နောက်မှာချန်ရစ်ထားနိုင်ခဲ့ပါတယ်။ မဲအရေအတွက်ရဲ့၄၆ ရာခိုင်နှုန်းကို အပိုင်သိမ်းနိုင်ခဲ့ပါတယ်။လူထုသဘောဆန္ဒတွေ ကောက်ယူကြည့်ရာမှာတော့ သူ့ကို ထောက်ခံသူ ၅၉ ရာခိုင်နှုန်းရှိပြီး ပြိုင်ဘက် မစ္စတာ ဟတ်ဒတ်ကို ထောက်ခံသူကတော့ ၄၁ ရာခိုင်နှုန်းရှိပါတယ်။ မဲဆွယ်စည်းရုံးရေးကာလတွေအတွင်း သူ့ရဲ့ ပုံရိပ်တွေဟာ အကျင့်စာရိတ္တမှာ ပြောစရာမလိုလောက်တဲ့ နိုင်ငံရေးသမားအဖြစ် ထင်ဟပ်လာအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ သူဟာ ထကြွသောင်းကျန်းနေတဲ့ ရာဇဝတ်မှုတွေကို နှိမ်နင်းလိုပြီး လက်ရှိမှာ အဆိုးဆုံးဖြစ်နေတဲ့ အကျင့်ပျက်ခြစားမှုတွေကိုပါ အမြစ်ဖြတ်နှိမ်နင်းလိုတဲ့သူအဖြစ် နာမည်ကျော်နေပါတယ်။

### အကောင်းဆုံးလက်နက်

ပြိုင်ဘက်ဖြစ်သူ မစ္စတာ ဟတ်ဒတ်ရဲ့အလုပ်သမားပါတီအပေါ် သူ့ရဲ့ထိုးနှက်ချက်တွေဟာလည်း ပြင်းထန်လှပါတယ်။ အကျင့်ပျက်ခြစားမှုနဲ့ ထောင်ထဲရောက်နေတဲ့ ယခင်သမ္မတဟောင်း လူဝီအနာစီယို လူလာဒါဆေးဗားရဲ့ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်မှုတွေကို ထောက်ပြရတာဟာ သူ့အတွက် အကောင်းဆုံးထိုးနှက်ဖွယ်ရာလက်နက်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒီလိုမျိုး သူ့မှာ ထောက်ခံမှုတွေရှိနေပေမယ့် မစ္စတာ ဘော်ဆွန်နယ်ရိုကို ဆန့်ကျင်သူတွေလည်း ရှိနေပြန်ပါသေးတယ်။ မပြောပလောက်တဲ့ ဆန့်ကျင်သူအုပ်စုအနည်းငယ်ဟာ သူ့ရဲ့ခရီးလမ်းမှာ အတားအဆီးအနှောင့်အယှက်သဖွယ် ဖြစ်လို့နေပါတယ်။

### ပိုမိုလူသိများလာ

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မစ္စတာ ဘော်ဆွန်နယ်ရိုကို ဆန့်ကျင်ဆန္ဒပြသူတွေဟာ အယူအဆခံယူချက် အစွန်းရောက်လာတာ၊ နှစ်ခြမ်းကွဲလာတာကို ထောက်ပြခဲ့ပါတယ်။ ပထမအကျော့ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးပွဲမှာတော့ မစ္စတာ ဘော်ဆွန်နယ်ရိုဟာ လုပ်ကြံသူတစ်ဦးရဲ့ ဓားနဲ့ တိုက်ခိုက်တာကို ခံရပါတယ်။ အဲဒီနောက်မှာတော့ သူ့ကို လူသိပိုများလာခဲ့ပါတယ်။ အဲဒီနောက် သူပြန်ပြီး နာလန်ထလာတဲ့အခါမှာတော့ သူ့ရဲ့ ကျွမ်းကျင်မှုတစ်ခုဖြစ်တဲ့ ဆိုရှယ်မီဒီယာကနေတစ်ဆင့် သူ့ကို ထောက်ခံတဲ့ လူသန်းပေါင်းများစွာနဲ့ စကားပြောခဲ့ပါတယ်။ ဂျာနယ်လစ်တွေနဲ့ အင်တာဗျူးတာကိုတော့ ရှောင်ရှားခဲ့ပါတယ်။

### ကမ္ဘာ့ခေါင်းဆောင်များနဲ့ နှိုင်းယှဉ်

ဒါကြောင့်လည်း သူ့ကို ကမ္ဘာပေါ်မှာ နာမည်ကြီးနေတဲ့ ခေါင်းဆောင်အချို့နဲ့တူတယ်ဆိုပြီး နှိုင်းယှဉ်မှုတွေ ပြုလုပ်လာကြတယ်။ အချို့ကတော့ သူ့ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့တူတယ်ဆိုပြီး နှိုင်းယှဉ်ကြတယ်။ အချို့ကတော့ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးနဲ့တူတယ်ဆိုပြီး ပြောလာပြန်တယ်။ အီတလီမီဒီယာတွေကတော့ သူ့ကို ဘရာဇီးရဲ့ ဆယ်ဗေနီလို့ တင်စားကြပါတယ်။ အီတလီရဲ့လက်ယာစွန်းရောက် ပြည်ထဲရေးဝန်ကြီး မက်တီရီယိုဆယ်ဗေနီနဲ့ နှိုင်းယှဉ်လိုက်တာပါ။

### လူမှုကွန်ရက်ပြဿနာ

လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ Whats App အသုံးပြုခြင်းဟာလည်း ဘရာဇီးမှာ အငြင်းပွားဖွယ်ရာ အကြောင်းဖြစ်လာခဲ့ပါတယ်။ အလုပ်သမားပါတီကို တိုက်ခိုက်ဖို့အတွက် လူမှုကွန်ရက်ကနေတစ်ဆင့် မဲဆန္ဒရှင်တွေကို သတိပေးမှုတွေ၊ လှုံ့ဆော်မှုတွေပြုလုပ်ဖို့အတွက် ကုမ္ပဏီအချို့နဲ့ ဒေါ်လာသုံးသန်းတန်စာချုပ် ချုပ်ဆိုထားတယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာတဲ့အခါမှာတော့ Whats App အသုံးပြုခြင်းဟာ စဉ်းစားစရာဖြစ်လာပါတယ်။ Whats App အပလီကေးရှင်းဟာ ဘရာဇီးမှာ အသုံးများတဲ့ လူမှုကွန်ရက်တစ်ခုဖြစ်ပြီး လူဦးရေသန်း ၂၁၀ မှာ ထက်ဝက်နီးပါးခန့်က Whats App ကို အသုံးပြုကြပါတယ်။ မစ္စတာ ဘော်ဆွန်နယ်ရိုကတော့ သူ့ကို ထောက်ခံသူတွေပြုလုပ်တဲ့ အရာတွေဟာ သူနဲ့မဆိုင်ဘူးလို့ ငြင်းထားပါတယ်။ ဖေ့စ်ဘုတ်ကပဲ ပိုင်ဆိုင်တဲ့ Whats App ဟာ ၂၀၁၆ ခုနှစ် အမေရိကန်ရွေးကောက်ပွဲနဲ့ ဥရောပသမဂ္ဂကနေ ဗြိတိန်နုတ်ထွက်ဖို့ မဲပေးတဲ့လူထုဆန္ဒခံယူပွဲတို့မှာ ကြားဝင်နှောင့်ယှက်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အစစ်ခံထားရတာလည်း ဖြစ်ပါတယ်။

### အကောင့်များစွာအပိတ်ခံရ

အဲဒီနောက်မှာတော့ အကောင့်ထောင်ပေါင်းများစွာကို ပိတ်ပစ်ခဲ့ပါတယ်။ သူပိတ်ပစ်လိုက်တဲ့ အကောင့်ထဲမှာ မစ္စတာ ဘော်ဆွန်နယ်ရိုရဲ့ သားဖြစ်သူ အသုံးပြုတဲ့အကောင့်လည်း ပါပါတယ်။

### ပြည်သူများရဲ့ရှုမြင်မှု

ဒီလိုမျိုးကိစ္စရပ်တွေရှိပေမယ့် ပြည်သူအများကတော့ သူ့ကို ဖွံ့ဖြိုးမှုနှေးကွေးနေတဲ့ စီးပွားရေးကို အောင်မြင်အောင် လုပ်နိုင်မယ့်သူ၊ ဘရာဇီးနိုင်ငံရဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို အကာအကွယ်ပေးနိုင်မယ့်သူလို့ မြင်ကြပါတယ်။ သုတေသီတွေ ရှုမြင်သုံးသပ်ကြတာကတော့ ဘရာဇီးပြည်သူတွေရဲ့ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းတွေအပေါ် စိတ်ပျက်နေတာကို အခွင့်ကောင်းရအောင် ယူသွားနိုင်တဲ့လူလို့ သုံးသပ်ကြပါတယ်။

### အလုပ်သမားပါတီရဲ့အခက်အခဲ

ဘရာဇီးမှာ နိုင်ငံရေးသမားအတော်များများကို ကိုယ့်အကျိုးစီးပွားအတွက်သာ ဆောင်ရွက်တဲ့သူ၊ အကျင့်ပျက်ခြစားမှုတွေရှိတဲ့ သူတွေလို့ ရှုမြင်လာကြပါတယ်။ သမ္မတဟောင်းဟာလည်း လာဘ်စားမှု၊ ငွေကြေးခဝါချမှုတို့အတွက် ဖမ်းဆီးခံထားရတာဖြစ်လို့ ဒါဟာ ထောက်ကွက်တစ်ကွက် ဖြစ်နေပါတယ်။ လက်ရှိသမ္မတ မိုက်ကယ်တင်မာကတော့ ယခုရွေးကောက်ပွဲမှာ ပါဝင်ခြင်းမရှိပါဘူး။ သူလည်းပဲ အကျင့်ပျက်ခြစားမှုစွပ်စွဲချက်နဲ့ စုံစမ်းစစ်ဆေးမှုကို ခံနေရတာပဲဖြစ်ပါတယ်။ အလုပ်သမားပါတီဟာ ၂၀၀၃ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်ကြားမှာ အာဏာရလာတာဖြစ်ပြီး စီးပွားရေးအကျပ်အတည်းတွေကြောင့် ပြည်သူလူထုရဲ့အမျက်ထွက်ခြင်းကို ခံရတာလည်းဖြစ်ပါတယ်။

### ဘယ်သူအနိုင်ရမလဲ

ဒုတိယအကျော့ မဲပေးပွဲကိုတော့ အောက်တိုဘာ ၂၈ ရက်မှာ ဆက်လက်ကျင်းပမှာပါ။ အဲဒီရွေးကောက်ပွဲမှာ အလုပ်သမားပါတီက ဖာနန်ဒိုဟတ်ဒတ်ပဲ အနိုင်ရသွားမလား၊ လူကြိုက်များနေတဲ့ ဆိုရှယ်လစ်ဘရယ်ပါတီက ဘော်ဆွန်နယ်ရိုကပဲ အနိုင်ရသွားမလားဆိုတာကို သိရဖို့ကတော့ ရက်ပိုင်းလောက်ပဲ လိုပါတော့တယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

> **“ဘရာဇီးမှာ နိုင်ငံရေးသမားအတော်များများကို ကိုယ့်အကျိုးစီးပွားအတွက်သာ ဆောင်ရွက်တဲ့သူ၊ အကျင့်ပျက်ခြစားမှုတွေရှိတဲ့ သူတွေလို့ ရှုမြင်လာကြပါတယ်။ သမ္မတဟောင်းဟာလည်း လာဘ်စားမှု၊ ငွေကြေးခဝါချမှုတို့အတွက် ဖမ်းဆီးခံထားရတာ ဖြစ်လို့ ဒါဟာ ထောက်ကွက်တစ်ကွက်ဖြစ်”**



# မုံရွာမြို့ သမိုင်းဝင်ဆုတောင်းပြည့်ဘုရားကြီး သီတင်းကျွတ်ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**မုံရွာ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင် ဆုတောင်းပြည့်ဘုရားကြီး သီတင်းကျွတ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အောက်တိုဘာ ၂၉ ရက်(သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)မှ နိုဝင်ဘာ ၇ ရက် (သီတင်းကျွတ် လကွယ်)နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့မှ သိရသည်။

ဆုတောင်းပြည်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရာတွင် အနယ်နယ် အရပ်ရပ်မှ ဒေသထွက်ပစ္စည်းများ၊ မြန်မာ့ ရိုးရာအစားအစာများ၊ အခြားပစ္စည်းများ စနစ်တကျ ရောင်းချနိုင်ရေးအတွက် ဆုတောင်းပြည့်ဘုရားကြီး တစ်ဝိုက်နှင့် ရွှေစည်းခုံဘုရားကြီး အနီးတစ်ဝိုက်တို့တွင် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ် လျက်ရှိကြောင်း သိရသည်။

"ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပတာပါ။ ဘုရားပွဲတော်မှာ မြို့ပေါ်ကျောင်းတိုက် တွေမှာ သီတင်းသုံးနေတဲ့ သံဃာတော် တွေကို ဆွမ်းလောင်းပွဲလုပ်မယ်၊ ဒေသ ထွက်ကုန်တွေ မြန်မာပြည်အရပ်ရပ်က မြန်မာ့ရိုးရာမုန့်တွေ၊ အဝတ်အထည်တွေ၊ ကြွေထည်ပစ္စည်းမျိုးစုံ၊ စတီးပစ္စည်းမျိုးစုံ၊ ဖန်စီပစ္စည်းတွေ၊ လျှပ်စစ်ပစ္စည်းမျိုးစုံ တွေကို ဖလှယ်ရောင်းချကြတယ်။ နောက်ပြီး မုံရွာမြို့ကနေပြီး အနယ်နယ် အရပ်ရပ်မှာ အလုပ်သွားရောက်လုပ်တဲ့ သူတွေ၊ ဆွေမျိုးတွေပြန်ပြီး တွေ့ကြတဲ့ ပွဲလို့လည်း ပြောလို့ရတယ်"ဟု ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့ ရုံး အဖွဲ့မှူး ဦးတင်မောင်စိုးက ပြောသည်။

သမိုင်းဝင်ဆုတောင်းပြည့်ဘုရားကြီး သီတင်းကျွတ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အောင်တိုဘာ ၂၉ ရက်မှ စတင်ကျင်းပ မည်ဖြစ်ပြီး နိုဝင်ဘာ ၁ ရက်တွင် မြို့ပေါ် ကျောင်းတိုက်များတွင် သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သံဃာတော် ၅၀၀၀ ကျော်အား ဆွမ်းလောင်းပွဲ ကျင်းပမည်ဖြစ်ကြောင်း နှင့် နိုဝင်ဘာ ၇ ရက်အထိ ဘုရားပွဲ တော်အား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## နှလုံးနှင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးနှင့် ဆီးချို၊ သွေးချိုရောဂါ စမ်းသပ်စစ်ဆေး ကုသခြင်း လှိုင်ကော်မြို့၌ အခမဲ့ဆောင်ရွက်ပေးမည်

**လှိုင်ကော် အောက်တိုဘာ ၂၄**

ကယားပြည်နယ်အတွင်းရှိ သွေးတိုး၊ နှလုံးနှင့် နှလုံးသွေးကြောကျဉ်း ရောဂါ၊ ဆီးချို၊ သွေးချိုရောဂါရှိသူများအတွက် အရည်အသွေးပြည့်မီသော စစ်ဆေးစမ်းသပ်ကုသမှု များကို လက်လှမ်းမီရရှိစေရန်အတွက် ရည်ရွယ်ပြီး ရန်ကုန်ဆေးတက္ကသိုလ်(၁) သွေးတိုး၊ နှလုံးနှင့် နှလုံးသွေးကြောကျဉ်း ရောဂါဌာနမှူး ပါမောက္ခ ဒေါက်တာ နွယ်နွယ် ဦးဆောင်သော ဆရာဝန် ငါးဦးက စမ်းသပ်စစ်ဆေးကုသခြင်းတို့ကို အခမဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စမ်းသပ်စစ်ဆေးပေးမည့် လူနာအမျိုးအစားမှာ နှလုံးနှင့် နှလုံးသွေးကြောကျဉ်း ရောဂါခံစားနေရသော လူနာများ၊ အသက် (၄၀) နှင့်အထက် နှလုံးရောဂါ၊ နှလုံးသွေး ကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချို သွေးချိုရောဂါ ခံစားနေရသူများ၊ အသက် (၄၀) နှင့်အထက် ယင်းရောဂါ ရှိ မရှိ စမ်းသပ်စစ်ဆေး ကုသမှုခံယူလိုသူများအား စစ်ဆေးကုသပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီအထိ လှိုင်ကော်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနတွင် ကုသပေးသွားမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း လူနာများ ကျန်ရှိနေသေးပါက နောက်ရက်များတွင် ဆက်လက် စမ်းသပ်စစ်ဆေး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရပ်ဝေးမှ လာရောက်ပြသ ကုသမှုခံယူသူများအတွက် လှိုင်ကော်မြို့ပြည်နယ် သာသနာ့ဗိမာန်တွင် တည်းခိုနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ် ပြီး တည်းခိုနေရာမှစမ်းသပ်စစ်ဆေးပေးမည့် လှိုင်ကော်ဆေးရုံကြီးသို့ သယ်ယူ ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ လူမှုကူညီရေးအသင်းများ၊ INGO၊ NGO အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လာရောက်ကုသလိုသူများအနေဖြင့် နိုဝင်ဘာ ၁ ရက်မှ စတင်၍ ပြည်နယ် ကုသရေးဦးစီးဌာန လှိုင်ကော်မှ တာဝန်ခံဆရာဝန် ဒေါက်တာပြည့်ဖြိုးကျော် ဖုန်း- ၀၉-၄၅၈၈ ၃၃၃၄၁ ထံသို့ အမည်စာရင်း လာရောက်ပေးသွင်းနိုင်ကြောင်း သိရ သည်။

**ထွန်းလေး**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီစိစစ်ကာဆောင်ရွက် ပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၆ ဒသမ ၉၂၁ သန်း၊ စက်တင် ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစု ပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၅ ဒသမ ၄၂၉ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဩဂုတ်လ | | စက်တင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ U$$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ U$$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၁၃၀.၀၀၀ * | ၁ | ၄၄.၁၁၀ |
| (ခ) | စက်မှုကဏ္ဍ | ၈ | ၁၁၃.၅၇၆ * | ၁၃ | ၂၁၀.၀၃၄ * |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၁ | ၉၂.၆၈၀ |
| (ဃ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၁၇၀.၂၀၀ | ၁ | ၈၄.၈၀၀ * |
| (င) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁ | ၀.၂၇၁ | - | - |
| (စ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၇.၈၇၄ * | ၁ | ၁၄.၅၆၇ * |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁၅.၀၀၀ | ၃ | ၉.၂၃၈ * |
| | **စုစုပေါင်း** | **၁၂** | **၄၃၆.၉၂၁** | **၂၀** | **၄၅၅.၄၂၉** |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ် ၈၃၂၈၈ ဒသမ ၇၃၀ သန်းနှင့် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ၉၈၉၂၉ ဒသမ ၄၅၇ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံ သား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဩဂုတ်လ | | စက်တင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | - | ၁ | ၅၀၀၀.၀၀၀ |
| (ခ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၂၄၉၀.၄၂၂ | - | - |
| (ဂ) | စက်မှုကဏ္ဍ | ၃ | ၇၆၄၁.၅၉၈ | ၅ | ၈၂၂၆.၁၀၅ |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၄ | ၅၉၆၃၂.၂၆၀ | ၄ | ၁၃၀၄၀.၀၀၀ |
| (င) | လျှပ်စစ်ဓာတ်အားလုပ်ငန်းကဏ္ဍ | - | - | ၁ | ၉၅၆၉.၃၁၀ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁၃၅၂၄.၄၅၀ | ၂၀ | ၆၃၀၉၄.၀၄၂ |
| | **စုစုပေါင်း** | **၉** | **၈၃၂၈၈.၇၃၀** | **၃၁** | **၉၈၉၂၉.၄၅၇** |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဩဂုတ်အတွင်း | စက်တင်ဘာအတွင်း |
| (က) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁၇၆ | ၁၄၂ |
| (ခ) | စက်မှုကဏ္ဍ | ၁၄၁၁ | ၇၂၁၃ |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၃၆ |
| (ဃ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၁၄၈ |
| (င) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၅ | - |
| (စ) | အိမ်ရာအဆောက်အဦ တည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | ၂၀၂၂ | ၁၃၅ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၈ | ၁၂၂ |
| | **စုစုပေါင်း** | **၃၆၈၂** | **၇၇၉၆** |

၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီး နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဩဂုတ်အတွင်း | စက်တင်ဘာအတွင်း |
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၂၀ |
| (ခ) | စက်မှုကဏ္ဍ | ၂၃၈ | ၈၇၉ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၃၇၁ | ၂၈၅ |
| (ဃ) | အိမ်ရာနှင့်အဆောက်အဦတည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | ၁၈ | - |
| (င) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၈၉ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၆၇ | ၆၆၉ |
| | **စုစုပေါင်း** | **၇၉၄** | **၁၉၄၂** |

**သတင်းစဉ်**

# မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်နှင့် အရံစေတီလေးဆူ ရွှေသင်္ကန်းကပ်လှူပူဇော်မည်

**မြိတ် အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် သက်တမ်း ၂၈၇ နှစ်ရှိပြီဖြစ်သော မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီး စေတီတော်ကြီးကို လာရောက်ဖူးမြော်သူ ရဟန်း၊ ရှင်လူ ပြည်သူအများ ကြည်ညိုသဒ္ဓါပွားများစေရန် ရည်ရွယ်၍ အရံစေတီလေးဆူနှင့်အတူ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။



စေတီတော်ကြီးကို (၁၉၉၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အထိ) မြိတ်မြို့သူ မြို့သားများနှင့် စေတနာရှင်များက အုံမခန်းလောက်သည့် သဒ္ဓါတရားဖြင့် ရွှေသင်္ကန်းတော်မှေးမှိန်ခြင်းမရှိစေရန် ရွှေချိန် ၁၈၊၂ ကျပ်သား လှူဒါန်းခဲ့ကြရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ကိုးလက်မပတ်လည် ရွှေပြားများခတ်၍ ရွှေသားအစစ် ရွှေသင်္ကန်းတော်ကို ငှက်ပျောဖူး၊ ကြာမှောက်ကြာလှန်မှ ပထမဖောင်းရစ်အထိ ကပ်လှူပူဇော်နိုင်ခဲ့ကြောင်း သိရသည်။

"စေတီတော်ကြီးကို ၂၀၁၃ ခုနှစ်မှာ ရွှေသင်္ကန်းကပ်လှူပူဇော်ထားသည်မှာ ခြောက်နှစ်ခန့်ကြာမြင့်နေပြီဖြစ်တဲ့အတွက် ရွှေရောင်များ မှေးမှိန်နေပါတယ်။ ဒါကြောင့်မို့ စေတီတော်ကြီးနဲ့ အရံစေတီ လေးဆူလုံးကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူဖို့ ဆောင်ရွက်နေပါတယ်။ ထီးတော်ကြီးကို ရွှေသင်္ကန်းကပ်လှူပြီး ငှက်မြတ်နားနဲ့ စိန်းဖူးတော်မှာရှိတဲ့ ရတနာပစ္စည်းတွေ ကြံ့ခိုင်မှုအနေအထားကိုလည်း စစ်ဆေးဆောင်ရွက်သွားဖို့ရှိပါတယ်။ စေတနာရှင်ပြည်သူတွေက လှူဒါန်းထားတဲ့ ကိုးလက်မပတ်လည် နှစ်ကျပ်သား ရွှေစင်ရွှေပြားတွေကို စေတီတော်ကြီးရဲ့ ဒုတိယဖောင်းရစ်မှာ ကပ်လှူပူဇော်သွားမှာဖြစ်ပါတယ်" ဟု ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစံရည်က ပြောသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# တာချီလိတ်မြို့၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး

**တာချီလိတ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တာဝန်ယူမှုနှင့် လုံခြုံစွာစီးနင်းခြင်းအကြောင်း အသိပညာပေးဟောပြောခြင်း၊ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အမှတ် (၁၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့(တာချီလိတ်) မှ ယာဉ်ထိန်း တာဝန်ခံ ဒုတိယရဲမှူး ဇော်မင်းသိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များနှင့် ကြီးမြတ်သောရွှေမြင်းကုမ္ပဏီမှ လှူဒါန်းပေးသော ဆိုင်ကယ်စီးဦးထုပ်များကို ပေးဝေခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့ရှိ တိုင်းရင်းသားလူငယ်အဖွဲ့မှ တာဝန်ရှိသူများကလည်း ကျောင်းသား ကျောင်းသူများကို မိမိကိုယ်ကိုယ် တာဝန်ယူမှု၊ ယုံကြည်မှု၊ ဆုံးဖြတ်ချက်များနှင့် အကျိုးဆက်များအား ပြန်လည်သုံးသပ်နိုင်ရန် စာတွေ့ လက်တွေ့ သင်ကြားပြသခြင်း၊ ဆိုင်ကယ်မောင်းနှင်ရာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားပါက အန္တရာယ်ကင်းပုံတို့ကို လက်တွေ့သရုပ်ပြ ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)**

# ဆိုလာသုံး အသေးစားဓာတ်အားလိုင်းစနစ် မိတ္ထီလာမြို့နယ်အတွင်း အကောင်အထည်ဖော်

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မိတ္ထီလာမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စု ဒီဒုတ်တောင်ကျေးရွာ၌ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၆၀ ရာခိုင်နှုန်း၊ လုပ်ငန်းရှင်မှ ၂၀ ရာခိုင်နှုန်းနှင့် ပြည်သူလူထုမှ ၂၀ ရာခိုင်နှုန်းထည့်ဝင်ငွေများဖြင့် ဆိုလာစနစ်သုံး အသေးစား လျှပ်စစ်ဓာတ်အားလိုင်းစနစ် (ကျေးလက် မီးလင်းရေးလုပ်ငန်း) ကို ၂၀၁၈ ခုနှစ် ဧပြီလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ Mandalay Yoma Co., Ltd. မှ တာဝန်ယူ၍ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၊ ဆိုလာစနစ်သုံး အသေးစား ဓာတ်အားလိုင်းစနစ်ကို ၂၀၁၈ ခုနှစ် ဧပြီ ၂၄ ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားရရှိမှု ပိုမိုမြင့်မားလာစေရန်၊ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောကျေးရွာများ၏ မီးလင်းရေးစနစ်ကို အကြိုလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန်နှင့် ပြည်သူအချိုးကျ ထည့်ဝင်သည့်စနစ်ဖြင့် ပိုမိုကောင်းမွန်သည့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရန် အစိုးရ၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အိမ်ခြေ ၁၇၄ အိမ်၊ လူဦးရေ ၉၉၃ ဦးရှိသည့် ဒီဒုတ်တောင်ကျေးရွာတွင် မဟာဓာတ်အားလိုင်းပြင်ပမှ လျှပ်စစ်မီးရရှိရေး အကောင်အထည်ဖော်လျက်ရှိပြီး ယနေ့အထိ နေအိမ်များသို့ မီးကြိုးလိုင်းသွယ်တန်းမှုမှာ ၁၂၃ အိမ် သွယ်တန်းပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးဇော်မြင့်က ပြောသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# တရုတ်-မြန်မာ ချစ်ကြည်ရေးဆေးရုံအား တရားဝင်ဖွင့်လှစ်ထားခြင်း ဟုတ်၊ မဟုတ် ဝင်ရောက်စစ်ဆေး

**မူဆယ် အောက်တိုဘာ ၂၄**

မူဆယ်မြို့နယ်တွင် စွမ်ဇော်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော တရုတ်-မြန်မာ ချစ်ကြည်ရေးဆေးရုံအား တရားဝင်ဖွင့်လှစ်ထားခြင်း ဟုတ်၊ မဟုတ် ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းများက အောက်တိုဘာ ၁၈ ရက်တွင် ဝင်ရောက်စစ်ဆေးခဲ့ရာ ထိုသို့စစ်ဆေးရာတွင် ဆေးရုံဖွင့်လှစ်ထားသောနေရာမှာ အလျားပေ ၁၂၀၊ အနံပေ ၆၀ ရှိ မြေကွက်ပေါ်တွင် သုံးထပ်ပါတိုက် အဆောက်အအုံတစ်ခု ဆောက်လုပ်ထားရှိပြီး ပိုင်ရှင်မှာစိစစ်ဆဲဖြစ်ကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရေးဆေးရုံမှာ သက်ဆိုင်ရာခွင့်ပြုချက်ဖြင့် တရားဝင်ဖွင့်လှစ်ထားခြင်းမဟုတ်ကြောင်းနှင့် အဆိုပါဆေးရုံတွင် လုပ်ငန်းဆောင်ရွက်နေသော တရုတ်နိုင်ငံသား ငါးဦးမှာ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာပြီး လုပ်ငန်းများဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ တရုတ်နိုင်ငံသား ငါးဦးအား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၅ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၆ · ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၉၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ · ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၁၉၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းမှ ပုဂံပန်းချီနှင့် အရုပ်လက်ရာများ



မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များထွန်းကားရာ ပုဂံတွင် ထနောင်း၊ မန်ကျည်း၊ တမာပင်တို့တွင် အရုပ်ပေါင်းစုံချိတ်ဆွဲ၍ ပုဂံရောက် အမှတ်တရပစ္စည်းများအဖြစ် ရောင်းချနေသည်များကို ပုဂံသို့သွားသူများအနေဖြင့် ဝယ်ယူနိုင်ကြသည်။ ဓာတ်ပုံများ ရိုက်ကူးနိုင်သည့်အပြင် လက်ပန်းချီပုံများကို ခေတ်သစ်လက်ရာအဖြစ် ရေးဆွဲခြင်းကိုလည်း လူငယ်ထုနှင့် ပုဂံရောက်နိုင်ငံခြားသားများ အထူးစိတ်ဝင်စားလျက်ရှိကြသည်။ ယခုအခါ ရန်ကုန်မြို့တွင်လည်း တိရစ္ဆာန်ဥယျာဉ် ကန်လမ်းရှိ မြောက်ဘက်ဝင်ပေါက်အနီး၌ အဆိုပါ ပုဂံ၏အငွေ့အသက်များကို ခံစားနိုင်မည့် အပြင်အဆင်များ၊ ပန်းချီနှင့် အရုပ်မျိုးစုံကို ပြသရောင်းချသည့် ဝန်ဆောင်မှုကို ပေးလျက်ရှိကာ နိုင်ငံခြားသားများသာမက လူငယ်များလည်း အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ပုဂံစေတီတော်များဝန်းကျင်ရှိ သစ်ပင်များတွင် ချိတ်ဆွဲထားသည့်အတိုင်း မင်းသား၊ မင်းသမီး၊ ဇော်ဂျီ၊ ဘီလူး၊ သူငယ်တော်၊ နတ်ရုပ်၊ သိကြားမင်းရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ စစ်သူကြီးရုပ်၊ ပုဂံထီး၊ ပဝါတို့ကို ချိတ်ဆွဲပြသခြင်း၊ ပန်းပုံ၊ ပုဂံကနုတ်ပုံများကို လက်မောင်းနှင့် လက်ဖျံပေါ်တွင် လက်ပန်းချီအဖြစ် ရေးဆွဲခြင်း စသည့် ပုဂံယဉ်ကျေးမှုအငွေ့အသက်များကို အဆိုပါနေရာတွင် ရရှိနိုင်မည်ဖြစ်သည်။ ခင်းကျင်းပြသထားသော အရုပ်များနှင့် လက်ပန်းချီဆွဲပေးသည့် ဝန်ဆောင်မှုများမှာ ပုဂံမှ ဒေသခံများက တိုက်ရိုက်လာရောက်ပြသခြင်းဖြစ်သည်။

"ဒီမှာ လက်ပန်းချီကို ပြည်တွင်းက အဆွဲများတယ်။ ပုဂံမှာဆိုရင် နိုင်ငံခြားသားတွေက လက်မောင်း၊ လည်ကုပ်နဲ့ လက်ပြင်မှာ ဆွဲတာများတယ်။ ပုဂံအမှတ်တရအင်္ကျီ၊ ဘောင်းဘီဝတ်ပြီး ဖေ့စ်ဘုတ်ပေါ်တင်ကြတာလည်းများတယ်။ ပုဂံမှာ လက်ပန်းချီကို စပြီးဆွဲဖြစ်သွားတာက အဆိုတော်အဖွဲ့ မန္ဒဟာဘုရားကိုလာရင်း ပန်းချီဆရာတစ်ဦးကို လက်မှာ ပန်းကနုတ်ပုံဆွဲခိုင်းပြီး ဖေ့စ်ဘုတ်ပေါ်တင်ရာကနေ နောက်ပိုင်းမှာ ပြည်တွင်းပြည်ပ ခရီးသွားတွေလာတိုင်း ဆွဲပေးရတဲ့ ဝန်ဆောင်မှုတစ်ခု ဖြစ်လာတာပါ။ ပုဂံမှာ တစ်ပုံကို ကျပ်နှစ်ထောင်ယူတဲ့အတိုင်း ဒီမှာလည်း ပုံမှန်အတိုင်းပဲ ယူပါတယ်။ ကလေးဆိုရင် ကျပ်တစ်ထောင်ပါပဲ။ ပုဂံပြည်သူတွေရဲ့ ဝမ်းရေးအတွက် ဝန်ဆောင်မှုတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒီမှာ နိုင်ငံခြားသားတွေကတော့ လက်ပန်းချီဆွဲတာနည်းတယ်"ဟု ပုဂံ မြင်းကပါမှ လာရောက်ပြသသော ကိုလင်းထွန်းက ပြောသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ယခုလို ပြသဝန်ဆောင်မှုပေးနေသဖြင့် တိရစ္ဆာန်ဥယျာဉ်သို့လာရောက်သူများအနေဖြင့် လက်ပန်းချီရေးဆွဲခြင်း၊ ချိတ်ဆွဲထားသော အရုပ်များဖြင့် ဆယ်လ်ဖီဆွဲခြင်းများ ပြုလုပ်နိုင်သည်။ ထိုနေရာတွင် လူငယ်များ၊ မိသားစုများအတွက် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ ပုဂံရိုးရာ ဆွမ်းအုပ်ကိုင်၊ ပဝါရုံ၍ ဓာတ်ပုံရိုက်ခြင်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိကာ ပုသိမ်ထီး၊ ပုဂံထီးနှင့် ချိတ်ဆွဲထားသောအရုပ်များကို ဝယ်ယူလိုလျှင်လည်း ရောင်းချပေးလျက်ရှိသည်။

သစ်ပင်တွင်ချိတ်ဆွဲထားသော အရုပ်များကို ရောင်းချရာတွင် ကျပ် ခြောက်ထောင်၊ ရှစ်ထောင် စသည်ဖြင့် ပုဂံတွင်ရောင်းချသည့်ဈေးနှုန်းအတိုင်းသာ ရောင်းချပေးကြောင်း၊ ခုနစ်လက်မအရွယ်အစား အရုပ်တစ်ရုပ်လျှင် ကျပ်ခြောက်ထောင်နှင့် ၁၀ လက်မဆိုက် အရုပ်တစ်ရုပ်လျှင် ကျပ်ရှစ်ထောင်ဖြင့် ရောင်းချကြောင်း၊ ပုဂံတွင်မူ တစ်ပေခွဲဆိုက်အထိ ရောင်းချပြီး ဈေးနှုန်းမှာ တစ်ရုပ်လျှင် ကျပ်လေးသောင်းခွဲ၊ တစ်စုံလျှင် ကျပ်ကိုးသောင်းမှ ကျပ်တစ်သိန်းခွဲအထိ ဈေးရှိကြောင်း၊ နိုင်ငံခြားသားများစိတ်ဝင်စားသော ရိုးရာအရုပ်များဖြစ်ကြောင်း၊ ထိုအရုပ်များကို မန္တလေးမြို့၌ ပြုလုပ်ပြီးနောက် ဆေးခြယ်ခြင်း၊ အဝတ်အစားချုပ်လုပ်ခြင်း၊ ကြိုးတပ်ဆင်ခြင်းတို့ကိုပါ ပြုလုပ်ကာ ပုဂံသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

ပုဂံ၏အငွေ့အသက် ရိုးရာအရုပ်များနှင့် လက်ပန်းချီအလှကို ရန်ကုန်မြို့တွင် ရရှိနိုင်သည့်နေရာမှာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာတို့တွင်သာ ရှိကြောင်း၊ ပုဂံကိုမရောက်ဖူးသေးသော ရန်ကုန်မြို့နေပြည်သူများအနေဖြင့် ပုဂံ၏ အငွေ့အသက်များကို ရရှိခံစားနိုင်စေရန် ယခုနှစ်အတွင်းမှစတင်၍ ရန်ကုန်မြို့၏ အဓိကနေရာနှစ်ခုတွင် ယခုလို ပြသရောင်းချသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ခြင်းဖြစ်ပြီး တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်ကြသူများအနေဖြင့်လည်း အဆိုပါ လက်ပန်းချီနှင့် ပုဂံအရုပ်များကို စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

**သတင်းဆောင်းပါး - သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

# မြန်မာအော်ဂဲနစ်စံချိန်စံညွှန်း ရေးဆွဲရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

အစားအစာများ ဘေးအန္တရာယ်ကင်းစေရေးအတွက် အခြေခံအားဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို စတင်စိုက်ပျိုးထုတ်လုပ်ခြင်းမှ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်း စသည့် လုပ်ငန်းအဆင့်တိုင်းတွင် သတ်မှတ် စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်သူများ၊ စားသုံးသူများကလည်း အသိပညာ ဗဟုသုတပိုင်းတွင် တိုးတက်လာကြကာ စားသောက်ကုန်များတွင် ဘေးအန္တရာယ်ကင်းမှုကို အလေးထားလာကြပြီဖြစ်ရာ မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းကို အမြန်ဆုံးရေးဆွဲရန်နှင့် အော်ဂဲနစ်လမ်းကြောင်းအမှန်ပေါ် ရောက်အောင် ကြိုးပမ်းဖော်ဆောင်ရန် လိုအပ်လျက်ရှိသည်။

ထို့ကြောင့် မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ တတိယပတ်အတွင်းက နေပြည်တော်ရှိ အမျိုးသားပရဆေးဥယျာဉ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အစည်းအဝေးသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်နှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်တွင် မြန်မာ့ GAP စံချိန်စံညွှန်းနှင့် လိုက်နာရမည့် နည်းစဉ်များကို ရေးဆွဲကြေညာခဲ့ပြီးဖြစ်သည့်အပြင် သတ်မှတ်ချက်များနှင့်ညီညွတ်သော စိုက်ပျိုးရေးထုတ်ကုန်များကို GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း၊ အော်ဂဲနစ်စံချိန်စံညွှန်း ရေးဆွဲရေးအတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းရေးဆွဲရာတွင် အာဆီယံစံချိန်စံညွှန်းကို မှီငြမ်းကိုးကား၍ မြန်မာ့ ရေမြေ၊ သဘာဝနှင့် လိုက်လျောညီထွေရှိသော မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်း ရေးဆွဲနိုင်ရန် သက်ဆိုင်ရာဌာနပေါင်းစုံမှ တာဝန်ရှိသူများအားဖိတ်ကြား၍ ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်-အပင် ဇီဝဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသူရစိုးက ပြောကြားသည်။

စစ်မှန်သော အော်ဂဲနစ်ထုတ်ကုန်များကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ထုတ်ကုန်နှင့် ကုန်ချောများကို အော်ဂဲနစ်စနစ်ဖြင့်ထုတ်လုပ်ထားကြောင်း အတည်ပြုရာတွင် နိုင်ငံတစ်ဝန်းတွင် တပြေးညီဖြစ်စေရန်၊ စိုက်ပျိုး ထုတ်လုပ်သည်မှ ဈေးကွက်တင်ပို့သည်အထိ လုပ်ငန်း စဉ်အဆင့်ဆင့်တွင် အော်ဂဲနစ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်စေရန်၊ စိုက်ပျိုးသူ၊ ထုတ်လုပ်သူများနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့များအတွက် အော်ဂဲနစ်စံချိန်စံညွှန်းနှင့်ပတ်သက်သော ရှင်းလင်းတိကျသည့် ညွှန်ကြားချက်များ ချမှတ်ပေးရန်၊ ဂေဟစနစ်နှင့်ကိုက်ညီ၍ ပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ စားသုံးသူများအတွက်အန္တရာယ်ကင်းသည့် အစားအစာများထုတ်လုပ်ရေး ပြည်သူလူထုအတွင်း အသိပညာပြန့်ပွားစေရန်နှင့် လက်ခံကျင့်သုံးတတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာအော်ဂဲနစ်စံချိန်စံညွှန်း ရေးဆွဲရေး လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**




# နိုင်ငံခြားသားတစ်ဦး ကျန်ခဲ့သည့် လက်ပ်တော့ပ်နှင့် ဖုန်းကို အငှားယာဉ်မောင်းသူက ပြန်လည်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အင်တာနေရှင်နယ်ဟိုတယ်ရှေ့ လမ်းမပေါ်၌ အင်္ဂလန်နိုင်ငံသားတစ်ဦး အငှားယာဉ်ငှားစီးပြီး ယာဉ်ပေါ်တွင် ကျန်ခဲ့သည့် လက်ပ်တော့ပ်တစ်လုံးနှင့် ဖုန်းတစ်လုံးကို အငှားယာဉ်မောင်းသူက ဒလမြို့မရဲစခန်းသို့ လာရောက်အပ်နှံခဲ့ရာ ပိုင်ရှင်ကိုရှာဖွေ၍ ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက်နေ ဦးနိုင်မင်းစိုး မောင်းနှင်သည့် တက္ကစီကို အဆိုပါ အင်္ဂလန်နိုင်ငံသားက အောက်တိုဘာ ၁၃ ရက်က ငှားစီးစဉ် အငှားယာဉ်ပေါ်၌ လက်ပ်တော့ပ်နှင့် ဖုန်းတို့ပါဝင်သောအိတ် မေ့ကျန်ခဲ့၍ ယာဉ်မောင်းသူက အောက်တိုဘာ ၂၀ ရက်တွင် ဒလမြို့မရဲစခန်းသို့ လာရောက်အပ်နှံခဲ့ကြောင်း၊ ပစ္စည်းများကို ပြန်လည်ပေးအပ်နိုင်ရေးအတွက် အိတ်အတွင်းပါ လိပ်စာကတ်များမှ ဖုန်းနံပါတ်များကို ဒလမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက လိုက်လံဆက်သွယ်ခဲ့ရာ ပစ္စည်းပိုင်ရှင်မှာ အင်္ဂလန်နိုင်ငံသား Mr. Gabriel Anthony Smales ဖြစ်ကြောင်း သိရှိရပြီး ဆက်သွယ်နိုင်ခဲ့သဖြင့် အောက်တိုဘာ ၂၂ ရက်တွင် မေ့ကျန်ပစ္စည်းများဖြစ်သော အနက်ရောင်လက်ဆွဲအိတ်တစ်လုံး၊ လက်ပ်တော့ပ်တစ်လုံး၊ iPhone 6S ဟန်းဆက်တစ်လုံးနှင့် လိပ်စာကတ်များကို ပိုင်ရှင်ထံသို့ ဒလမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင်နှင့် ဒလမြို့မရဲစခန်းမှူး ဒုရဲမှူးနိုင်ဝင်းတို့က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**




## လွယ်ဂျယ်မြို့၌ လူကုန်ကူးမှုမဖြစ်ပွားရေး ပညာပေးဟောပြော

**လွယ်ဂျယ် အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့ရှိ နေရပ်စွန့်ခွာစခန်းများတွင် ရောက်ရှိနေထိုင်နေကြသော ပြည်သူများအား လူကုန်ကူးမှုမဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က လွယ်ဂျယ်မြို့ အောင်ဇေယျရပ်ကွက် လီဆူနှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းရှိ နေရပ်စွန့်ခွာကယ်ဆယ်ရေးစခန်း၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် လွယ်ဂျယ်မြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ ဒုရဲအုပ်ထွန်းနိုင်လင်းက လူမှောင်ခိုနှင့် လူကုန်ကူးခြင်း၏ အဓိပ္ပာယ်၊ မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ်အတွင်း လူကုန်ကူးမှုဖြစ်စဉ်များ၊ ခေတ်သစ် လူကုန်ကူးမှုဖြစ်စဉ်များတွင် ငွေကြေးရလိုမှု၊ အလုပ်အကိုင်ရရှိလိုမှု စသည့် အခက်အခဲများ ကြုံတွေ့နေရသူများသည် ပြစ်မှုကျူးလွန်သူများ၏ သားကောင်များ ဖြစ်လာပုံများ၊ လူမှောင်ခို/လူကုန်ကူးမှုဖြစ်စဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။ ထို့နောက် ဟောပြောပွဲသို့လာရောက်သည့် နေရပ်စွန့်ခွာစခန်းနေ ပြည်သူများအား မြန်မာဘာသာနှင့် တိုင်းရင်းသားဘာသာ စာပေများနှင့် ထုတ်ဝေထားသည့် လူကုန်ကူးမှုအန္တရာယ်အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကို ရဲတပ်ဖွဲ့ဝင်များက ဝေငှပေးခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

# မျှော်လင့်လျက်ပါ ဒုတိယကမ္ဘာ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

သိပ္ပံပညာရှင်တို့သည် အာကာသ စူးစမ်းလေ့လာမှုများကို လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်အချိန်ကတည်းကပင် စိုက်လိုက်မတ်တတ် လုပ်ဆောင်လာခဲ့ကြရာ ၁၉၆၂ ခုနှစ် ဇူလိုင်လအတွင်းက ကမ္ဘာ့ပထမဦးဆုံးသော ဆက်သွယ်ရေး ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ အောင်မြင်စွာ နေရာချထားနိုင်ခဲ့ကြသည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတွင် ဖြစ်ပွားနေသောဖြစ်ရပ်များကို ဆက်သွယ်ရေးဂြိုဟ်တု၏ အကူအညီဖြင့် ကမ္ဘာအရပ်ရပ်ရှိ ပြည်သူများက ရုပ်မြင်သံကြားမှတစ်ဆင့် မျက်ဝါးထင်ထင် ကြည့်ရှုနိုင်ခဲ့ကြသည်။

ထိုစဉ်ကာလကတည်းက အာကာသ စူးစမ်းလေ့လာရေး သိပ္ပံပညာရှင်များသည် ကမ္ဘာကြီးကို လှည့်ပတ်လျက်ရှိနေသော လပေါ်သို့ အရောက်သွားနိုင်ရန် ကြံဆခဲ့ကြသလို အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ် အစရှိသော ဂြိုဟ်များ၏ အကြောင်းကိုလည်း စိတ်ဝင်တစားဖြင့် စဉ်ဆက်မပြတ် စူးစမ်းလေ့လာခဲ့ကြသည်။

**အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး**

ဤသို့ဖြင့် ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်က အပိုလို ၁၁ အာကာသယာဉ်ဖြင့် လိုက်ပါသွားသော အမေရိကန် အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်းနှင့် အော်လ်ဒရင်တို့က လ၏ မျက်နှာပြင်ပေါ်သို့ ပထမဦးဆုံး ဆင်းသက်ခြေချနိုင်ခဲ့သည်။

ကမ္ဘာ့လူသားတို့က လမျက်နှာပြင်ပေါ်သို့ ပထမဦးဆုံးအကြိမ် ဆင်းသက်ခြေချပြီး လမ်းလျှောက်နေသည်ကို ဆက်သွယ်ရေး ဂြိုဟ်တုနှင့် ရုပ်မြင်သံကြားစက်များ၏ အကူအညီဖြင့် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော ပြည်သူတို့က စိတ်လှုပ်ရှားစွာဖြင့် တအံ့တသြ ကြည့်ရှုနိုင်ခဲ့ကြသည်။

ယင်းကဲ့သို့ လမျက်နှာပြင်ပေါ် ဆင်းသက်ခြေချနိုင်ခဲ့သော အောင်မြင်မှုကြီးသည် အာကာသ စူးစမ်းလေ့လာရေး ဘက်စုံလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် အဓိက တွန်းအားကြီးတစ်ရပ်ဖြစ်ခဲ့သည်။ ကမ္ဘာ့လူသားတို့က လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခြေချခဲ့ပြီးနောက် နှစ်ပေါင်း ၃၀ ကျော်အကြာတွင် အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးသိပ္ပံဆိုင်ရာလုပ်ငန်းများသည် ပိုမိုလေးနက် ကျယ်ပြန့်လာကာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အင်္ဂါဂြိုဟ်ပေါ်သို့ အရောက်သွားပြီး အခြေချ နေထိုင်နိုင်အောင် စီမံကိန်းများချမှတ်၍ လုပ်ဆောင်လာသည်အထိ ရှေ့တန်းသို့ ရောက်ရှိခဲ့သည်။

**ကမ္ဘာမြေနှင့် နီးစပ်ဆင်တူသောဂြိုဟ်**

အဘယ်ကြောင့်ဆိုသော် အာကာသ စူးစမ်းလေ့လာရေး လုပ်ငန်းများထဲတွင် အဓိက အခန်းကဏ္ဍမှပါဝင်ခဲ့သော အင်္ဂါဂြိုဟ်သည် နေစကြဝဠာအတွင်းရှိ ဂြိုဟ်များအားလုံးထဲတွင် ကမ္ဘာမြေနှင့်နီးစပ်ဆင်တူသော ဂြိုဟ်ကြီးတစ်လုံးဖြစ်ကြောင်း သိရှိလာခဲ့ကြသောကြောင့်ပင် ဖြစ်သည်။ လူတို့နေထိုင်ရာ ကမ္ဘာကြီးသည် မိမိ၏ဝင်ရိုးပေါ်တွင်လည်ပတ်ရင်း နေလုံးကြီးကိုလည်း မှန်မှန် လှည့်ပတ်လျက်ရှိနေသလို အင်္ဂါဂြိုဟ်ကြီးကလည်း မိမိဝင်ရိုးပေါ်တွင် လည်ပတ်နေရင်း နေလုံးကြီးကို ပုံမှန်လှည့်ပတ်လျက်ရှိနေသည်။

ကမ္ဘာက မိမိ၏ဝင်ရိုးပေါ်တွင် တစ်ပတ်ပြည့်အောင် လည်ပတ်ရန် ၂၄ နာရီ ကြာမြင့်ပြီး အင်္ဂါဂြိုဟ်ကမူ မိမိ၏ဝင်ရိုးပေါ်တွင် တစ်ပတ်ပြည့်အောင် လည်ပတ်ရန်အတွက် ၂၄ နာရီနှင့် ၃၇ မိနစ် ကြာမြင့်သည်။ ကမ္ဘာက နေကို တစ်ပတ်ပတ်ရန် ၃၆၅ ရက်သာ ကြာမြင့်ပြီး အင်္ဂါဂြိုဟ်ကမူ နေလုံးကြီးကို တစ်ပတ်ပြည့်အောင်လှည့်ပတ်ရန် ရက်ပေါင်း ၆၈၇ ရက် ကြာမြင့်သည်။

ကမ္ဘာမြေ၏မိုးကောင်းကင်သည် အပြာရောင်သန်းနေသော်လည်း မီးတောင်များဖြင့်ပြည့်နှက်နေသော အင်္ဂါဂြိုဟ်၏ မိုးကောင်းကင်ကမူ ပန်းရောင်သန်းလျက်ရှိနေသည်။ အင်္ဂါဂြိုဟ်ကို အလွန်ပါးလွှာသောလေထုက ဖုံးလွှမ်းရစ်ခြံထားပြီး ယင်းလေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် ၉၅ ရာခိုင်နှုန်း ပါဝင်လျက်ရှိနေသည်။


လူတို့၏ မြေကမ္ဘာကြီး၌ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ပင်လယ်၊ သမုဒ္ဒရာများ ပေါများကြွယ်ဝသော်လည်း အင်္ဂါဂြိုဟ်၌မူ မြစ်၊ ချောင်း၊ ပင်လယ်များ လုံးဝ မရှိပေ။ သို့ရာတွင် အင်္ဂါဂြိုဟ်ပေါ်၌ ရေရှိနေသည့် အထောက်အထားများကို အာကာသ သိပ္ပံပညာရှင်တို့က တွေ့ရှိထားကြသလို အဆိုပါ ရေများသည် ရေအသွင်ဖြင့် လည်းကောင်း၊ ရေခဲအသွင်ဖြင့်လည်းကောင်း အင်္ဂါဂြိုဟ်၏ အလွန်နက်ရှိုင်းသောမြေလွှာအောက်နှင့် တောင်ဝင်ရိုးစွန်း၊ မြောက်ဝင်ရိုးစွန်းများတွင် ရှိနေသည်ဟု ယုံကြည်ထားကြသည်။

**ဒုတိယကမ္ဘာ**

ဤသို့အားဖြင့် အင်္ဂါဂြိုဟ်သည် အနာဂတ်ကာလတွင် ကမ္ဘာ့လူသားတို့ ပြောင်းရွှေ့အခြေချ နေထိုင်ခွင့်ရနိုင်ဖွယ်ရှိသော ဂြိုဟ်ကြီးတစ်လုံးအဖြစ် ထင်ရှားပေါ်လွင်လာခဲ့သည်။ တစ်နည်းဆိုရသော် အင်္ဂါဂြိုဟ်သည် လူသားတို့ ရှင်သန်နေထိုင်မှုအတွက် မျှော်လင့်အားထားရာ ဒုတိယကမ္ဘာ ဖြစ်လာခဲ့သည်။

သံနှင့် သံချေးများ ၁၃ ရာခိုင်နှုန်းအထိ ပါဝင်နေသော အင်္ဂါဂြိုဟ်၏ မြေမျက်နှာပြင်သည် ပန်းဆီရောင်နှင့် နီညိုရောင်များသန်းနေသော သဲပြင်ကျယ်ကြီးများဖြင့် ပြည့်နှက်နေပြီး ယင်းအပေါ်တွင် ကာဗွန်နိတ် ကျောက်တုံး ကျောက်ဆိုင်ကြီးများက နေရာအနှံ့ ပြန့်ကျဲလျက်ရှိနေသည်။ အင်္ဂါဂြိုဟ်၏ လေထုသည် အလွန်ပါးလွှာလွန်းသည့်အတွက် လတ်တလော အခြေအနေတွင် အင်္ဂါဂြိုဟ်ပေါ်၌ တစ်ဦးနှင့်တစ်ဦး စကားစမြည်ပြောခဲ့လျှင်လည်း ကမ္ဘာမြေပေါ်မှာကဲ့သို့ ကြားရမည် မဟုတ်ပေ။ ပါးလွှာလွန်းသောလေထုသည် စကားသံများကို သယ်ဆောင်သွားနိုင်ခြင်းမရှိသောကြောင့် ဖြစ်သည်။

အာကာသ သိပ္ပံပညာရှင်တို့သည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ အင်္ဂါဂြိုဟ်သို့အရောက်သွားပြီး သုတေသန ပညာရှင်အချို့ကို အထူးစီမံဖန်တီးထားသည့် အသင့်နေထိုင်နိုင်သော အဆောက်အအုံငယ်အတွင်း၌ စမ်းသပ်နေထိုင်နိုင်စေရန် ရည်မှန်း လုပ်ဆောင်လျက်ရှိသည်။ သို့ရာတွင် ယင်းသို့ စမ်းသပ်နေထိုင်သည့်မှစ၍ လူအများနေထိုင်နိုင်သောအဆင့်သို့ရောက်ရှိရန် အခြေခံလုပ်ငန်းစဉ်ကြီးသုံးရပ်ကို ဆက်လက် လုပ်ဆောင်ရဦးမည်ဖြစ်သည်။



နာဆာ၏ အင်္ဂါဂြိုဟ်ဆင်းယာဉ်ကို အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ လွှတ်ချနေစဉ်။

**အခြေခံလုပ်ငန်းစဉ်ကြီးသုံးရပ်**

ပထမ လုပ်ငန်းစဉ်ကြီးမှာ ညအပူချိန်တွင် အလွန်အမင်း ကျဆင်းနေသည့် အင်္ဂါဂြိုဟ်ကို ပူနွေးလာအောင်ဖန်တီးရန် ဖြစ်သည်။ အဆိုပါ လုပ်ငန်းစဉ်ကြီးကို ၂၀၃၀ ပြည့်နှစ်တွင် စတင်နိုင်မည်ဆိုပါက နောင်နှစ်ပေါင်း ၅၀ အကြာ ၂၀၈၀ ပြည့်နှစ်ရောက်မှသာ ပြီးဆုံးနိုင်မည် ဖြစ်သည်။ တစ်နည်းဆိုရသော် ပထမအဆင့် လုပ်ငန်းစဉ်ကြီးသည် အထစ်အငေါ့မရှိခဲ့လျှင်သော်မှ ရာစုနှစ်ဝက်မျှ ကြာမြင့်လိမ့်မည်ဖြစ်သည်။

ဒုတိယလုပ်ငန်းစဉ်ကြီးမှာ အောက်ဆီဂျင်လုံးဝမရှိသော အင်္ဂါဂြိုဟ်၏ ပါးလွှာလွန်းသည့်လေထုကို ပိုမိုထူထဲအောင် ပြုလုပ်ရင်း အသက်ရှူနိုင်အောင်ဖန်တီးရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်သည် နှစ်ပေါင်း ၃၅ နှစ် ကြာမြင့်မည်ဖြစ်ပြီး ၂၀၈၀ ပြည့်နှစ်မှ စတင်လျှင် ၂၁၁၅ ခုနှစ် ရောက်မှ ပြီးဆုံးနိုင်ဖွယ်ရှိသည်။

တတိယလုပ်ငန်းစဉ်ကြီးသည်ကား အင်္ဂါဂြိုဟ်ပေါ်၌ ရှင်သန်နေထိုင်နိုင်အောင် ဖန်တီးပြုလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ အဆိုပါ လုပ်ငန်းစဉ်ကြီးသည်လည်း ၃၅ နှစ်ကြာ စီမံကိန်းကြီးဖြစ်ပြီး ၂၁၁၅ ခုနှစ်မှ စတင်လုပ်ဆောင်ခဲ့လျှင် ၂၁၅၀ ပြည့်နှစ်ရောက်မှ ပြီးဆုံးနိုင်ဖွယ်ရှိသည်။ ထို့ကြောင့်ပင် အင်္ဂါဂြိုဟ်ပေါ်သို့အရောက်သွားပြီး စမ်းသပ်အခြေချနေထိုင်နိုင်သည့်အချိန်မှ စတင်ရေတွက်လျှင်ပင် ကမ္ဘာ့လူသားတို့ ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် လုပ်ဆောင်ရမည့်အချိန်ကာလမှာ နှစ်ပေါင်း ၁၂၀ ကြာမြင့်ဦးမည် ဖြစ်သည်။

ထိုသို့ နှစ်ပေါင်း ၁၂၀ ကြာမြင့်မည့် အင်္ဂါဂြိုဟ် စီမံကိန်းကြီး၏ လုပ်ငန်းစဉ်များထဲတွင် ညအပူချိန် အလွန်အမင်းကျဆင်းနေသော အင်္ဂါဂြိုဟ်ကြီးကို အတိုင်းအတာတစ်ရပ်အထိ ပူနွေးလာအောင် လုပ်ဆောင်ရန်မှာ အဓိကကျသော လုပ်ငန်းကြီးဖြစ်သည်။

နွေရာသီအချိန်ကာလမှာပင် အင်္ဂါဂြိုဟ်၏ ညအပူချိန်သည် အနုတ် ၈၇ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ ကျဆင်းလျက်ရှိသောကြောင့် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ပေါ်တွင် သုတေသနလုပ်ငန်းများကိုလုပ်ဆောင်ကြမည့် သိပ္ပံပညာရှင်တို့အနေဖြင့် အထူးစီမံဖန်တီးပြုလုပ်ထားသည့် စခန်းအဆောက်အအုံရှိရာဆီသို့ မှောင်ခြေမပျိုးမီ အရောက်ပြန်ကြရလိမ့်မည် ဖြစ်သည်။

အင်္ဂါဂြိုဟ်၏ ညအပူချိန်သည် လူသားတစ်ဦးအတွက် မည်သို့မျှ အသက်ရှင်နိုင်စွမ်းမရှိသော အပူချိန်မျိုးဖြစ်သည့်အတွက် နေ့အလင်းရောင်မကွယ်ပျောက်မီ အခြေချစခန်းသို့ အရောက်မပြန်နိုင်ပါက အာကာသဝတ်စုံကို ဝတ်ဆင်ထားသည့်တိုင် အသက်ဆုံးရှုံးသွားရလိမ့်မည်ဖြစ်သည်။ အာကာသ သိပ္ပံပညာရှင်တို့၏ ရည်မှန်းချက်အရ နှစ်ပေါင်း ၅၀ ကြာမြင့်မည့် ပထမအဆင့်လုပ်ငန်းစဉ်ဖြစ်သော အင်္ဂါဂြိုဟ်ကို ပူနွေးလာအောင် ဖန်တီးပြုလုပ်ရာတွင် ညအပူချိန်ကို အနုတ် ၆၀ ဒီဂရီ ဆဲလ်စီးယပ်စ်နှင့် အနုတ် ၄၀ ဒီဂရီ ဆဲလ်စီးယပ်စ်အကြားသို့ ရောက်ရှိအောင် မြှင့်တင်ပေးရမည် ဖြစ်သည်။

ထိုမှတစ်ဆင့် အသက်ရှူနိုင်အောင် ဖန်တီးပြုလုပ်ရမည့် ဒုတိယအဆင့်လုပ်ငန်းစဉ်တွင် အင်္ဂါဂြိုဟ်၏ ပျမ်းမျှအပူချိန်ကို အနုတ် ၁၅ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိ မြင့်တက်လာအောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။

တတိယအဆင့်ရည်မှန်းချက်အနေဖြင့် အသက်ရှင် နေထိုင်နိုင်အောင် စီမံဖန်တီးရမည့်လုပ်ငန်းစဉ်၏ အနှစ်သာရမှာမူ အင်္ဂါဂြိုဟ်၏ ပျမ်းမျှအပူချိန်ကို သုညဒီဂရီ ဆဲလ်စီးယပ်စ်သို့ ရောက်ရှိအောင် ထပ်မံ မြှင့်တင်ပေးရမည် ဖြစ်သည်။

ညအပူချိန် လွန်ကဲစွာကျဆင်းလျက်ရှိနေသော အင်္ဂါဂြိုဟ်ကြီး ပူနွေးလာစေရေးအတွက် ဆာလ်ဖာဟက်ဆာဖလူအိုရိုက်နှင့် ကာဗွန်တက်ထရာဖလူအိုရိုက် ကဲ့သို့သော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များကို ဆယ်စုနှစ်နှင့်ချီ၍ အဆက်မပြတ် ထုတ်လွှတ်ပေးရမည် ဖြစ်သည်။ ထိုဓာတ်ငွေ့များကြောင့် အင်္ဂါဂြိုဟ်ပေါ်တွင် ဖန်လုံအိမ်အာနိသင်များ မြင့်တက်လာသည့်အခါ ပိုမိုပူနွေးလာပြီး လေထု၏ပမာဏလည်း ပို၍ ကြီးမားလာလိမ့်မည်ဖြစ်သည်။ သို့ရာတွင် အင်္ဂါဂြိုဟ်ပေါ်၌ အောက်ဆီဂျင် ($O_2$) မရှိသေးသည့်အတွက် အိုဇုန်းဓာတ်ငွေ့ ($O_3$) များလည်း ဖြစ်ပေါ် မလာနိုင်သေးပေ။

အင်္ဂါဂြိုဟ်ဆိုင်ရာ အာကာသသုတေသန ပညာရှင်များ အားလုံးသည် ခရမ်းလွန်ရောင်ခြည် (Ultra Violet Rays) ကို ကာကွယ်ပေးထားသည့် လေဖိအားသွင်းထားသော အာကာသဝတ်စုံများကို ဝတ်ထားကြရမည်ဖြစ်သလို တစ်ဖက်တွင်လည်း ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်သည့် အစားထိုး ဓာတုပစ္စည်းတစ်မျိုးကို ဖန်တီးထုတ်လွှတ်ပေးကြရမည် ဖြစ်သည်။

အင်္ဂါဂြိုဟ်ကြီး ပူနွေးလာစေရေး လုပ်ငန်းစဉ်အဆင့်ဆင့်၏ အနှစ်သာရဖြစ်သော ဖန်လုံအိမ် ဓာတ်ငွေ့များ အဆက်မပြတ် ထုတ်လွှတ်နိုင်ရေးအတွက် အင်္ဂါဂြိုဟ်၏ မြေမျက်နှာပြင် နေရာအနှံ့တွင် ဓာတုဗေဒစက်ရုံများကို ဖန်တီးတည်ဆောက်ကြရမည်ဖြစ်သည်။

**အောက်ဆီဂျင်နှင့် ရေ ရရှိစေရန်**

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ကာဗွန်နိတ်ကျောက်ချပ်ကြီးများနှင့် သံအောက်ဆိုက်ကြွယ်ဝသောနုန်းမြေများ အများအပြားရှိနေသည့်အားလျော်စွာ ယင်းတို့ထဲတွင် အောက်ဆီဂျင် ($O_2$) တန်ချိန် သန်းပေါင်းများစွာရှိနေကြောင်းကို အင်္ဂါဂြိုဟ်သုတေသနပညာရှင်များက ခိုင်လုံသော အထောက်အထားများ ရရှိထားကြပြီးဖြစ်သည်။ သို့ဖြစ်၍ အဆိုပါ ကျောက်ချပ်ကြီးများကို ဖြိုခွဲခြင်း၊ သံအောက်ဆိုက်ကြွယ်ဝသော နုန်းမြေများကို တူးဖော်ခြင်းများ ပြုလုပ်ပြီးနောက် ပြင်းထန်စွာ အပူပေးခြင်းအားဖြင့် အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်ယူနိုင်မည်ဖြစ်သည်။

အာကာသ သိပ္ပံပညာရှင်များနှင့် အင်္ဂါဂြိုဟ်ဆိုင်ရာ သုတေသနပညာရှင်များသည် အင်္ဂါဂြိုဟ်၏ အပူချိန်ကို အနုတ် ၁၅ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်လာအောင် လုပ်ဆောင်နိုင်သည့်အချိန်တွင် အင်္ဂါဂြိုဟ်၏ မြေလွှာအပေါ်ယံမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ နိုက်ထရိုဂျင်ဓာတ်ငွေ့နှင့် ရေများ စိမ့်ထွက်လာလိမ့်မည် ဖြစ်သည်။ ထိုအချိန်တွင် အင်္ဂါဂြိုဟ်၏ လေထုလည်း ပမာဏ ကြီးမားလာပြီး ပို၍ ထူထဲလာလိမ့်မည် ဖြစ်သည်။

လေထုပမာဏ ကြီးမားကျယ်ပြန့်လာသည်နှင့်အမျှ တိမ်ဖြူများဖြစ်ပေါ်စုဝေးမှု များပြားလာကာ မူလက ပန်းရောင်ဖြစ်နေခဲ့သော အင်္ဂါဂြိုဟ်၏ မိုးကောင်းကင်သည် အပြာရောင်သို့ ပြောင်းသွားလိမ့်မည်ဖြစ်သည်။ မြေလွှာအပေါ်ယံမှ စိမ့်ထွက်လာမည့်ရေများသည် ချိုင့်ဝှမ်းများ၌စုဝေးပြီး ရေအိုင်ကြီးများ ဖြစ်ထွန်းလာလိမ့်မည်ဖြစ်သည်။ ထိုအခါတွင် ပိုမို၍ ပူနွေးသော အင်္ဂါဂြိုဟ်၏ လတ္တီတွဒ်ဒေသတွင် ဇီဝနည်းပညာဖြင့် ဖန်တီးထားသောအပင်များ စတင် ဖြစ်ထွန်းလာလိမ့်မည်ဖြစ်သည်။

**စတင် ပြောင်းရွှေ့နေထိုင်နိုင်ကြမည်**

ထိုအခြေအနေသို့အရောက်တွင် အင်္ဂါဂြိုဟ်နှင့်ပတ်သက်သော သုတေသနပညာရှင်များ၊ စွမ်းအင်ထုတ်လုပ်ရေး ပညာရှင်များ၊ ဆေးသိပ္ပံပညာရှင်များ၊ စိုက်ပျိုးရေးသိပ္ပံပညာရှင်များ၊ စက်မှုနှင့် အီလက်ထရွန်နစ်ဆိုင်ရာ ပညာရှင်များ အပါအဝင် သိပ္ပံပညာရှင် စုစုပေါင်း ငါးသောင်းခန့်သည် ကမ္ဘာမြေမှ အင်္ဂါဂြိုဟ်ပေါ်သို့ ပြောင်းရွှေ့နေထိုင်နိုင်ကြလိမ့်မည် ဖြစ်သည်။ အင်္ဂါဂြိုဟ်၏လေထုကြီး ထူထဲလာသည့်အခါ လူတစ်ဦးနှင့်တစ်ဦး စကားပြောစက်မလိုဘဲ ဆက်သွယ်ပြောဆိုနိုင်ကြလိမ့်မည် ဖြစ်သည်။

သို့ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်မော်လီကျူး အလွန်များပြားနေဆဲဖြစ်သော အင်္ဂါဂြိုဟ်၏လေထုသည် ကြိမ်နှုန်းအလွန်နိမ့်နေမည်ဖြစ်သောကြောင့် အသံအောအောကြီးကိုသာ ကြားရလိမ့်မည်ဖြစ်သည်။ အကယ်၍ အင်္ဂါဂြိုဟ်၏ ပျမ်းမျှအပူချိန်သည် သုညဒီဂရီ ဆဲလ်စီးယပ်စ်သို့ ရောက်ရှိလာခဲ့လျှင် အင်္ဂါဂြိုဟ်၏ လေထုသည် ကမ္ဘာမြေ၏ လေထုထက် နှစ်ဆခန့်အထိ သိပ်သည်းလာမည်ကို အင်္ဂါဂြိုဟ် သုတေသနပညာရှင်များက ကြိုတင်တွက်ဆထားပြီး ဖြစ်သည်။

လူသားတို့သည် ကမ္ဘာ့လေထုထက် နှစ်ဆ သိပ်သည်းသော အခြေအနေတွင် ကောင်းစွာ ရှင်သန်နေထိုင်နိုင်မည်ဖြစ်သည့်အတွက် ထိုအချိန်ကာလသို့ရောက်လာလျှင် အရွယ်အစား သေးငယ်သော်လည်း အပြည့်အစုံဖန်တီးထားသည့် ဇီဝနေအိမ်များ အများအပြား ပေါ်ပေါက်လာမည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။

ထိုသို့ ခန့်မှန်းထားသည့်အတိုင်း ဖြစ်လာခဲ့လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ဝင်ရောက်ခြင်းမရှိစေရန် အလုံပိတ်ကာကွယ်ထားသော ဘတ်စ်ကားနှင့် ထရပ်ကားများသည် အင်္ဂါဂြိုဟ်ပေါ်တွင် စတင်ပြေးဆွဲနိုင်မည်ဖြစ်သလို ကမ္ဘာမြေမှ ထုတ်လွှင့်သော ရုပ်မြင်သံကြားအစီအစဉ်များကိုလည်း အင်္ဂါဂြိုဟ်ပေါ်တွင် ဖမ်းယူကြည့်ရှုနိုင်ကြလိမ့်မည်ဖြစ်သည်။

အလုံပိတ်ထားသော ဘတ်စ်ကားနှင့် ထရပ်ကားများသည် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ချိတ်ဆက် မောင်းနှင်ပြေးဆွဲရင်း လိုက်ပါစီးနင်းသူတို့က ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို အောက်ဆီဂျင်အဖြစ်သို့ ပြန်လည်သန့်စင်ပေးမည့် စက်များကိုလည်း တပ်ဆင်ထားကြလိမ့်မည်ဖြစ်သည်။

ဤသို့ဖြင့် ရေတွင်းရေကန်၊ ချောင်း၊ မြောင်းနှင့် ပင်လယ်သမုဒ္ဒရာများ တစ်စတစ်စ ဖြစ်ထွန်းလာမည့် အင်္ဂါဂြိုဟ်ကြီး၏ အော်ဂဲနစ်မြေဆီလွှာပေါ်တွင် အမြဲစိမ်းသစ်တောများ တစ်စတစ်စ ပေါက်ရောက်ဖြစ်ထွန်းလာလိမ့်မည်ဖြစ်သည်။ ထို့နောက် တဖြည်းဖြည်းနှင့် အင်္ဂါဂြိုဟ်၏ ပျမ်းမျှအပူချိန်သည် ၄ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ မြင့်တက်ရောက်ရှိလာသည့်အခါ ခြောက်သွေ့နေသော ဂြိုဟ်နီကြီးသည် စိမ်းစိုသောဂြိုဟ်ကြီးအဖြစ်သို့ ရောက်ရှိသွားလိမ့်မည်ဖြစ်သည်။

ထိုအချိန်တွင် အင်္ဂါဂြိုဟ်သည် ကမ္ဘာ့လူသားတို့ ပြောင်းရွှေ့အခြေချ နေထိုင်နိုင်သည့် ဒုတိယကမ္ဘာအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်သလို နေစကြဝဠာအဖွဲ့အစည်းအတွင်းရှိ အခြားသော ဂြိုဟ်များဆီသို့ ဒုံးပျံများပစ်လွှတ်ရာတွင် ကြားခံနယ်မြေတစ်ခုအဖြစ်သို့လည်း ရောက်ရှိလာလိမ့်မည်ဖြစ်ပေသည်။ ။

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှ အဆက်***

(ဂ) ဤဥပဒေ၏ရည်ရွယ်ချက်အလို့ငှာ-

(၁) ကုန်ပစ္စည်းများအပေါ် အတည်ပြုဆောင်ရွက်ခြင်းအား သိမ်းဆည်းခြင်းနှင့် ရောင်းချခြင်းဖြင့် ပြီးဆုံးသည်။

(၂) ကြွေးမြီကို ဝရမ်းစွဲကပ်ခြင်းသည် ကြွေးမြီရရှိသည့်အခါ ပြီးဆုံးသည်။

(၃) မြေအပေါ် အတည်ပြုဆောင်ရွက်ခြင်းသည် သိမ်းယူခြင်း သို့မဟုတ် ပစ္စည်းထိန်း ခန့်အပ်ခြင်းပြုလုပ်ချိန်တွင် ပြီးဆုံးသည်။

**တရားရုံးအမိန့်အရ သို့မဟုတ် အခြားလုပ်ထုံးလုပ်နည်းအရ အတည်ပြုဆောင်ရွက်သူ အရာရှိ၏တာဝန်များ**

၁၇၆။ (က) ကုမ္ပဏီ၏ ကုန်ပစ္စည်းများကို ဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် သိမ်းဆည်းရယူထားပြီး ယင်းတို့အား မရောင်းချမီ သို့မဟုတ် အတည်ပြုဆောင်ရွက်မှုမပြီးဆုံးမီ ဒီကရီအတည်ပြုသူအရာရှိထံသို့ ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကို ခန့်အပ်ပြီးကြောင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီးကြောင်း သို့မဟုတ် ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်ပြီးကြောင်း အကြောင်းကြားစာအားဆင့်ဆိုအတည်ပြုပြီးပါက အောက်ပါတို့သည် သက်ဆိုင်စေရမည်-

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသည့် အရာရှိသည် လိုအပ်သည့်အခါ ဒီကရီအတည်ပြု ဆောင်ရွက်ရန်အတွက် သိမ်းဆည်းရယူထားသည့် ကုန်ပစ္စည်းနှင့်သိမ်းဆည်းရမိသည့် သို့မဟုတ် လက်ခံရရှိသည့် ငွေကြေးတစ်စုံတစ်ရာကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ပေးအပ်ရမည်။

(ဂ) ဒီကရီအတည်ပြုသူအရာရှိက အထက်ပုဒ်မခွဲ(ခ)ပါ ကုန်ပစ္စည်းနှင့် ငွေကြေးများအပေါ် ဒီကရီအတည်ပြုဆောင်ရွက်ရာ၌ ကုန်ကျခဲ့သည့် ငွေကြေးအား ပထမဆုံးကောက်ယူမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါ ကုန်ကျခဲ့သည့် ငွေကြေးအားပေးချေနိုင်စေရန်အတွက် ကုန်ပစ္စည်းများ သို့မဟုတ် ယင်း၏ လုံလောက်သောအပိုင်းကို ရောင်းချနိုင်သည်။

(ဃ) မြီရှင်အားအနိုင်ပေးသည့် ဒီကရီနှင့်စပ်လျဉ်း၍ တရားရုံးသည် သင့်သည်ထင်သည့် အတိုင်းအတာနှင့် စည်းကမ်းချက်များသတ်မှတ်ကာ ဤပုဒ်မအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အပ်နှင်းထားသည့် အခွင့်အရေးများကို ပယ်ဖျက်နိုင်သည်။

**အခန်း(၆)**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆောင်ရွက်ရန်တာဝန်များ**

၁၇၇။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အဓိကကျသည့်တာဝန်များမှာ ကုမ္ပဏီက ရပိုင်ခွင့်ရှိသည့် သို့မဟုတ် ရပိုင်ခွင့်ရှိနိုင်သည့် ပစ္စည်းများအားလုံးကို ၎င်း၏အုပ်ထိန်းမှု သို့မဟုတ် ၎င်း၏ ထိန်းချုပ်မှုအောက်သို့ရောက်ရှိရန် တတ်စွမ်းသမျှ ဆောလျင်စွာဆောင်ရွက်ကာ ကုမ္ပဏီ၏မြီရှင်များကို ခွဲခြမ်းပေးပြီးနောက် ပိုလျှံပါက ရပိုင်ခွင့်ရှိသူများအား ခွဲခြမ်းပေးရန် ဖြစ်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဤဥပဒေအရ သတ်မှတ်သည့် ကန့်သတ်ချက်ဘောင်အတွင်း ကုမ္ပဏီ၏ ပိုင်ဆိုင်သည့် ပစ္စည်းများ စီမံခန့်ခွဲမှုနှင့် ယင်းတို့ကို မြီရှင်များအကြား ခွဲဝေပေးမှုကို ၎င်း၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူများအား ၎င်းတို့၏ဆန္ဒများကို ဖြည့်ဆည်းရန်ရည်ရွယ်၍ အထွေထွေအစည်းအဝေးများကို ဆင့်ခေါ်နိုင်သည်။ ထို့အပြင် မြီရှင်များမှ ညွှန်ကြားလျှင်ဖြစ်စေ သို့တည်းမဟုတ် ကြွေးမြီတန်ဖိုး၏ ဆယ်ပုံတစ်ပုံထက်မနည်းကို ပိုင်ဆိုင်သော မြီရှင်များက ထိုသို့ ဆောင်ရွက်ရန်စာဖြင့် ရေးသားတောင်းဆိုသည့် အချိန်တိုင်း အစည်းအဝေးခေါ်ယူပေးရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတွင် တာဝန်ရှိသည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စုံစမ်းစစ်ဆေးခြင်း**

၁၇၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို စုံစမ်းစစ်ဆေးရန် တာဝန်ရှိပြီး ၎င်းက သင့်သည်ထင်မြင်လျှင် မှတ်ပုံတင်အရာရှိထံ အစီရင်ခံစာတင်ပြနိုင်သည်။

(၁) ကုမ္ပဏီက မအောင်မြင်ခဲ့လျှင် မအောင်မြင်သည့် အကြောင်းများနှင့်

(၂) ယေဘုယျအားဖြင့် ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်သည့်ကိစ္စရပ်များ၊ ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များ။

(ခ) စုံစမ်းစစ်ဆေးမှု၏ အတိုင်းအတာသည် ထိုစုံစမ်းစစ်ဆေးမှုအတွက် ကုမ္ပဏီကငွေကြေး ကုန်ကျခံနိုင်မှု၊ မြီရှင်များ၏ငွေကြေးပြန်လည်ရရှိနိုင်မှုအပေါ် ထိုကုန်ကျစရိတ်၏သက်ရောက်မှုအလားအလာနှင့် အကျင့်သိက္ခာပျက်ပြားမှု သက်ဆိုင်သော သက်သေခံအထောက်အထားများအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ သိရှိနားလည်မှု သို့မဟုတ် ငွေကြေးပြန်လည်ရယူနိုင်ရန် လုပ်ငန်းစဉ်များ၏ ခိုင်လုံမှုပမာဏတို့အပေါ်တွင် မူတည်သည်။

(ဂ) အစီရင်ခံစာတွင်ရေးသားဖော်ပြထားသည့် အချက်အလက်များသည် မည်သည့်စစ်ဆေးစီရင်ဆောင်ရွက်မှုလုပ်ငန်းစဉ်တွင်မဆို ဦးစွာအမြင်အားဖြင့် ခိုင်မာသည့်သက်သေခံချက် ဖြစ်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အထွေထွေလုပ်ပိုင်ခွင့်များ**

၁၇၉။ (က) ဤပုဒ်မနှင့်မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ကုမ္ပဏီကို အကျိုးရှိစွာစီမံခန့်ခွဲဆောင်ရွက်နိုင်ရေး သို့မဟုတ် အကျိုးရှိစွာစာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရေးအတွက် လိုအပ်သည်ဟု ယူဆသည့်အတိုင်းအတာအထိ ကုမ္ပဏီ၏လုပ်ငန်းများကို ဆက်လက်လည်ပတ်စေခြင်း၊

(၂) အခန်း(၇)ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ မည်သည့်မြီရှင်အတန်းအစားကိုမဆို အပြည့်အဝ ငွေပြန်လည်ပေးဆပ်ခြင်း၊

(၃) မြီရှင် သို့မဟုတ် မြီရှင်ဖြစ်ကြောင်းအဆိုပြုသူ သို့မဟုတ် ကုမ္ပဏီထံမှနစ်နာကြေးတောင်းဆိုသူ သို့မဟုတ် တောင်းဆိုခွင့်ရှိသူ (ယင်းစကားရပ်တွင် လက်ရှိ သို့မဟုတ် အနာဂတ်တွင် သို့မဟုတ် သေချာသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော သို့မဟုတ် ရရှိနိုင်သည်ဟု မျှော်မှန်းသောနစ်နာကြေးများလည်း ပါဝင်သည်)က ကုမ္ပဏီသို့တောင်းခံခြင်း သို့မဟုတ် ကုမ္ပဏီမှပေးဆောင်ရန် တာဝန်ရှိလာနိုင်သော ကိစ္စရပ်များကို ညှိနှိုင်းဖျန်ဖြေခြင်း သို့မဟုတ် စီမံဆောင်ရွက်ပေးခြင်း၊

(၄) တောင်းဆိုမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများနှင့် အခြားသော နစ်နာကြေးတောင်းဆိုမှုများအားလုံး (ယင်းစကားရပ်တွင် လက်ရှိ သို့မဟုတ် အနာဂတ်တွင် သို့မဟုတ် သေချာသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော သို့မဟုတ် ရရှိနိုင်သည်ဟု မျှော်မှန်းသော နစ်နာကြေးများလည်း ပါဝင်သည်) အတွက် ကုမ္ပဏီနှင့် ကြွေးမြီဆပ်ရန်တာဝန်ရှိသူ သို့မဟုတ် အခြားမြီစားအကြား ညှိနှိုင်းဖျန်ဖြေပေးခြင်း၊ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် ပိုင်ဆိုင်သည့် ပစ္စည်းကိုတစ်နည်းနည်းနှင့် ထိခိုက်မှုရှိစေသည့် သို့မဟုတ် ဆက်စပ်သည့် အငြင်းပွားမှုများအပေါ် ညှိနှိုင်းဖျန်ဖြေပေးခြင်းတို့အပြင် ထိုတောင်းဆိုမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများနှင့် အခြားသော နစ်နာကြေးတောင်းဆိုမှုများနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးရန် အပြည့်အဝဆောင်ရွက်ပေးခြင်း။

(ခ) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ကုမ္ပဏီကိုယ်စားတရားစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ကုမ္ပဏီကိုယ်စားတရားစွဲဆိုမှုအပေါ် ခုခံချေပခြင်း၊

(၂) ၎င်း၏တာဝန်များကို ကူညီဆောင်ရွက်နိုင်ရန် ရှေ့နေငှားရမ်းခွင့်ရှိခြင်း၊

(၃) ကုမ္ပဏီ၏ပိုင်ဆိုင်မှုများအားလုံး သို့မဟုတ် မည်သည့် အစိတ်အပိုင်းကိုမဆို ရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်း၊

(၄) ကုမ္ပဏီ၏ကိုယ်စားနှင့် ကုမ္ပဏီ၏အမည်ဖြင့် စာချုပ်စာတမ်းများ၊ ပြေစာများနှင့် အခြားစာရွက်စာတမ်းများကို လက်မှတ်ရေးထိုးချုပ်ဆိုခြင်းနှင့် ဤကိစ္စအလို့ငှာ လိုအပ်ပါက ကုမ္ပဏီ၏ တံဆိပ်တုံးကို အသုံးပြုခြင်း၊

(၅) ကုမ္ပဏီပိုင်ပစ္စည်းကို အာမခံအပေါင်အနှံအဖြစ်ထားလျက်ဖြစ်စေ၊ မထားဘဲဖြစ်စေ လိုအပ်သည့် ချေးငွေများကို ရယူနိုင်ခြင်း၊

(၆) ကြွေးမြီဆပ်ရန်တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အခြားမြီစားထံမှ၎င်းပေးဆပ်ရန်တာဝန်ရှိသည့်ကြွေးမြီကို ပေးဆပ်စေရန် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(၇) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ကိုယ်တိုင်မဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကိုယ်တိုင်မဆောင်ရွက်သင့်သည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်စေရန် အေးဂျင့်ခန့်အပ်ခြင်း၊

(၈) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ယင်း၏ ပိုင်ဆိုင်မှုများကို ပိုင်းခြားခွဲဝေပေးရန်အလို့ငှာ ဆောင်ရွက်ရန်လိုအပ်သည့် ကုမ္ပဏီကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခြင်း။

(ဂ) တရားရုံး၏ သို့မဟုတ် စစ်ဆေးရေးကော်မတီ၏ သို့မဟုတ် မြီရှင်များ၏ အတည်ပြုချက်ရှိလျှင်မှ တစ်ပါး၊ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေတွင် သတ်မှတ်ထားသော အနည်းဆုံးပမာဏထက် ကျော်လွန်တောင်းခံလာသည့် ကြွေးမြီတစ်ရပ်ရပ်အတွက် စေ့စပ်ညှိနှိုင်းဖျန်ဖြေပေးခြင်း မပြုရ။

(ဃ) ပဋိညာဉ်တစ်ရပ်သည် ခြောက်လအတွင်း ရပ်စဲသွားနိုင်ခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်နိုင်ခြင်းရှိစေကာမူ တရားရုံး၏ သို့မဟုတ် စစ်ဆေးရေးကော်မတီ၏ သို့မဟုတ် မြီရှင်များ၏ အတည်ပြုချက်ရှိလျှင်မှတစ်ပါး ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီ၏ကိုယ်စား ပဋိညာဉ်တစ်ရပ်အား ခြောက်လထက်ကျော်လွန်၍ ချုပ်ဆိုပေးခြင်း မပြုရ။

(င) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကျိုးကြောင်းဆီလျော်သည့် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ စာအုပ်စာတမ်းများကို စစ်ဆေးပိုင်ခွင့်ရှိသည်။

(စ) ဤအပိုင်းပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားနှင့်အညီ ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များနှင့် ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲခြင်းနှင့် ပိုင်းခြားခွဲဝေခြင်း ပြုရမည်။

(ဆ) ဤဥပဒေအရ အာဏာများကို ကျင့်သုံးသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်နေသူထံသို့ ကုမ္ပဏီပိုင်ပစ္စည်းကို ခွဲဝေပေးအပ်ခြင်း ပြုလုပ်ခဲ့လျှင် မြီရှင်များကော်မတီ (ရှိလျှင်)သို့ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ အသိပေးအကြောင်းကြားစာ ပေးပို့ရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံတင်ပြရန်တာဝန်**

၁၈၀။ (က) ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ပြီးနောက် တစ်နှစ်အတွင်း ဆောင်ရွက်ပြီးစီးခြင်းမရှိသေးပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် ပုံစံအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊ ရောက်ရှိနေသည့် အခြေအနေတို့ပါဝင်သည့် အစီရင်ခံစာတစ်စောင် ရေးသားပြုစု၍ မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အစီရင်ခံစာကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြီးဆုံးသွားသည်အထိ နှစ်စဉ်တင်ပြရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မကို လိုက်နာရန်ပျက်ကွက်ပါက-

(၁) မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်နိုင်သည်။

(၂) ထို့အပြင် တရားရုံးသည် ၎င်းအား သတ်မှတ်ထားသည့်ကာလအတွင်းအစီရင်ခံစာတင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရာထူးလစ်လပ်ခြင်း**

၁၈၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်-

(က) ၎င်း၏ရာထူးတာဝန်မှ နုတ်ထွက်နိုင်သည်၊

(ခ) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိမှု ရပ်စဲသွားချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခြင်းမှ နုတ်ထွက်ရမည်၊

(ဂ) အပြီးသတ်အစည်းအဝေးကျင်းပပြီးနောက် ၎င်း၏ အစီရင်ခံတင်ပြရန်တာဝန်အား ကျေနပ်လက်ခံသည်အထိ ဆောင်ရွက်၍ တတ်နိုင်သမျှ ဆောလျင်စွာပြီးစီးသွားချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်မှ နုတ်ထွက်ရမည်၊

(ဃ) ၎င်းသေဆုံးလျှင် နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း**

၁၈၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ရာထူးမှထုတ်ပယ်ပြီး အောက်ပါအခြေအနေများတွင် အခြားသူအား အစားထိုးခန့်အပ်နိုင်သည်-

(က) ကုမ္ပဏီတွင်ပါဝင်သူများ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ဤကိစ္စအလို့ငှာ အထွေထွေအစည်းအဝေးကျင်းပပြီး ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင် ဖြစ်စေ၊

(ခ) မြီရှင်များ၏ဆန္ဒအလျောက် သို့မဟုတ် တရားရုံး၏ အမိန့်အရစာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက နည်းလမ်းတကျ ကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင်ဖြစ်စေ၊

(ဂ) မည်သည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်မဆို ထိုသို့ ထုတ်ပယ်ရန်အကြောင်း သက်သေထင်ရှားပြနိုင်၍ တရားရုံးက အမိန့်ချမှတ်ခဲ့လျှင် ဖြစ်စေ။

**လစ်လပ်နေသောစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ရာထူးဖြည့်စွက်ခန့်ထားခြင်း**

၁၈၃။ လစ်လပ်နေသောစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရာထူးကို အောက်ပါနည်းလမ်းများဖြင့် ဖြည့်စွက်ခန့်ထားနိုင်သည်-

(က) ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းဖြစ်ပါက ဤကိစ္စလို့အငှာ အထွေထွေအစည်းအဝေးကျင်းပပြီး ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင် ဖြစ်စေ၊

(ခ) မြီရှင်များ၏ဆန္ဒအလျောက် သို့မဟုတ် တရားရုံး၏ အမိန့်အရစာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ ကျင်းပသော မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင် ဖြစ်စေ၊

(ဂ) မည်သည့်စာရင်း ရှင်းလင်းဖျက်သိမ်းခြင်းတွင်မဆို တရားရုံးက အမိန့်ချမှတ်ခဲ့လျှင်ဖြစ်စေ၊

(ဃ) တစ်ဦးထက်ပိုသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများရှိသည့်အနက် တစ်ဦးမှနုတ်ထွက်ခြင်းဖြစ်ပါက ကျန်ရှိသူစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ၏ ဆန္ဒအရ အစားထိုးခန့်အပ်ခြင်းဖြင့် ဖြစ်စေ။

***စာမျက်နှာ ၂၁ သို့***

*စာမျက်နှာ ၂၀ မှ*

**ကုမ္ပဏီကစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်မှုမပြုခြင်း သို့မဟုတ် အမည်စာရင်း မတင်ပြခြင်း**

၁၇၄။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစဉ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ခြင်းမပြုရသေးလျှင် သို့မဟုတ် မည်သူကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်နေခြင်းမရှိလျှင် ဒါရိုက်တာများသည် ၎င်းတို့၏ အခွင့်အာဏာကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျင့်သုံးနိုင်သည်။

(ခ) သို့ရာတွင်ဒါရိုက်တာများသည် အောက်ပါ ကန့်သတ်ထားသော ရည်ရွယ်ချက်များတွင် တရားရုံး၏ ခွင့်ပြုချက်မပါသော်လည်း ကျင့်သုံးနိုင်သည် -

(၁) မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ပုဒ်မ ၁၅၆ (မြီရှင်များအစည်းအဝေး) နှင့် ပုဒ်မ ၁၅၇ (ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် ပတ်သက်သည့် ကြေညာချက်) ကို လိုက်နာမှုရှိစေရန်လိုအပ်သည့် အတိုင်းအတာအထိ၊

(၂) ပျက်စီးလွယ်သည့် ကုန်ပစ္စည်းများအား စီမံခန့်ခွဲဆောင်ရွက်ခြင်း၊

(၃) ကုမ္ပဏီပိုင်ပစ္စည်းများကို ကာကွယ်ရန်အတွက် လိုအပ်သည့် အခြားသော ဆောင်ရွက်ချက်အားလုံး။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တာဝန်မှစွန့်လွှတ်ခြင်း**

၁၇၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏ တာဝန်မှ ရပ်စဲသွားသည့်အခါဖြစ်စေ၊နောက်ဆုံးအပြီးသတ်ခွဲဝေခြင်း(ရှိလျှင်) ပြီးစီး၍ အပြီးသတ်အစည်းအဝေးကို ကျင်းပပြီးစီးသွားလျှင်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်းအား ထိုကုမ္ပဏီနှင့် စပ်လျဉ်း၍ တာဝန်ရှိမှုများမှ စွန့်လွှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲရာတွင် နည်းလမ်းတကျ မဆောင်ရွက်ခဲ့ခြင်းရှိ မရှိ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ကျင့်ဝတ်ကိုလိုက်နာခဲ့ခြင်း ရှိ မရှိကို ထည့်သွင်းစဉ်းစားရမည်။ သို့ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် ပြုမူဆောင်ရွက်ချက်များနှင့်ပတ်သက်၍ -

(၁) အရေးကြီးသည့်အချက်အလက်များကို လိမ်လည်လှည့်ဖြားခဲ့ကြောင်း သို့မဟုတ် ဖျောက်ဖျက် သို့မဟုတ် ဖုံးကွယ်ထိမ်ချန်ခဲ့ကြောင်း သက်သေထင်ရှားပါက ထိုခွင့်ပြုခဲ့သည့်အမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ထို့အပြင်

(၂) ပုဒ်မ ၂၁၇ အရ အရေးယူခြင်းကို မထိခိုက်စေရ။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်အား တရားရုံးသို့ လျှောက်ထားခြင်း**

၁၇၆။ တစ်စုံတစ်ဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာခဲ့လျှင် ထိုသူသည် တရားရုံးသို့ လျှောက်ထားနိုင်ပြီး တရားရုံးမှကြားနာပြီးနောက် ထိုဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုစေရန် အမိန့်ချမှတ်နိုင်သည်။

**ခန့်အပ်ထားမှုကို အကျိုးသက်ရောက်စေသည့် လာဘ်ပေးလာဘ်ယူပြုရန် ဖြားယောင်းခြင်း**

၁၇၇။ တစ်ဦးတစ်ယောက်သည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် မြီရှင်တစ်ဦးဦးအား တန်ဖိုးရှိသော အဖိုးစားနားတစ်ခုခုကို အောက်ပါတို့အတွက်ပေးလျှင် သို့မဟုတ် ပေးရန်သဘောတူညီလျှင် သို့မဟုတ် ပေးရန်ကမ်းလှမ်းလျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်နှစ်ဆယ့်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်-

(က) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ၎င်းအား ခန့်အပ်စေရန် သို့မဟုတ် အမည်စာရင်းတင်သွင်းစေရန်၊ သို့မဟုတ်

(ခ) အခြားသူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်စေရန် သို့မဟုတ် ထိုသူအား အမည်စာရင်းတင်သွင်းစေရန် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းပေးခြင်းအား ပိတ်ပင်တားဆီးရန်။

**အခန်း(၇)**

**ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

**ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေကြောင်း အသိပေးကြေညာခြင်း**

၁၈၈။ (က) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေပါက အောက်ပါကိစ္စရပ်များ၌ထိုသို့ ဆောင်ရွက်နေကြောင်း ဖော်ပြပါရှိရမည်-

(၁) ကုမ္ပဏီ၊ ကုမ္ပဏီကိုယ်စား သို့မဟုတ် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကုမ္ပဏီပိုင်ပစ္စည်းများကို စီမံခန့်ခွဲသူ သို့မဟုတ် ပစ္စည်းထိန်းတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပေးပို့စာများ သို့မဟုတ် အမှာစာများ အားလုံး၊

(၂) ကုမ္ပဏီ၏ဝက်ဘ်ဆိုက်များ အားလုံး။

(ခ) ပုဒ်မခွဲ (က) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့် ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် ကုမ္ပဏီအရာရှိ၊ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိနှင့် ကုမ္ပဏီပိုင် ပစ္စည်းများကို စီမံခန့်ခွဲသူ သို့မဟုတ် ပစ္စည်းထိန်းအား မှတ်ပုံတင်အရာရှိသည် ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်**

၁၈၉။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ပြီးနောက် ၎င်းသည် ကုမ္ပဏီကိစ္စများနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား ကုမ္ပဏီ၏ကိစ္စရပ်များနှင့် ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကိုပြုစုလျက် ၎င်းထံပေးပို့ရန်အတွက် အကြောင်းကြားစာရေးသား ထုတ်ဆင့်ပေးပို့နိုင်သည်။

(ခ) ပုဒ်မခွဲ(က) နှင့်ပတ်သက်၍ နည်းဥပဒေတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည်-

(၁) စာဖြင့်ရေးသားသော အကြောင်းကြားစာ၏ ပုံစံ၊

(၂) ဆက်နွှယ်သည့် ပုဂ္ဂိုလ်များနှင့်

(၃) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်၏ ပုံစံနှင့်ယင်းပုံစံတွင်ပါရှိရမည့် အချက်များ။

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြရန် တာဝန်ရှိသူသည် စာဖြင့် ရေးသားပေးပို့သည့် အကြောင်းကြားစာကို ရရှိပြီး နောက် ၂၁ ရက်အတွင်း ထိုထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) ဤပုဒ်မအရ တင်ရှိသော တာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ တစ်စုံတစ်ဦးသည် လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**မြီရှင်များကော်မတီအား ဖွဲ့စည်းခြင်း**

၁၉၀။ (က) မည်သည့်မြီရှင်များအစည်းအဝေးတွင်မဆို မြီရှင်များကသင့်သည်ထင်မြင်လျှင် ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကို ကျင့်သုံးရန်ဖြစ်စေ၊ ဤဥပဒေအရ ဆောင်ရွက်ရမည်တို့ကို ဖြစ်စေ ဆောင်ရွက်နိုင်ရန်အတွက် မြီရှင်များ ကော်မတီကို ဖွဲ့စည်းနိုင်သည်။

(ခ) နည်းဥပဒေတွင် ကော်မတီအတွက်ဖြစ်စေ၊ ကော်မတီနှင့် ဆက်စပ်လျက်ဖြစ်စေ မြီရှင်များ ကော်မတီဖွဲ့စည်းမှု၊ ကော်မတီအစည်းအဝေးကျင်းပခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် မဲပေးပုံတို့နှင့် ပတ်သက်သည့်ပြဋ္ဌာန်းချက်များကို ထည့်သွင်းနိုင်သည့်အပြင် ကော်မတီ၏ နောက်ထပ်လုပ်ငန်းတာဝန်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

**မြီရှင်များက စာအုပ်စာတမ်းများကိုကြည့်ရှုစစ်ဆေးခြင်း**

၁၉၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီးသည့် မည်သည့်အချိန်တွင်မဆို မြီရှင်နှင့်ကြွေးမြီဆပ်ရန်တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသောစာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်းမရှိစေရ-

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ သို့မဟုတ်

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

**တရားရုံးသို့ လျှောက်ထားခြင်း**

၁၉၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏ လမ်းညွှန်ချက်ရယူရန် လျှောက်ထားနိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှပေါ်ထွက်လာသည့် မေးခွန်းတစ်ခုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးက ထိုမေးခွန်းအပေါ် လမ်းညွှန်ချက်ပေးလျှင် သို့မဟုတ် မေးခွန်းကို ဆုံးဖြတ်ပေးလျှင် တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ကျေနပ်ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်၍ လျှောက်ထားချက်တစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ လက်ခံနိုင်သည့်အပြင် အခြားသင့်သည်ထင်မြင်သည့် အမိန့်ချမှတ်နိုင်သည်။

**တရားရုံး၏ထပ်ဆင့်အာဏာများ**

၁၉၃။ ဤဥပဒေအရ တရားရုံးအား အပ်နှင်းထားသည့် အခွင့်အာဏာများသည် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ သို့မဟုတ် ကုမ္ပဏီ၏မြီစားနှင့်ပတ်သက်၍ တရားစွဲဆိုမှုတင်သွင်းရန်လက်ရှိကျင့်သုံးနိုင်သော အခွင့်အာဏာတစ်ခုခုကို ကန့်သတ်ခြင်းမဟုတ် ဖြည့်စွက်ခြင်းသာဖြစ်သည်။

**ခွဲဝေရမည့်ဦးစားပေးအစီအစဉ်များ**

**ကြွေးမြီဦးစားပေးအဆင့်တူညီခြင်း**

၁၉၄။ ဤဥပဒေအရ အခြားကြွေးမြီဦးစားပေးအစီအစဉ် သတ်မှတ်ထားလျှင်မှအပ ကုမ္ပဏီစာရင်း ရှင်းလင်းဖျက်သိမ်းခြင်းတွင် သက်သေထင်ရှားပြသပြီး ကြွေးမြီများနှင့် တောင်းခံမှုများသည် တူညီသောအဆင့်ရှိသည်။ ကုမ္ပဏီတွင် အပြည့်အဝပေးချေရန်အတွက် လုံလောက်သောပိုင်ဆိုင်မှုမရှိလျှင် အချိုးကျခွဲဝေပေးရမည်။

**ကုမ္ပဏီပိုင်ပစ္စည်းများ ခွဲဝေပေးခြင်း**

၁၉၅။ ဤအပိုင်းအရ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ကုမ္ပဏီပိုင်ပစ္စည်းများကို အောက်ပါအတိုင်းခွဲဝေရမည်-

(က) သက်ဆိုင်ရာအခန်းတွင် ပြဋ္ဌာန်းထားသော ဦးစားပေးတောင်းခံမှုများကို ကနဦးဦးစားပေးခြင်း၊

(ခ) ဒုတိယအနေဖြင့်ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ကုမ္ပဏီကပေးရန်ရှိသည့် ကြွေးမြီများကို ဦးစားပေးအဆင့်တူညီစွာခွဲဝေပေးခြင်း၊

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် အခြားနည်း ဖော်ပြထားခြင်းမရှိလျှင် ကုမ္ပဏီတွင်ပါဝင်သူများအကြား ၎င်းတို့၏ အခွင့်အရေးများနှင့်အကျိုးအမြတ်များအရ ခွဲဝေပေးခြင်း။

**ဦးစားပေးတောင်းခံမှုများကို ပေးချေခြင်း**

၁၉၆။ (က) ဤပုဒ်မတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) လုပ်ခွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ စရိတ်များဆိုသည်မှာ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှ စနစ်တကျ ကျခံခဲ့ရသော ကုန်ကျစရိတ်များကို ဆိုသည်၊

(၂) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ ဝန်ဆောင်စရိတ်ဆိုသည်မှာ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ ရပိုင်ခွင့်ရှိသော လုပ်အားခငွေများကို ဆိုသည်၊

(၃) သက်ဆိုင်သောဝန်ထမ်းဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များမှ အပ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း မပြုမီကာလတွင် ထိုကုမ္ပဏီ၏ ဝန်ထမ်းများကို ဆိုသည်-

(ကက) ဒါရိုက်တာ၊ သို့မဟုတ်

(ခခ) ယခင်ဒါရိုက်တာ။ (ယခင်ဒါရိုက်တာဆိုသည်မှာ ဒါရိုက်တာရာထူးမှ ရပ်စဲသွားချိန် မတိုင်မီအထိ ကုမ္ပဏီ၏ ဒါရိုက်တာတာဝန် ထမ်းဆောင်ခဲ့သူ)

(၄) ကုမ္ပဏီနှင့် သက်ဆိုင်သည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူဆိုသည်မှာအောက်ပါပုဂ္ဂိုလ်များကိုဆိုသည်-

(ကက) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊

(ခခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အချိန်၌ ကုမ္ပဏီသည် အပိုင်း(၅)အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင် ယင်း၏ ပြန်လည်ထူထောင်ရေး မန်နေဂျာ၊

(ဂဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အချိန်၌ ကုမ္ပဏီသည် အပိုင်း(၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေသည်ဆိုလျှင် ယင်း၏ ပြန်လည်ထူထောင်ရေး အကြံပေး။

(၅) သက်ဆိုင်ရာဝန်ထမ်းများ၏ ရပိုင်ခွင့်ဆိုသည်မှာ ပုဒ်မခွဲ (ခ) တွင်ပြဋ္ဌာန်းထားသော အမျိုးအစားများတွင် အကျုံးဝင်ပြီး ထိုရပိုင်ခွင့်များအားအပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ဆောင်ရွက်ခဲ့သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွင်း ပေးချေခဲ့ခြင်းမရှိလျှင် ထိုရပိုင်ခွင့်များကိုလည်း ဆက်စပ်သော ဦးစားပေးအစဉ်တွင် ထည့်သွင်းရမည်ဟု ဆိုသည်။

(ခ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာ အောက်ဖော်ပြပါကြွေးမြီနှင့်တောင်းခံမှုများကို ကုမ္ပဏီ၏ပေးရန်ရှိသော အာမခံအကျိုးခံစားခွင့်မရရှိသည့် ကြွေးမြီ သို့မဟုတ် တောင်းခံမှုများထက် ဦးစားပေးလျက် အောက်ပါအစဉ်အတိုင်း ပေးချေရမည်ဖြစ်သည်-

(၁) ဦးစွာလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ ကုန်ကျစရိတ်များ၊

(၂) ထို့နောက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို တရားရုံးမှ ခန့်အပ်ခဲ့ခြင်းဖြစ်ပါက ထိုအမိန့်ရရှိရန် လျှောက်ထားခြင်းအတွက် ကုန်ကျခဲ့သော တရားရုံးစရိတ်များ၊

(၃) ထို့နောက်လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ ဝန်ဆောင်စရိတ်၊

(၄) ထို့နောက် ကုမ္ပဏီမှ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ အလုပ်လုပ်ကိုင်ခဲ့သောသက်ဆိုင်သည့် ဝန်ထမ်းများအားပေးရန်ရှိသည့် လုပ်အားခနှင့် လစာများ သို့မဟုတ် အခြားသော ဝန်ဆောင်စရိတ်များ၊

(၅) ထို့နောက် ကုမ္ပဏီစာရင်း ရှင်းလင်းဖျက်သိမ်းခြင်း မပြုမီ အလုပ်လုပ်ကိုင်ခဲ့သော သက်ဆိုင်သည့် ဝန်ထမ်းများအား ပေးရန်ရှိသည့် ခွင့်ရက်ဆိုင်ရာ ရပိုင်ခွင့်များ၊

(၆) ထို့နောက်သက်ဆိုင်သော ဝန်ထမ်းများအား ပေးရန်ရှိသည့် အလုပ်မှရပ်နားခြင်းဆိုင်ရာ ရပိုင်ခွင့်များ၊

(၇) ထို့နောက် သက်ဆိုင်သောဝန်ထမ်းများအား ပေးရန်ရှိသည့် လုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှုတို့နှင့် ပတ်သက်သည့် လျော်ကြေးငွေများ၊

(၈) ထို့နောက် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အခြားသော ကြွေးမြီများ။

(ဂ) အထက်ပုဒ်မခွဲတွင် ရည်ညွှန်းထားသောကြွေးမြီများအနက် အတန်းအစားတူညီသော ကြွေးမြီများသည် ဦးစားပေးအဆင့်တူညီပြီး ကုမ္ပဏီတွင် ပေးချေရန်အတွက် လုံလောက်သော ပိုင်ဆိုင်မှုမရှိလျှင် မှတစ်ပါး အပြည့်အဝပေးချေရမည်။ လုံလောက်မှုမရှိလျှင် အချိုးကျခွဲဝေပေးမည်။

***(ဆက်လက်ဖော်ပြပါမည်)***

# ကော့မှူး ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း၌ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းက အသက်မွေးမှုအထောက်အကူပြုပညာရပ်များ သင်ကြားပေး

ရန်ကုန် အောက်တိုဘာ ၂၄

**ယခုလတွင် ကျရောက်သော ကမ္ဘာ့စားဖိုမှူးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ စားဖိုမှူးကြီးများက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းမှ လူငယ်များအား အသက်မွေးမှုပညာရပ် အထောက်အကူအဖြစ် အစားအစာနှင့်ပတ်သက်သည့်ပညာရပ်များကို အောက်တိုဘာ ၂၂ ရက်က လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။**



မြန်မာနိုင်ငံစားဖိုမှူးများအသင်း ဥက္ကဋ္ဌ ဦးအိုလီဗာစိုးသက်နှင့် စားဖိုမှူးများက ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအတွင်းရှိ ထမင်းစားခန်းမကြီးတွင် လူငယ်များနှင့်တွေ့ဆုံ၍ သစ်သီးများကိုထွင်းထုပြီး ပုံဖော်ခြင်း၊ ချောကလက်ပြုလုပ်နည်း၊ ဂျုံရုပ်အလှဆင်ခြင်း၊ အစားအစာ ဘေးကင်းလုံခြုံမှုအတွက် အသိပညာများ ဖြန့်ဝေခြင်း၊ အစားအစာနှင့်ပတ်သက်သော အာဟာရပြည့်ဝမှုအကြောင်း သိကောင်းစရာများနှင့် အချိုပွဲမုန့်များ ပြုလုပ်ပြင်ဆင်ခြင်း အတတ်ပညာများကို စားဖိုမှူးကြီးများကိုယ်တိုင် သင်ကြားပေးခဲ့သည်။

ထို့နောက် ကလေးသူငယ်အဖွဲ့လိုက် ထမနဲထိုးပြိုင်ပွဲကိုလည်း ပြုလုပ်ခဲ့ပြီး MCA live band ကလည်း သီချင်းများဖြင့် ဖျော်ဖြေခဲ့သည်။ သင်တန်းကျောင်းမှ လူငယ်များအနေဖြင့် မိမိတို့အိမ်ရာများသို့ ပြန်လည်ရောက်ရှိပါက အသက်မွေးမှု အတတ်ပညာရပ်တစ်ခုအဖြစ် ပြန်လည်အသုံးပြုနိုင်ရန် မြန်မာနိုင်ငံ စားဖိုမှူးအသင်းက ယခုလိုတစ်ရက်တာ သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းကျေးရွာတွင် လူငယ်သင်တန်းကျောင်းကို ၁၉၇၅ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအရ ကလေးသူငယ်များအား ထိန်းသိမ်းစောင့်ရှောက်လျက် အတန်းပညာများသာမက အသက်မွေးဝမ်းကျောင်းပညာများဖြစ်သော ဝရိန်ပညာ၊ ဆံသပညာ၊ တံမြက်စည်းပြုလုပ်နည်းပညာ၊ ဆိုင်ကယ်ပြင်ပညာနှင့် ကြိမ်၊ ဝါး လုပ်ငန်းပညာများအပြင် လက်ဖွဲ့ပညာကိုလည်း သင်ကြားပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် ကျောင်း၌ ကလေးနှင့်လူငယ် ၅၀၀ ကျော်ရှိနေပြီး ၎င်းတို့အား စိတ်ပိုင်းဆိုင်ရာကောင်းမွန်ရန်နှင့် အများနှင့်ပေါင်းသင်းဆက်ဆံနိုင်ရန်လည်း လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

# ညောင်ဦးမြို့နယ်၌ ဟင်းသီးဟင်းရွက်များ သီးညှပ်စိုက်ပျိုး၍ တောင်သူများ အပိုဝင်ငွေရနေ

**ညောင်ဦး အောက်တိုဘာ ၂၄**

ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ယခုနှစ်တွင် အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့် ပဲတီစိမ်းနှင့် မြေပဲစိုက်ခင်းများအတွင်း ဟင်းသီးဟင်းရွက်ပင်များကို သီးညှပ်အဖြစ် စိုက်ပျိုးခဲ့ကြရာ အောင်မြင်ဖြစ်ထွန်း၍ မိသားစုအတွက် အပိုဝင်ငွေရရှိနေကြကြောင်း သီးညှပ်စိုက်ပျိုးသည့် တောင်သူအချို့ထံမှ သိရသည်။

သီးညှပ်အဖြစ် ပဲလွန်းတောင့်များ စိုက်ပျိုးခဲ့သည့် ပျော့ကံကျေးရွာမှ တောင်သူတစ်ဦးက “စောစောရက် ပေါ်ခါစတုန်းက ဟင်းချက်စားဖို့ ပဲသီးတစ်ပိဿာ ကျပ် ၁၂၀၀ အထိ ရောင်းခဲ့ရတယ်၊ အခု ဖြိုင်ဖြိုင်ပေါ်လာချိန်မှာတော့ တစ်ပိဿာ ကျပ် ၁၀၀၀ လောက် ရောင်းရတော့တယ်၊ အခုရက်ပိုင်းမှာ ဖောက်သည်ပေးရင် တစ်ပိဿာ ကျပ် ၈၀၀ နှုန်းပဲ ရပါတယ်၊ ဒါပေမယ့် တွက်ခြေကိုက်ပါတယ်၊ ကျွန်မတို့က မြေပဲခင်းပေါင်တန်းနဲ့ ပဲတီစိမ်းယာခင်းထဲကို ကြားညှပ်စိုက်ထားတာပါ၊ တစ်နေ့တစ်နေ့ ခူးရင် ၁၅ ပိဿာကနေ အချိန် ၂၀ အထိ ရပါတယ်”ဟု ပြောသည်။

ရမ်းဆမ်းကျေးရွာမှ ဟင်းသီးဟင်းရွက်များ နှစ်စဉ်သီးညှပ်စိုက်နေသည့် တောင်သူဒေါ်အေးမာကလည်း “ကျွန်မတို့ကတော့ နှစ်တိုင်း ယာခင်းထဲမှာ ချဉ်ပေါင်၊ ပဲသီးတောင့်၊ ဘူးသီးပင်တွေ ထည့်စိုက်နေကျပါ၊ တန်ဆောင်မုန်း၊ နတ်တော်အထိအောင် ရောင်းစားရပါတယ်၊ တစ်ရက်စာ ကောက်ရောင်းရင် တစ်သောင်းခွဲဖိုးလောက်အထိ ရတယ်၊ တစ်နှစ်ဆိုရင် ယာသီးနှံစိုက်ရင်းနဲ့ ဟင်းသီးဟင်းရွက်ရောင်းရငွေက ငါးသိန်း၊ ခြောက်သိန်းလောက်အထိ အပိုဝင်ငွေရှိပါတယ်၊ ကျွန်မတို့က ဓာတုဆေးမှုလည်း မပက်ပါဘူး၊ ပိုးသတ်ဆေးလည်း မသုံးဘူး၊ အဲဒီတော့ ဝယ်စားတဲ့သူတွေက ပိုကြိုက်ကြပြီး မြို့မှာလည်း ကျွန်မတို့နယ်ကပဲသီးကို တောပဲသီးဆိုပြီး ပိုလူကြိုက်များတယ်။ မိသားစုလည်း လတ်လတ်ဆတ်ဆတ်စားရတယ်”ဟု ပြောသည်။

ညောင်ဦးမြို့နယ်တွင် ယခင်ကပင် ပဲတီစိမ်းနှင့် မြေပဲစိုက်ခင်းများကြား၌ နှစ်စဉ် ဟင်းသီးဟင်းရွက်များ သီးညှပ်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိနေသော တောင်သူမိသားစုများရှိကြပြီး ယခုနောက်ပိုင်းတွင် ထိုသို့ သီးညှပ်စိုက်ပျိုးသည့်တောင်သူများ ပို၍များလာကြောင်း သိရသည်။

**ကျော်ငွေး(ညောင်ဦး)**



သီးနှံများရောင်းချရန် ခူးဆွတ်ပြင်ဆင်နေသည့် တောင်သူတစ်ဦး။

# အိမ်ထောင်စု လူဦးရေစာရင်း စိစစ်ခြင်းလုပ်ငန်းများ ဖလမ်းမြို့နယ်အတွင်း၌ ဆောင်ရွက်လျက်ရှိ



ဗလိုင်ရပ်ကွက်အတွင်း၌ အိမ်ထောင်စုစာရင်းစိစစ်မှုများ ဆောင်ရွက်နေစဉ်။

**ဖလမ်း အောက်တိုဘာ ၂၄**

ဖလမ်းမြို့ မြို့ပေါ်ရပ်ကွက်များရှိ အိမ်ထောင်စု လူဦးရေစာရင်း စစ်ဆေးကောက်ယူခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဖလမ်းမြို့နယ်ဦးစီးမှူး ဦးကိုကိုလေး ဦးဆောင်သော ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဖလမ်းမြို့နယ်ဦးစီးမှူး ဦးကိုကိုလေးက “ဒုတိယသမ္မတရဲ့ လမ်းညွှန်မှုနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ အိမ်ထောင်စုလူဦးရေစာရင်း စိစစ်ခြင်းကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်၊ အဲဒီလို အိမ်ထောင်စုလူဦးရေစာရင်း စိစစ်ခြင်းနှင့်အတူ အသက် ၁၀ နှစ်ပြည့် စိစစ်ရေးကတ်၊ ၁၈ နှစ်ပြည့် စိစစ်ရေးကတ်တွေကိုလည်း ကွင်းဆင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ အခု ကျွန်တော်တို့ ဖလမ်းမြို့နယ်မှာဆိုရင် ၁-၁၀-၂၀၁၈ မှ ၈-၁-၂၀၁၉ အထိ ရက် ၁၀၀ အတောအတွင်းမှာ အိမ်ထောင်စုလူဦးရေ စာရင်းစိစစ်နေတာဖြစ်ပါတယ်။ ဒီ အိမ်ထောင်စု လူဦးရေစာရင်း စိစစ်ခြင်းမှာ ပထမဆုံးအနေနဲ့ မွေးတိုးကလေးတွေကို အိမ်ထောင်စုစာရင်းမှာ ထည့်ပေးပါတယ်၊ သေဆုံးသွားတဲ့လူတွေ ရုံးမှာလာပြီး ဖျက်ဖို့အတွက် အချိန်မရနိုင်တဲ့ လူတွေကိုလည်း ကွင်းဆင်းချိန်မှာ ဆောင်ရွက်ပေးပါတယ်၊ ပြီးရင် အိမ်ထောင်စုစာရင်း ပျောက်တာတွေ၊ ပျက်တာတွေဆိုလို့ရှိရင် တစ်ခါတည်းအပြီးအစီး ဆောင်ရွက်ပေးပါတယ်၊ ဒီမှာတော့ တတိယနိုင်ငံတွေကို သွားနေတဲ့သူတွေရှိတော့ သေချာစိစစ်ပြီး လုပ်ပေးရပါတယ်”ဟု ပြောသည်။

အိမ်ထောင်စုလူဦးရေစာရင်း စိစစ်ခြင်းကို ဖလမ်းမြို့ပေါ်ရှိ ကျင်မွာလ်ရပ်ကွက်၊ ဖာရ်ထောက်ရပ်ကွက်များ၌ ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ အောက်တိုဘာ ၂၂ ရက်မှစ၍ ဗလိုင်ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်နေကြောင်း သိရသည်။ **ဂျွန်**

# ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုများတွင် ဆိုင်ကယ်ကြောင့်သေဆုံးမှု ၇၀ ရာခိုင်နှုန်းအထိရှိနေ

**မကွေး အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီးအတွင်း၌ ယာဉ်တိုက်မှုများကြောင့် သေဆုံးရသူများ၏ ၇၀ ရာခိုင်နှုန်းမှာ ဆိုင်ကယ်ကြောင့်ဖြစ်ပြီး မဆင်မခြင်မောင်းနှင်ခြင်းနှင့် ဆိုင်ကယ်စီးစဉ် ဦးထုပ်မဆောင်းခြင်းတို့ကြောင့် ယခုလို သေဆုံးမှုနှုန်း မြင့်မားနေရခြင်းဖြစ်ကြောင်း အမှတ်(၄) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံး(မကွေး)မှ ရဲမှူးသာငွေး၏ ပြောကြားချက်အရ သိရသည်။

“မော်တော်ယာဉ်တိုက်မှုကြောင့် သေဆုံးတာက ၃၀ ရာခိုင်နှုန်းလောက်ပဲရှိတယ်၊ ဆိုင်ကယ်မဆင်မခြင်မောင်းလို့၊ ဦးထုပ်မဆောင်းလို့ တိုက်မိတာတွေကြောင့် သေဆုံးရတာက ၇၀ ရာခိုင်နှုန်း ဖြစ်နေပါတယ်၊ ဒါတွေကို လျော့ကျသွားအောင် စည်းကမ်းပိုင်းအရ ထိထိရောက်ရောက် အရေးယူမှုတွေ လုပ်သွားမှာပါ”ဟု ရဲမှူးသာငွေးက ပြောသည်။

မကွေးမြို့တွင် လက်ရှိအချိန်၌ ဆိုင်ကယ်စီးလျှင် ဦးထုပ်မဆောင်းပါက ဒဏ်ငွေကျပ်သုံးသောင်း၊ ယာဉ်မောင်းစဉ် လိုင်စင်မပါရှိပါက ဒဏ်ငွေ ကျပ်ငါးသောင်း၊ နံပါတ်ပြားမတပ်ပါက ဒဏ်ငွေ ကျပ်တစ်သိန်းနှင့် ထောင်ဒဏ်သုံးလအထိ ချနိုင်သည့် ပြစ်ဒဏ်သတ်မှတ်ချက်များရှိနေပြီး မကွေးမြို့ပေါ်၌ အောက်တိုဘာ ၁ ရက်မှစ၍ ဌာနဆိုင်ရာအဖွဲ့အစည်းများပါဝင်သော ရွှေ့လျားစနစ်ဖြင့် စည်းကမ်းမဲ့ယာဉ်မောင်းသူများကို အရေးယူနေပြီဖြစ်ကြောင်းလည်း သိရသည်။

ထိုသို့ စိစစ်အရေးယူမှုများ ပြုလုပ်နေသော်လည်း ဆိုင်ကယ်မောင်းသူများမှာ စည်းကမ်းမလိုက်နာမှုများရှိနေဆဲဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။ “ပညာပေးတာတွေကတော့ ရှေးပဝေသဏီကတည်းကလို့တောင် ဆိုရမလားပဲ၊ ဒါပေမယ့် မီးပွိုင့်တွေ၊ လမ်းမကြီးတွေပေါ်သွားနေတဲ့ ဆိုင်ကယ်တွေကို ကြည့်စမ်းပါဗျာ၊ ပျက်လိုက်တဲ့စည်းကမ်း၊ မောင်းလိုက်တာတွေကလည်း ကြောက်စရာ၊ ဆိုင်ကယ်လီဗာသံတွေကလည်း တစ်ချက်တစ်ချက် နှလုံးကိုတုန်သွားတယ်၊ ညဘက်ဆို မဖြစ်လွန်းမှ အပြင်ထွက်တယ်၊ ခဏခဏ စစ်ဆေးအရေးယူနေတဲ့ ဗိုလ်ချုပ်လမ်းတစ်လျှောက်မှာတော့ အရင်တုန်းကနဲ့စာရင် ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းလာကြတယ်”ဟု မကွေးမြို့ခံ ပြည်သူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ယာဉ်တိုက်မှု စုစုပေါင်း ၁၁၆ ကြိမ် ဖြစ်ပွားခဲ့ကာ ဒဏ်ရာရသူ ၁၆၄ ဦးနှင့် သေဆုံးသူ ၂၆ ဦးအထိရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိုက်မှုနှင့် ဒဏ်ရာရ/သေဆုံးမှုဖြစ်စဉ်များ၌ ဒဏ်ရာရသူ ၁၄၇ ဦးနှင့် သေဆုံးသူ ၂၅ ဦးမှာ ယာဉ်စည်းကမ်းမလိုက်နာချိုးဖောက်မှုများရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်းလည်း ရဲတပ်ဖွဲ့၏ စာရင်းအချက်အလက်များအရ သိရသည်။

**ဇေယျာတု(မကွေး)**



ဖမ်းဆီးမှုများလုပ်နေသော်လည်း ဆိုင်ကယ်စီးသူအများစုမှာ ဦးထုပ်မဆောင်းကြသည်ကို မကွေးမြို့တွင်းတစ်နေရာ၌ တွေ့ရစဉ်

# မုန်တိုင်းသတိပေးချက်ရှိနေသော်လည်း ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

ယခုရက်ပိုင်းတွင် မုန်တိုင်းသတိပေးချက်ရှိနေပြီး မုန်တိုင်းအရှိန်ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းခြင်းများ ရှိနေသော်လည်း ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်များအနေဖြင့် ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းကြောင့် မြစ်ဝကျွန်းပေါ်ဒေသ၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြီးခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကမ်းလွန်ပင်လယ်ပြင်များရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထားသလို အဆိုပါ လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် မိုးများရွာသွန်းနေသော်လည်း ရန်ကုန် ပန်းဆိုးတန်းမှ ဒလဘက်ကမ်းသို့ ပြေးဆွဲနေသော ကူးတို့ရေယာဉ်များနှင့် သင်္ဘောများမှာ ရပ်နားခြင်းမရှိဘဲ ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း ဒလသင်္ဘောဆိပ်ကမ်းမန်နေဂျာ ဒေါ်ခင်ခင်နုက ပြောကြားသည်။

"မုန်တိုင်းသတိပေးချက်နဲ့ပတ်သက်ပြီး ပြင်ဆင်ဆောင်ရွက်ထားတာက ချယ်ရီသင်္ဘောပေါ်မှာ အသက်ကယ်အင်္ကျီတွေ အဆင်သင့်ထားရှိတယ်၊ ရုတ်တရက် မိုးကြီးပြီး လေပြင်းတိုက်ခတ်လာရင် သင်္ဘောကိုရပ်နားထားပြီး ကမ်းကနေ မထွက်ဖို့ သတိပေးပြောကြားထားတယ်၊ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ က မိုးသည်းလို့ ငါးမိနစ်လောက် ခေတ္တဆိုင်းငံ့ပြီးမှ ထွက်ခွာတယ်၊ ရာသီဥတုအခြေအနေကြည့်ပြီး ပြေးဆွဲမှာပါ"ဟု အောက်တိုဘာ ၂၃ ရက်တွင် ပြောသည်။

ချယ်ရီသင်္ဘောသုံးစင်းအနေဖြင့် ပုံမှန်အတိုင်း တစ်ရက်လျှင် ၄၆ ခေါက် အလှည့်ကျ အသွား၊ အပြန် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိပြီး လက်ရှိအချိန်မှာ သီတင်းကျွတ်ပိတ်ရက်ဖြစ်၍ ခရီးသည်စီးနင်းမှုလည်း များပြားကြောင်း၊ ခရီးသည်များ အဆင်ပြေစေရန်နှင့် ဘေးကင်းလုံခြုံရေးအတွက် သင်္ဘောဆိပ်ကမ်းဝန်ထမ်းများနှင့် ချယ်ရီသင်္ဘောဝန်ထမ်းများက အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း၊ သင်္ဘောအတက်အဆင်းနှင့် ဇောတံတားပေါ်တွင် လက်ရန်းတန်းများ တပ်ဆင်ပေးထားခြင်းနှင့် စျေးသည်များကို ရှင်းလင်းဖယ်ရှားထားမှုကြောင့် ခရီးသွားပြည်သူများအနေဖြင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ကြကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒလမြို့နယ် စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းကလည်း "ရန်ကုန်မြစ်အတွင်း ဖြတ်သန်းသွားလာနေကြတဲ့ ကျွန်တော်တို့ စက်တပ်သမ္ဗန်များအနေနဲ့ မုန်တိုင်းသတိပေးချက် ရရှိထားပါတယ်၊ အောက်တိုဘာ ၂၁ ရက် ည ၉ နာရီကျော်ကလည်း လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်းကြီးတာ ၁၅ မိနစ်လောက် ဖြစ်ပွားခဲ့တယ်၊ မုန်တိုင်းက ပြောလို့မရဘူး၊ ဗြုန်းစားကြီး ဖြစ်ပွားနိုင်လို့ အားလုံးကို ထပ်ဆင့်ညွှန်ကြား သတိပေးထားတယ်၊ မိုးကြီးတာနဲ့အတူ လေပြင်းတိုက်ခတ်လာရင် ကူးတို့ဆိပ်ကမ်းက မထွက်ခွာဖို့ကို သမ္ဗန်ဆိပ် ၁၁ ခုလုံးမှာရှိတဲ့ ကူးတို့ဆိပ်ဥက္ကဋ္ဌအားလုံးကို ပြောကြားထားတယ်၊ အသက်ကယ်အင်္ကျီတွေကို တပ်ဆင်ထားဖို့နဲ့ ခရီးသည်အားလုံးကို ဝတ်ဆင်ပေးဖို့ အထူးဂရုစိုက်ဆောင်ရွက်ကြဖို့ ညွှန်ကြားထားပါတယ်၊ လက်ရှိမှာ မုန်တိုင်းသတိပေးချက်ကြောင့် စက်တပ်သမ္ဗန်စီးနင်းသူတော့ နည်းပါးလျက်ရှိပါတယ်"ဟု ပြောကြားသည်။

အောက်တိုဘာ ၂၅ ရက်မှ ၂၈ ရက်အတွင်း ရန်ကုန်မြစ်အတွင်း၌ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ သို့ရာတွင် ၂၀၁၄-၂၀၁၅ ခုနှစ်များကလည်း ထူးကဲဒီရေသည် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် ၂၂ ပေခန့်အထိ မြင့်တက်ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီးတွင် နေထိုင်ကြသော ပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် သတိပေး သတင်းထုတ်ပြန်ထားကြောင်းလည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ သိရသည်။

ဒလမြို့နယ်တွင် ယခုနှစ်အတွင်း ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြစ် ထူးကဲဒီရေမြင့်တက်မှုကြောင့် သင်္ဘောဆိပ်ကမ်း၊ စက်တပ်သမ္ဗန်ကူးတို့ဆိပ်များတွင် ရေပြည့်ရေလျှံခြင်းများနှင့်အတူ မြစ်ချောင်းဘေး မြေနိမ့်ပိုင်းရပ်ကွက်များ၌လည်း ရေအမြင့် သုံးပေနီးပါးခန့်အထိ ဒီရေဝင်ရောက်မှုဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



ရန်ကုန် ပန်းဆိုးတန်းဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် ချယ်ရီသင်္ဘောကို တွေ့ရစဉ်။

## ဖားကန့် စဗျစ်ခူးကျေးရွာတွင် ကုမ္ပဏီများ မြေစာစွန့်ပစ်မှုကြောင့် အန္တရာယ်ရှိလာနိုင်

**ဖားကန့် အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မိုးအကုန် ပွင့်လင်းရာသီကာလတွင် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ရန်အတွက် ကုမ္ပဏီများက မြေစာပစ်လမ်းများဖောက်လုပ်ခြင်းကြောင့် စဗျစ်ခူးကျေးရွာတွင် ရေပိုက်လိုင်းများပျက်စီးမှုရှိခဲ့ပြီး ကျေးရွာအနီးတွင် မြေစာများ စုပုံစွန့်ပစ်နေမှုကြောင့်လည်း မြေစာပုံကြီးများဖြစ်လာကာ မကြာခဏပြိုကျနေကြောင်းနှင့် ကျေးရွာအတွက် အန္တရာယ်ဖြစ်ပေါ်မည်ကို စိုးရိမ်နေရကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

"မနှစ်တုန်းကလည်း အခုလိုပဲ မြေစာတွေ စွန့်ပစ်ခဲ့ပါတယ်၊ ရွာသူ ရွာသားတွေကို အသိပေးပြောကြားခြင်းလည်း မရှိသလို ကျေးရွာကိုလည်း ဘာမှ ထိထိရောက်ရောက် မကူညီခဲ့ပါဘူး၊ မြေစာပုံကြီးက ကျွန်တော်တို့ရွာကို ဝါးမြိုတော့မလို ဖြစ်နေပါပြီ၊ မိုးတွင်းတုန်းကလည်း ရွာမပျက်စီးအောင် မြေစာမပစ်တဲ့ အခြားကုမ္ပဏီက ဘက်ဟိုးနှစ်စီးနဲ့ ကူညီခဲ့လို့ ရွာက အခုလို ကျန်ရစ်နေခဲ့တာပါ"ဟု စဗျစ်ခူးကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးမောင်မြင့်က ပြောကြားသည်။

ယခုနှစ် မိုးအကုန် ပွင့်လင်းရာသီချိန်တွင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများသည် လုပ်ငန်းများစတင်လုပ်ကိုင်ရန်အတွက် မြေစာပစ်လမ်းများကို စတင်ရှင်းလင်းနေပြီး ယခုနှစ် ရှင်းလင်းရာတွင် စဗျစ်ခူးရွာအနီးရှိ အများသုံး စုပေါင်းရေလှောင်ကန်မှ ရေပိုက်များ ပျက်စီးခဲ့သဖြင့် သောက်သုံးရေအတွက် အခက်အခဲဖြစ်နေရကြောင်း သိရသည်။

ထို့အပြင် စဗျစ်ခူးကျေးရွာမှာ စွန့်ပစ်မြေစာပုံများအောက်သို့ ရောက်ရှိနေပြီး ယခုနှစ်တွင် မြေစာများ ဆက်လက်စွန့်ပစ်မည်ဆိုပါက ကျေးရွာအတွက် ဆိုးရွားစွာ အန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်း၊ မြေစာစွန့်ပစ်မည့် ကုမ္ပဏီကြီးများဖြစ်သည့် မြစိမ်းတောင်ကုမ္ပဏီ၊ ဖိုးသာထူးကုမ္ပဏီ၊ မြယမုံကုမ္ပဏီ၊ ကျောက်စိမ်းတောင်ကုမ္ပဏီ၊ ကောင်းမြတ်သုခကုမ္ပဏီ စသည့် ကုမ္ပဏီများက ကျေးရွာအနီးတွင် မြေစာစွန့်ပစ်ရန်နေရာကို စုပေါင်းရှင်းလင်းပြီးဖြစ်၍ ထိုနေရာတွင် မြေစာပုံများ စွန့်ပစ်မည်ကို ဒေသခံများက စိုးရိမ်ပူပန်လျက်ရှိကာ ထိုကိစ္စကိုဖြေရှင်းပေးရန်အတွက် ကျေးရွာမှ ဒေသခံပြည်သူ ၇၆ ဦးက ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအသီးသီးသို့ တင်ပြတောင်းဆိုထားကြောင်းလည်း ဦးမောင်မြင့်က ဆက်လက်ပြောကြားသည်။ **(၀၇၈)**





## လူငယ်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ခေါင်းစဉ်ဖြင့် သထုံမြို့၌ ပြည်သူ့စကားဝိုင်းဆွေးနွေး

**သထုံ အောက်တိုဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက်က အထက(၂)ကျောင်း လှမဥ္ဇူခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် သထုံခရိုင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းကောင်စီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ အမှတ်(၁၂) ပြည်နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးဌေးရွှေနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်ပိုင်ဖြိုးတို့က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ယာဉ်မတော်တဆမှုဖြစ်စဉ်များ၊ စောင့်ထိန်းလိုက်နာရမည့်အချက်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ဒေသအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်နေသည့် ကိစ္စရပ်များ စသည်တို့ကို ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးပွဲတက်ရောက်သည့် ကျောင်းသားကျောင်းသူများကလည်း သိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ သထုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၃၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြပြီး သထုံမြို့နယ်အတွင်း ပြည်သူ့စကားဝိုင်းကျင်းပခြင်းမှာ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မတူပီမြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံသုံးပစ္စည်းများ ထုတ်ပေး

**မတူပီ အောက်တိုဘာ ၂၄**

နိုဝင်ဘာ ၃ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မတူပီမြို့နယ်အတွင်းမှ မဲရုံများသို့ မဲရုံသုံး ဆက်စပ်ပစ္စည်းများကို မတူပီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ အောက်တိုဘာ ၂၂ ရက်မှစ၍ ထုတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

မတူပီမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၃၈ အုပ်စုအတွင်း မဲရုံပေါင်း ၇၀ ဖွင့်လှစ်၍ ကျင်းပမည်ဖြစ်ပြီး ကြိုတင်ဆန္ဒမဲများကို အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ပေးနိုင်မည်ဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမျိုးသား ၈၄၁၁ ဦးနှင့် အမျိုးသမီး ၈၉၉၅ ဦး စုစုပေါင်း ၁၇၄၀၆ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး တာဝန်ခံ ဦးဟဲန်းဆမ်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖယ်ခုံမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

**ဖယ်ခုံ အောက်တိုဘာ ၂၄**
ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲလောကချမ်းသာ ဘုရားလမ်းအပိုင်း(၁) ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့တွင် ကျင်းပသည်။

အဆိုပါ လောကချမ်းသာဘုရားလမ်းသည် မိုးဗြဲကျေးရွာအုပ်စု စည်ကား(၂)ရပ်ကွက်ရှိ လယ်တီကမ္မဋ္ဌာန်းကျောင်းမှ အင်ကြင်းမြိုင်တောင်ပေါ်တောရဘုရားကြီးသို့ သွားရောက်သည့် လမ်းဖြစ်ပြီး စုစုပေါင်း လမ်းအရှည်ပေ ၁၂၄၅၀ အနက် လမ်းအပိုင်း(၁) ကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေကို ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကတ္တရာ ၁၅ တန် ထောက်ပံ့ပေးအပ်လှူဒါန်းပြီး ပြည်သူလူထု ထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၃၅၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၄၄၀ ဖြင့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် အင်ကြင်းမြိုင်တောင်ပေါ်တောရကျောင်း ဆရာတော် ဘဒ္ဒန္တဩဘာသဘိက္ခုထေရ်က အဖွင့်ဩဝါဒစကားမိန့်ကြားပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံ၊ ဖယ်ခုံမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖိုးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(**အောက်ပုံ**)

အဆိုပါလမ်းပိုင်း(၁)ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၁ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ယင်းလမ်းသည် အင်ကြင်းမြိုင်တောင်ပေါ်တောရဘုရားသို့ ဘုရားဖူးသွားလာကြသော ပြည်သူများနှင့် ပတ်ဝန်းကျင် လယ်ယာမြေများ၏ သီးနှံများသယ်ယူ ပို့ဆောင်ရေးတွင်လည်း အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**





# စစ်ကိုင်း၌ တိုင်းလုံးကျွတ်ဓမ္မစကြာနှင့် ဓမ္မစကြာရေးဖြေစာမေးပွဲတွင် အကောင်းဆုံးဆု ရွေးချယ်ချီးမြှင့်

**စစ်ကိုင်း အောက်တိုဘာ ၂၄**
တိုင်းလုံးကျွတ်ဓမ္မစကြာနှင့် ပရိတ်တရားတော် ရွတ်ဆိုပူဇော်မှုနှင့် ဓမ္မစကြာ ရေးဖြေစာမေးပွဲများကို ဗုဒ္ဓ၏တရားတော်များကို သက်ဝင်ယုံကြည်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများ ရှင်သန်ပြန့်ပွားစေခြင်း၊ မျိုးဆက် သစ်လူငယ်များ ဗုဒ္ဓတရားတော်များကို ရင်းနှီးကျွမ်းဝင်မှုရရှိလာ ပြီး အမျိုးဘာသာသာသနာကို စောင့်ရှောက်ထိန်းသိမ်းလိုသော ဆန္ဒများ အစဉ်ထာဝရ တည်ရှိနိုင်စေရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်းအောက်တိုဘာ ၂၃ ရက်က စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီရှိ အောင်မြေဗောဓိမဏ္ဍာရုံ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး တိုင်းလုံးကျွတ်ဓမ္မစကြာနှင့် ပရိတ်တရားတော်ရွတ်ဆိုပူဇော်မှုနှင့် ဓမ္မာစကြာ ရေးဖြေစာမေးပွဲ အကောင်းဆုံးဆု ချီးမြှင့်ပေးအပ်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြောကြားခဲ့သည်။

တိုင်းလုံးကျွတ်ဓမ္မစကြာနှင့် ပရိတ်တရားတော်ရွတ်ဆိုပူဇော်မှုကို ၁၉၉၅ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း ကျင်းပရာယခုနှစ်ဆို ၂၄ ကြိမ်ရှိခဲ့ပြီဖြစ်ပြီး ဓမ္မစကြာရေးဖြေ စာမေးပွဲကိုလည်း ထည့်သွင်းကျင်းပလာခဲ့သည်မှာ ၁၉ ကြိမ် ရှိလာပြီဖြစ်ကြောင်း တိုင်းဒေသကြီး သာသနာရေးဦးစီးမှူးရုံး မှတ်တမ်းများအရ သိရသည်။

အကောင်းဆုံးဆု ရွေးချယ်ချီးမြှင့်ပွဲတွင် အကဲဖြတ်ဆပ်ကော်မတီဝင် တိုင်းဒေသကြီး သာသနာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ထွန်းက အမှတ်ပေးစနစ်ဖြင့် ဆုရွေးချယ်မှုတို့ကို ရှင်းလင်းပြောကြားကာ တိုင်းလုံးကျွတ်ဓမ္မစကြာ၊ ပရိတ်တရားတော်ရွတ်ဆိုပူဇော်မှုနှင့် ဓမ္မစကြာရေးဖြေစာမေးပွဲ အကောင်းဆုံး ဆုရရှိခဲ့ကြသော အငယ်တန်းအဆင့်၊ အကြီးတန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသော ဝတ်အသင်းများအား တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စစ်ကိုင်းမြို့လေးကျွန်းမြေအုဌ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးဆောင်ကာ တပည့်ဒါယကာဒါယိကာမများ ကောင်းမှုဖြင့် ကောင်းမှုတော်စေတီတော်မြတ်ကြီးအား ပဉ္စမအကြိမ်မြောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# ယာဉ်/ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၄**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | တနိုင်း၊ ဖားကန့် |
| ၂။ | ကယားပြည်နယ် | ဒီမော့ဆို၊ ဖရူဆို |
| ၃။ | ကရင်ပြည်နယ် | ဘုရားသုံးဆူ |
| ၄။ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန် |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ကလေးဝ၊ မော်လိုက်၊ မင်းကင်း၊ ကျွန်းလှ၊ ချောင်းဦး |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း၊ ကျွန်းစု |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်၊ ကျောက်ကြီး၊ နတ်တလင်း |
| ၈။ | မကွေးတိုင်းဒေသကြီး | မြို့သစ်၊ ဆိပ်ဖြူ၊ ကန်ပက်လက်၊ ဆော၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | သပိတ်ကျင်း၊ ဝမ်းတွင်း၊ ငါန်းဇွန်၊ တံတားဦး |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ တွံတေး |
| ၁၂။ | ရှမ်းပြည်နယ် | လင်းခေး၊ လောက်ကိုင်၊ မိုးမိတ်၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းယောင်း၊ ကွတ်ခိုင် |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း၊ ညောင်တုန်း၊ ဇလွန် |

**မြန်မာ့အလင်း**

# တီးတိန်မြို့၌ ရိုးရာခွါဒိုပွဲတော် စည်ကားစွာ ကျင်းပ

**တီးတိန် အောက်တိုဘာ ၂၄**
သီတင်းကျွတ်ရာသီတွင် နှစ်စဉ်နှစ်တိုင်း ရိုးရာအစဉ်အလာမပြတ် ကျင်းပလေ့ရှိသော ချင်းတိုင်းရင်းသားဇိုမီးမျိုးနွယ်စု၏ ရိုးရာခွါဒိုပွဲတော် ၂၀၁၈ ရိုးရာအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က ချင်းပြည်နယ် တီးတိန်မြို့ စကောလမ်းရပ်ကွက် ကမ်းဟောက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သိက္ခာတော်ရဆရာဝန်ဆွင့်မုန်က ဆုတောင်းမေတ္တာပို့သပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းက ရိုးရာခွါဒိုပွဲနှင့် ပတ်သက်၍ မိန့်ခွန်း ပြောကြားကာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုဆွင်းခိုင်က ရိုးရာခွါဒိုပွဲတော်စာတမ်း ဖတ်ကြားပြီးနောက် ရိုးရာခွါဒိုပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဆွောင်းဇနန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပွဲတော်ကို အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ရိုးရာဓလေ့ဖြစ်သည့် ပျားအုံဖွပ်၍ သယ်ဆောင်ခြင်း၊ထင်းရှူးဆီမီးထွန်းညှိခြင်း၊ မီးရှူးမီးပန်းဖောက်ခြင်း၊ ရိုးရာ သေနတ်ပစ်ဖောက်ခြင်းနှင့် ရိုးရာစုပေါင်းမီးပုံပွဲအကဖြင့် ဆင်နွှဲခြင်းတို့အပြင် ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာ အသုံးအဆောင်များပြခန်း၊ ရိုးရာအကပဒေသာများကိုပါ ဖျော်ဖြေတင်ဆက် ပြသကြကြောင်း သိရသည်။



ခွါဒိုပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အထူးသဖြင့် တစ်နှစ်တာ တောင်ယာလုပ်ငန်းပြီးဆုံး၍ နှစ်ဟောင်းကို နှုတ်ဆက်ပြီး အောင်မြင်မှုအတွက် နှစ်သစ်ကိုကြိုဆိုသောပွဲဖြစ်သည်။ ရိုးရာခွါဒိုပွဲတော်ကို တီးတိန်၊ တွန်းဇံမျိုးနွယ်စုများက ခွါဒို (Khua-do, Anlak, Tuktun,Kumkhen, Cianlep) ပွဲဟူ၍ လည်းကောင်း၊ ဟားခါးမျိုးနွယ်စုများက ထိုပွဲဟူ၍ လည်းကောင်း၊ ထန်တလန်မျိုးနွယ်စုများက ထလိုင်ထာရ်ပွဲဟူ၍လည်းကောင်း၊ ဖလမ်းမျိုးနွယ်စုများက ဇာန်းအဲရ်၊ ဒေါင်းပွီး၊ကုခ်၊ ထို၊ ထလိုင်ထာရ်ပွဲ ဟူ၍ လည်းကောင်း၊ မတူပီမျိုးနွယ်စုများက စပ်ယိုးမ်ပွဲဟူ၍ လည်းကောင်း၊ ကန်ပက်လက်မျိုးနွယ်စုများကနာမ်းဘွေး ပွဲဟူ၍လည်းကောင်း၊ မင်းတပ်မျိုးနွယ်စုများက ကုန်ကြီပွဲဟူ၍ လည်းကောင်း၊ ထာဒိုနှင့် မီဇိုးမျိုးနွယ်စုများက ကြတ်ကြာကွတ်ပွဲဟူ၍ လည်းကောင်း၊ ပလက်ဝမြို့နယ်နေ ခမီးလူမျိုးနွယ်စုများကလည်း ဒေသအလိုက် ခေါ်ဝေါ်၍ နှစ်စဉ် ကျင်းပကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# အရာထမ်းငယ်အခြေခံသင်တန်းနှင့် စာရေးဝန်ထမ်းအခြေခံသင်တန်းများဆင်း

**ရန်ကုန် အောက်တိုဘာ ၂၄**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ရတနာသိင်္ခခန်းမ၌ အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် (၇၄)၊ (၇၅)၊ (၇၆) နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၅၉)၊ (၁၆၀)၊ (၁၆၁)၊ (၁၆၂) တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့ရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းအမျိုးအစားများအလိုက် စံပြဆုရရှိသူများကို ဆုများချီးမြှင့်ကာ သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းသင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ကျောင်းအုပ်ကြီး/ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး/ ပါမောက္ခ(ပညာဌာနမှူး) များ၊ ဌာနမှူး/တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက် ကထိကများ၊ နည်းပြများနှင့် အဆိုပါအရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ်နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်တို့သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဦးစီးမှူးအဆင့်ရှိ အရာထမ်းငယ် သင်တန်းသား ၂၂၃ ဦး၊ သင်တန်းသူ ၂၆၆ ဦးနှင့် စာရေးအဆင့်ရှိ သင်တန်းသား ၂၆၂ ဦး၊ သင်တန်းသူ ၃၅၅ ဦး စုစုပေါင်း ၁၁၀၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | |
|---|---|---|---|
| ၁။ | LED TV (24") (Asahi) | 17 | Nos |
| ၂။ | EVD (SKY WAY HDMI) | 17 | Nos |
| ၃။ | Digital Camera D-810(Nikon)<br>Narno Lens 24mm to 120mm (FX)<br>Flash Gum SB 5000 UV<br>Filter 77 mm SD Card (32 GB) | 2 | Nos |
| ၄။ | Air Conditioner 2HP Split Type<br>(CHIGO CS 51 P119) | 27 | Nos |
| ၅။ | Personal Computer(Desktop)<br>Core i7 7400,4GB DDR4,<br>2TB HDD,GT 710 2GB Graphic<br>With HDMI Port<br>DVD R/W,Monitor 22" LED HDMI (Acer)<br>Keyboard & Mouse (A4 Tech),<br>UPS 650 VA,Green Power | 25 | Sets |
| ၆။ | Laser Printer (A4),Canon LBP2900B<br>600x600 dpi,12ppm | 10 | Nos |
| ၇။ | Multifunction Copier (A3 Size),<br>Konica Bizhub 206<br>B/W Copier & Printer A3 Color Scanner,<br>600x600 dpi,250 Sheets Paper Tray,20 PPM | 25 | Nos |
| ၈။ | Scanner (A4),Epson V 39<br>4800x4800 dpi,<br>Color Input & Output | 12 | Nos |
| ၉။ | Color Printer,Xerox 6515/DN<br>30ppm (Color), 2400x1200dpi,<br>Print,Copy,Scan,Fax | 1 | No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၁၀-၂၀၁၈ရက်မှ ၂၀-၁၁-၂၀၁၈ရက်အထိ နေ့စဉ် (၉း၃၀)နာရီမှ (၁၆း၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင်ငွေကျပ်(၁၀၀၀၀ိ/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁၁-၂၀၁၈ရက်(၉း၃၀)နာရီမှ (၁၆း၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိတင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါကဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၃၄၁၂၃၉၀ |

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၂) ရေနံချက်စက်ရုံ (ချောက်)ရှိ ဖယောင်းပြား(၅၀) မက်ထရစ်တန် (မက်ထရစ်တန်ငါးဆယ်တိတိ)၊ အမှတ်(၂) ရေနံချက်စက်ရုံ (ချောက်)နှင့် ဖယောင်းတိုင်ထုတ်လုပ်ရေးဌာနခွဲ (မန္တလေး)တို့ရှိ (တစ်သေတ္တာလျှင် ၇၅ထုပ်ပါ) ဂျီအီးစီဖယောင်းတိုင် ၅၀၀၀ သေတ္တာ (သေတ္တာငါးထောင်တိတိ)တို့အား တင်ဒါ(Retender) ခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** - ၈-၁၁-၂၀၁၈ (ကြာသပတေးနေ့) ၁၃း၀၀ နာရီ

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၈-၁၁-၂၀၁၈ (ကြာသပတေးနေ့) ၁၄း၀၀ နာရီ

၄။ **တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်နေရာ** - မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း(ရုံးချုပ်) ရုံးအမှတ် ၄၄၊ နေပြည်တော်

၅။ သတ်မှတ်ထားသည့်တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website တွင် ၃၀-၁၀-၂၀၁၈ ရက်မှစ၍ Download ရယူလျှောက်ထားနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန (မီးသတ်ဦးစီးဌာန)
## မွန်ပြည်နယ်မီးသတ်ဦးစီးဌာန၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးငြှိမ်းသတ်ယာဉ် (၂)စီး

(ခ) ရေသယ်ယာဉ်(၁၆၀၀)ဆံ့ (၈)စီး

(ဂ) အမြုပ်မီးသတ်ယာဉ် (၁)စီး

၂။ တင်ဒါများကို မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၊ မော်လမြိုင်မြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၆-၁၀-၂၀၁၈ ရက်မှ ၁၆-၁၁-၂၀၁၈ ရက်ထိ ရောင်းချသွားမည်ဖြစ်ပါသည်။

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၈-၁၁-၂၀၁၈ ရက်တွင် နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၀၂၁၄၉၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွန်ပြည်နယ်မီးသတ်ဦးစီးဌာန တင်ဒါခေါ်ယူရေးကော်မတီ၊ မော်လမြိုင်မြို့**

## ကယားပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကယားပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြေအောက်ရေရှာဖွေရေးကိရိယာ (GP Instrument) (၁) ခု

(ခ) ခေတ်မီမြေတိုင်းကိရိယာ (RTK Equipment) (၂) ခု

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်နှင့် တင်ဒါလျှောက်လွှာဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်နှင့် သင်းဖွဲ့စည်းမျဉ်းမူရင်းပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဤဦးစီးဌာနရုံး ဖုန်း-၀၈၃-၂၂၃၂၄၊ ၂၂၃၂၅၊ ၂၄၀၁၈၁၊ ၂၄၀၁၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၂၉-၁၀-၂၀၁၈ ရက်မှ ၂၇-၁၁-၂၀၁၈ ရက်အထိ |
| **တင်ဒါစည်းကမ်းချက်ရှင်းလင်းမည့်ရက်** | - | ၁၉-၁၁-၂၀၁၈ ရက် (မပျက်မကွက် တက်ရောက်ပေးပါရန်) |
| **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** | - | ၂၈-၁၁-၂၀၁၈ ရက် (ညနေ ၄း၃၀ နာရီ) |
| **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - | ၂၉-၁၁-၂၀၁၈ ရက် (နံနက် ၁၀း၀၀ နာရီ) |
| **တင်ဒါလျှောက်လွှာဝယ်ယူ/တင်သွင်းရမည့်နေရာ** | - | ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လွိုင်ကော်မြို့ |

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ကယားပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန၊ ကယားပြည်နယ်
## တည်ဆောက်ရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဦးစီးဌာန၊ ကယားပြည်နယ် လွိုင်ကော်မြို့မှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| တည်နေရာ | Lot-1အမည် | လုပ်ငန်း |
|---|---|---|
| (က)(၁) လွိုင်ကော်မြို့နယ်သမဝါယမ ဦးစီးဌာနရုံးဝင်းအတွင်း | Lot-1 | လွိုင်ကော်မြို့နယ်ရုံး နောက်ခန်းတိုးချဲ့ရန် (၅၀'×၂၀') |
| (၂) ဒီးမော့ဆိုမြို့နယ်သမဝါယမ ဦးစီးဌာနရုံးဝင်းအတွင်း | Lot-1 | ဌာနပိုင်ဝန်ထမ်းအိမ်ရာ တည်ဆောက်ရန်(၃)ခန်းတွဲ (၁)ထပ်၊ အလူမီနီယံ သွပ်မိုး(၂၅.၅'×၂၉'×၁၂') |
| (ခ) (၁) ကယားပြည်နယ်သမဝါယမ ဦးစီးဌာန | Lot-2 | ခြံစည်းရိုးကာရံခြင်း (၄၀၀'×၈') Chainlink |
| (၂) ဖရူဆိုမြို့နယ်သမဝါယမဦးစီးဌာန | Lot-2 | အမိုး၊ မျက်နှာကြက်ပြုလုပ်ခြင်း (၅၈'×၃၈')အုတ်ရေလှောင်ကန်ပြုလုပ်ခြင်း၊ ဂါလန် ၅၀၀ဆံ့ |
| (၃) ဘော်လခဲမြို့နယ်သမဝါယမ ဦးစီးဌာန | Lot-2 | ခြံစည်းရိုးကာရံခြင်း (၉၇'×၃၅'×၈') Chainlink မိလ္လာ၊ ရေချိုးခန်းပြုလုပ်ခြင်း |
| (၄) ဖားဆောင်းမြို့နယ်သမဝါယမ ဦးစီးဌာန | Lot-2 | ခြံစည်းရိုးကာရံခြင်း (၁၀၀'×၁၀၀') Chainlink |

(ဂ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်နှင့် ပိတ်မည့်ရက်** - ၂၉-၁၀-၂၀၁၈ မှ ၂၃-၁၁-၂၀၁၈ ထိ

(ဃ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၇-၁၁-၂၀၁၈ ရက်

**အိတ်ဖွင့်တင်ဒါတင်သွင်းသည့်နေရာ** - ကယားပြည်နယ် သမဝါယမဦးစီးဌာနရုံး ဒေါ်ဥခူရပ်ကွက်၊ လွိုင်ကော်မြို့

(င)အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်သမဝါယမဦးစီးဌာန ဖုန်း-၂၂၂၀၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ကယားပြည်နယ်သမဝါယမဦးစီးဌာန**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဖုံးဒေသတွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest-EoI) ခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဖုံးဒေသတွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest-EoI)တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာပုံစံ (EoI)ကို ဝန်ကြီးဌာန Website (www.mining.gov.mm) တွင် အခမဲ့ Download ရယူ၍ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်သို့ လိပ်မူလျက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။ တင်ပြရမည့် ကုမ္ပဏီဆိုင်ရာအထောက်အထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုမ္ပဏီမှတ်ပုံတင် (ပြည်ပကုမ္ပဏီဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ ကုမ္ပဏီမှတ်ပုံတင်)

(ခ) ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက်များ (Company Profile)

(ဂ) ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ

(ဃ) ချင်းပြည်နယ်တွင် ဆောင်ရွက်မည့် ဘိလပ်မြေထုတ်လုပ်သည့် စက်ရုံ တည်ဆောက်မည့်အစီအမံ

(င) ရင်းနှီးမြှုပ်နှံလိုသူ၏ လုပ်ကိုင်မည့်လုပ်ငန်းအတွက် အတွေ့အကြုံ

(စ) ကုမ္ပဏီနှင့် ဆက်သွယ်နိုင်ရန်အတွက် Contact Person ၏ အမည်၊ ရာထူး၊ လိပ်စာ၊ ဖုန်း၊ အီးမေးလ်

အသေးစိတ်သိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၁၄၅၄၁၊ ၀၆၇-၄၁၄၀၃၅၊

e-mail-dgsejvsec@gmail.com

**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ နေပြည်တော်**

## ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် မီးသွေးအိတ်များ ရောင်းချရန်လေလံကြော်ငြာ

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင် မီးသွေးအိတ်နှင့် ထင်းရှူးပင်ကျပ်၊ သစ်/တိုင်များအား မူဆယ်ခရိုင်ရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့(ချယ်ရီခန်းမ)၌ ၁၄-၁၁-၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီတွင် မျက်မြင်အခြေအနေတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | မူဆယ်မြို့နယ်၊ မီးသွေးအိတ် | ၄၃၀၀၀ အိတ် ၄၄၃.၁၄၆၂ တန် |
| (ခ) | ကွတ်ခိုင်မြို့နယ်၊ မီးသွေးအိတ် | ၉၈၅ အိတ် ၁၅၇.၆ တန် |
| (ဂ) | ကွတ်ခိုင်မြို့နယ်၊ ထင်းရှူးပင်ကျပ်သစ် | ၃၂ လုံး၊ ၆.၃၄၀၂ တန် |
| | ကွတ်ခိုင်မြို့နယ်၊ ထင်းရှူးပင်ကျပ်တိုင် | ၂၀၁၀၀ လုံး |

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် မူဆည်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်ဦးစီးအရာရှိရုံးတို့တွင် ၇-၁၀-၂၀၁၈ ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့ ဖုန်း-၀၈၂-၅၁၅၉၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ၊ လေလံတင်ရောင်းချရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန (မီးသတ်ဦးစီးဌာန)
## မွန်ပြည်နယ်မီးသတ်ဦးစီးဌာန၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါမီးသတ်စခန်းများနှင့် ဝန်ထမ်းနေအိမ်လိုင်းခန်းများ ဆောက်လုပ်ရန်အတွက် တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | မော်လမြိုင်မြို့၊ ပြည်နယ်ရုံးဝန်ထမ်းနေအိမ်(၄)ခန်းတွဲ(၄)ထပ် (၈၀×၃၂)ပေ(ရေသန့်၊ လျှပ်စစ်ပါ) | ၁ လုံး |
| (ခ) | မော်လမြိုင်မြို့နယ်(၃)ခန်းတွဲ(၃)ထပ်လူပျိုဆောင်(အောက်ထပ် မီးသတ်ယာဉ်ထားရန်(၄၅×၃၀)ပေ(ရေသန့်၊ လျှပ်စစ်ပါ) | ၁ လုံး |
| (ဂ) | ချောင်းဆုံမြို့နယ်၊ ရွာလွတ်(မုဒ္ဒွန်း)နယ်မြေမီးသတ်စခန်း (ပြင်ပရေ၊ မီး)ဂါလန် ၂၀၀၀၀ဆံ့ အုတ်ရေကန်၊ ၄"အဝီစိတွင်း၊ ပါဝါမီတာ | ၁ ခု |
| (ဃ) | ရေးမြို့နယ်မီးသတ်စခန်း(၂)ထပ်(၆၅×၅၂×၂၆)ပေ အဆောက်အအုံ(ရေသန့်၊ လျှပ်စစ်ပါ) | ၁ လုံး |
| (င) | ရေးမြို့နယ်မီးသတ်စခန်း(ပြင်ပရေ၊ မီး)ဂါလန်၂၀၀၀၀ဆံ့ အုတ်ရေကန်၊ ၄"အဝီစိတွင်း၊ ပါဝါမီတာ | ၁ ခု |
| (စ) | ဘီးလင်းမြို့နယ်မီးသတ်စခန်း(၂)ထပ် (၆၅×၅၂×၂၆)ပေ အဆောက်အအုံ(ရေသန့်၊ လျှပ်စစ်ပါ) | ၁ လုံး |
| (ဆ) | ဘီးလင်းမြို့နယ်၊ ဝင်းကနယ်မြေမီးသတ်စခန်းအဝင်အထွက်လမ်း ကွန်ကရစ်ခင်းခြင်း၊ မြောက်ကူးတံတား | ၁ ခု |
| (ဇ) | ပေါင်မြို့နယ်၊ မုတ္တမနယ်မြေမီးသတ်စခန်း(၂)ထပ်(၄၅×၅၀×၂၆)ပေ (ရေသန့်၊ လျှပ်စစ်ပါ) | ၁ လုံး |

၂။ တင်ဒါများကို မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၆-၁၀-၂၀၁၈ ရက်မှ ၁၆-၁၁-၂၀၁၈ ရက်ထိ ရောင်းချသွားမည်ဖြစ်ပါသည်။

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၈-၁၁-၂၀၁၈ ရက်တွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၀၂၁၄၉၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွန်ပြည်နယ်မီးသတ်ဦးစီးဌာနတင်ဒါခေါ်ယူရေးကော်မတီ၊ မော်လမြိုင်မြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၈၃/၂၀၁၈)အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ တိုက်(၉၀)၊ အခန်း(၁) ခရေအိမ်ရာတွင် နေထိုင်သူ ဒေါ်ဥမ္မာအောင် (ဘ)ဦးအောင်သိန်း ၁၂/ဒဂန(နိုင်)၀၀၈၂၁၀ သည် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ အမှတ်(၂၀၇၃၆)၊ ဂန္ဓမာလမ်းတွင်နေထိုင်သည့် ဒေါ်ခမ်းယုန် (ဘ)ဦးအိုက်ထွန်း ၁၃/ကခန(နိုင်)၀၄၅၇၆၁ အား ၈-၁၀-၂၀၁၈ ရက်တွင် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၈၃/၂၀၁၈ ဖြင့် လွှဲအပ်ထားပါသည်။ ယခုအခါ ဒေါ်ခမ်းယုန်သည် တာဝန်တစ်စုံတစ်ရာထမ်းဆောင်ခြင်းမရှိပါသဖြင့် ဒေါ်ခမ်းယုန်ထံသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး(န.တ.လ) ၁၂/ဒဂန(နိုင်)၀၀၈၂၁၀**
**ဖုန်း-၀၉-၄၄၈၅၃၄၀၄၅**

## အယူခံမှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## မွန်ပြည်နယ်တရားလွှတ်တော်
## ၂၀၁၈ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၆၂

| | | |
|---|---|---|
| ၁။ ဦးမင်းဇော် | **နှင့်** | ဦးလီကောကျိုး |
| ၂။ ဒေါ်သန်းညို | | (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးစန်းလွင်) |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်** |

၂၀၁၈ ခုနှစ် ဇွန် ၁၈ရက်စွဲပါ မော်လမြိုင်ခရိုင်တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၁၀၇/၂၀၁၇ ၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် ဦးလီကောကျိုး (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးစန်းလွင်)၊ အမှတ် ၆၉၊ စပယ်လမ်း၊ (၁၂)ရပ်ကွက်၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မော်လမြိုင်ခရိုင်တရားရုံးတော်က ချပေးသည့်ဒီကရီကို ဦးမင်းဇော် ပါနှစ်ဦးက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၃ ရက် (၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ရွက်ဆောင်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ခင်ဇော်ဦး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မွန်ပြည်နယ်တရားလွှတ်တော်**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ ထ-ခွဲ၊ အလက (၃)၊ အဌမတန်း(A)မှ မထက်ထက်ထွန်း၏ မိဘအမည်မှန်မှာ ဦးနိုင်ဝင်းသန့်နှင့် ဒေါ်နန္ဒာဝင်းတို့ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ရမ်ပူ) ဆဌမတန်း(B) မှ မအိချယ်ရီ၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်မြင့် ၉/ညဥန(နိုင်)၁၅၃၀၆၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပူတာအိုမြို့၊ အထက (လေယာဉ်ကွင်း)၊ အဌမတန်း(A)မှ မခေါ်ဒုအက္ခတာ၏ ဖခင်အမည်မှန်မှာ ဦးခေါ်ဒုရှင်း ၁/ပတအ(နိုင်)၀၃၄၁၅၁ ဖြစ်ပါကြောင်း။

## အမည်မှန်

ပူတာအိုမြို့၊ အထက (လေယာဉ်ကွင်း)၊ ဆဌမတန်း(A) မှ မရှင်းဘိုင်၏အမည်မှန်မှာ မမေရှင်းပိုင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ သစ္စေးကုန်း အထက(ခွဲ) နဝမတန်းမှ မလှမျိုးနွယ်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထိုက် ၅/တဆန(နိုင်)၀၈၆၃၅၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ရွာသာယာ အထက (ခွဲ) အဌမတန်းမှ မနှင်းမှုန်အား မနှင်းမှုံ ဟု ပြောင်းလဲခေါ်ပါရန်နှင့် ၄င်း၏ဖခင်အမည်မှန်မှာ ဦးအောင်ကိုဦး ၅/တဆန(နိုင်)၀၈၄၆၁၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ သစ်ယာပင်ကျေးရွာနေ ဦးမောင်ညို၏သမီး မနီလာဝင်း ၅/ယမပ(နိုင်)၁၀၂၆၃၃ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၃၇၀၉၀၀၇**


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
MPT နှင့် တူနွဲပျော်
သီတင်းကျွတ်
မီးထွန်းပွဲတော်
ကြည်နူးပျော်ရွှင်ဖွယ် သီတင်းကျွတ်ချိန်ခါသမယဝယ် မြန်မာပြည်သူပြည်သား အပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လိုအင်ဆန္ဒများအားလုံး ပြည့်စုံပါစေကြောင်း MPT မိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယား ဓာတ်မြေသြဇာများကို အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ် (၄) ဓာတ်မြေသြဇာ စက်ရုံ(မြောင်းတကာ) | ၂၅၀၀ | ၂၀-၁၁-၂၀၁၈ | ၁၄း၀၀ | ၂၀-၁၁-၂၀၁၈ | ၁၂း၀၀ |
| | ၂၅၀၀ | ၂၇-၁၁-၂၀၁၈ | ၁၄း၀၀ | ၂၇-၁၁-၂၀၁၈ | ၁၂း၀၀ |
| | ၂၅၀၀ | ၄-၁၂-၂၀၁၈ | ၁၄း၀၀ | ၄-၁၂-၂၀၁၈ | ၁၂း၀၀ |
| အမှတ် (၅) ဓာတ်မြေသြဇာ စက်ရုံ(ကန်ကြီးထောင့်) ယူရီးယား(အောက်ကျုံး) (မြောင်းတကာ) + (ကန်ကြီးထောင့်) | ၂၀၀၀ | ၂၀-၁၁-၂၀၁၈ | ၁၄း၀၀ | ၂၀-၁၁-၂၀၁၈ | ၁၂း၀၀ |
| | ၂၀၀၀ | ၂၇-၁၁-၂၀၁၈ | ၁၄း၀၀ | ၂၇-၁၁-၂၀၁၈ | ၁၂း၀၀ |
| | ၂၀၀၀ | ၄-၁၂-၂၀၁၈ | ၁၄း၀၀ | ၄-၁၂-၂၀၁၈ | ၁၂း၀၀ |
| | ၂၆၀ | ၂၀-၁၁-၂၀၁၈ | ၁၄း၀၀ | ၂၀-၁၁-၂၀၁၈ | ၁၂း၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm)တွင် တင်ဒါဖွင့်မည့်ရက်ထက် တစ်လကြိုတင်ကြေညာမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## တောင်ကြီးတက္ကသိုလ်
## (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၆-၂၀၁၇ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ်မှ ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

(က) **၉-၁၁-၂၀၁၈ ရက် နံနက်ပိုင်း၊ နံနက် ၀၉း၀၀နာရီ**
မဟာသုတေသနဘွဲ့ မြန်မာစာ၊ ရူပဗေဒ အထူးပြုအားလုံး။
မဟာဝိဇ္ဇာဘွဲ့ မြန်မာစာ၊ ဒဿနိကဗေဒ အထူးပြုအားလုံး။
မဟာသိပ္ပံဘွဲ့ ရူပဗေဒ အထူးပြုအားလုံး။
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ မြန်မာစာ၊ ဒဿနိကဗေဒ အထူးပြုအားလုံး။
သိပ္ပံဂုဏ်ထူးဘွဲ့ ရူပဗေဒ အထူးပြုအားလုံး။
ဝိဇ္ဇာ/သိပ္ပံဘွဲ့ မြန်မာစာ၊ ဒဿနိကဗေဒ၊ ရူပဗေဒအထူးပြုအားလုံး။

(ခ) **၉-၁၁-၂၀၁၈ ရက် ညနေပိုင်း၊ မွန်းလွဲ ၁း၀၀နာရီ**
မဟာသုတေသနဘွဲ့ ပထဝီဝင် အထူးပြုအားလုံး။
မဟာဝိဇ္ဇာဘွဲ့ ပထဝီဝင် အထူးပြုအားလုံး။
မဟာသိပ္ပံဘွဲ့ သတ္တဗေဒ အထူးပြုအားလုံး။
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ပထဝီဝင်၊ စိတ်ပညာ အထူးပြုအားလုံး။
သိပ္ပံဂုဏ်ထူးဘွဲ့ သတ္တဗေဒ အထူးပြုအားလုံး။
ဝိဇ္ဇာ/သိပ္ပံဘွဲ့ ပထဝီဝင်၊ စိတ်ပညာ၊ သတ္တဗေဒအထူးပြုအားလုံး။

(ဂ) **၁၀-၁၁-၂၀၁၈ရက် နံနက်ပိုင်း နံနက် ၀၉း၀၀နာရီ**
မဟာသုတေသနဘွဲ့ ဓာတုဗေဒ အထူးပြုအားလုံး။
မဟာသိပ္ပံဘွဲ့ ဓာတုဗေဒ အထူးပြုအားလုံး။
မဟာဥပဒေဘွဲ့ ဥပဒေပညာ အထူးပြုအားလုံး။
ဥပဒေဘွဲ့ ဥပဒေပညာ အထူးပြုအားလုံး။
သိပ္ပံဂုဏ်ထူးဘွဲ့ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ အထူးပြုအားလုံး။
သိပ္ပံဘွဲ့ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ အထူးပြုအားလုံး။

(ဃ) **၁၀-၁၁-၂၀၁၈ရက် ညနေပိုင်း မွန်းလွဲ ၁း၀၀နာရီ**
မဟာသုတေသနဘွဲ့ ရုက္ခဗေဒ အထူးပြုအားလုံး။
မဟာသိပ္ပံဘွဲ့ ရုက္ခဗေဒ အထူးပြုအားလုံး။
သိပ္ပံဂုဏ်ထူးဘွဲ့ ရုက္ခဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။
ဝိဇ္ဇာ/သိပ္ပံဘွဲ့ သမိုင်း၊ ရုက္ခဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။

(င) **၁၁-၁၁-၂၀၁၈ရက် နံနက်ပိုင်း နံနက် ၀၉း၀၀နာရီ**
မဟာသုတေသနဘွဲ့ သင်္ချာ အထူးပြုအားလုံး။
မဟာဝိဇ္ဇာဘွဲ့ အင်္ဂလိပ်စာ အထူးပြုအားလုံး။
မဟာသိပ္ပံဘွဲ့ သင်္ချာ အထူးပြုအားလုံး။
သိပ္ပံဂုဏ်ထူးဘွဲ့ သင်္ချာ အထူးပြုအားလုံး။
ဝိဇ္ဇာ/သိပ္ပံဘွဲ့ အင်္ဂလိပ်စာ၊ သင်္ချာအထူးပြုအားလုံး။

**အစမ်းလေ့ကျင့်မည့်အစီအစဉ်**

**၇-၁၁-၂၀၁၈ရက် နံနက်ပိုင်း၊ နံနက် ၀၉း၀၀နာရီ**
မဟာသုတေသနဘွဲ့ မြန်မာစာ၊ ပထဝီဝင်၊ ရူပဗေဒ အထူးပြုအားလုံး။
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ရူပဗေဒ၊ သတ္တဗေဒ အထူးပြုအားလုံး။
ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ မြန်မာစာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ရူပဗေဒ၊ သတ္တဗေဒ အထူးပြုအားလုံး။
ဝိဇ္ဇာ/သိပ္ပံဘွဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ရူပဗေဒ၊ သတ္တဗေဒ အထူးပြုအားလုံး။

**၇-၁၁-၂၀၁၈ရက် ညနေပိုင်း မွန်းလွဲ ၁း၀၀နာရီ**
မဟာသုတေသနဘွဲ့ ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ အထူးပြုအားလုံး။
မဟာသိပ္ပံဘွဲ့ ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ အထူးပြုအားလုံး။
မဟာဥပဒေဘွဲ့ ဥပဒေပညာ အထူးပြုအားလုံး။
ဥပဒေဘွဲ့ ဥပဒေပညာအထူးပြုအားလုံး။
သိပ္ပံဂုဏ်ထူးဘွဲ့ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြုအားလုံး။
ဝိဇ္ဇာ/သိပ္ပံဘွဲ့ သမိုင်း၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြုအားလုံး။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၅-၁၁-၂၀၁၈ရက်မှ၆-၁၁-၂၀၁၈ရက်ထိ ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

ဘွဲ့ဝတ်စုံများကို တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်တွင် ၅-၁၁-၂၀၁၈ရက်နှင့် ၆-၁၁-၂၀၁၈ရက် နံနက် ၉း၀၀နာရီမှ စတင်ထုတ်ပေးမည်ဖြစ်၍ မိမိတို့၏နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာကြရမည်ဖြစ်သည်။

**(လှိုင်ထွန်း)**
**မော်ကွန်းထိန်း**
**သင်တန်းရေးရာ**
**တောင်ကြီးတက္ကသိုလ်**

---

## ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး လက်အောက်ရှိ မြို့နယ်များတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၁၄)လုံးနှင့် မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာဝယ်ယူခြင်းလုပ်ငန်း (၂၂) ခုအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၁၀-၂၀၁၈ရက်မှ ၁၁-၁၁-၂၀၁၈ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ** - ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ဈေးပိုင်းရပ်ကွက်၊ ညွန့်ရှပ်ရှင်ရုံလမ်း၊ ပဲခူးမြို့
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၂-၁၁-၂၀၁၈ရက် ညနေ၄နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၁၁-၂၀၁၈ရက် နံနက် ၁၀နာရီ
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ဈေးပိုင်းရပ်ကွက်၊ ညွန့်ရှပ်ရှင်ရုံလမ်း၊ ပဲခူးမြို့

၂။ အသေးစိတ်သိရှိလိုပါက ၀၅၂၂၂၁၂၇၂၊ ၀၉-၇၉၉၇၇၂၇၁၂ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## တနင်္သာရီတိုင်းဒေသကြီး
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား လုပ်ငန်းတစ်ခုလုံးနှင့်လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါပေးသွင်းခြင်းအတွက် တိုင်းရင်းသားလုပ်ငန်းရှင်/ကုမ္ပဏီများအား ဖိတ်ကြားအပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၈ရက်
**တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်/အချိန်** - ၂၈-၁၁-၂၀၁၈ရက် မွန်းလွဲ ၁၄း၀၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၃၀-၁၁-၂၀၁၈ရက် နံနက် ၀၉း၀၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ပဒုမ္မာလမ်း၊ ဆန်းချိုတိုးချဲ့ရပ်၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ လုပ်ငန်းအသေးစိတ်စာရင်းများကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၀၂၁၂၀၀၊ ၀၉-၇၆၈၆၄၃၂၄၄၊ ၀၉-၂၆၀၃၆၄၄၂၄**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## မီးသတ်ဦးစီးဌာန
## မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများနှင့် အရန်မီးသတ်တူညီဝတ်စုံ ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ ဝယ်ယူမည့်ဌာန/အဖွဲ့အစည်း၏အမည်နှင့်လိပ်စာ
မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ လမ်းမတော်လမ်းနှင့်(၁)လမ်းထောင့်၊ ဆားစည်ရပ်ကွက်၊ မကွေးမြို့

၂။ **တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေး သတ်မှတ်ချက်များ**
(က) ရေစကြိုမြို့နယ်(၂)ခန်းတွဲ(၄)ထပ်(၄၀'×၄၀'၊ ၄၀')
(ခ) ဆိပ်ဖြူမြို့နယ်(၄)ခန်းတွဲ (၃)ထပ်(၈၀'×၄၀'×၃၀')
(ဂ) ထီးလင်းမြို့နယ်၊ ရေမျက်နီနယ်မြေမီးသတ်စခန်း (၂) ခန်းတွဲ (၃)ထပ် (၄၀'×၄၀'၊၃၀')
(ဃ) မကွေးခရိုင်မီးသတ်စခန်း(၂)ထပ်(၁၃၃'×၅၂'၊ ၂၆')
(င) မင်းဘူးမြို့နယ်၊ စကုနယ်မြေမီးသတ်စခန်း(နေအိမ်ပါ) (၃) ထပ်(၄၅'×၅၀'×၃၇')
(စ) သရက်ခရိုင်မီးသတ်စခန်း(၂)ထပ်(၁၃၃'×၅၂'×၂၆')
(ဆ) အရန်မီးသတ်တူညီဝတ်စုံ၊ အစုံ(၅၀၀၀)စုံ
မှတ်ချက်။ ။တိုင်းဒေသကြီးတည်ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ရေးနှင့်ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ချမှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေး သတ်မှတ်ချက်များအတိုင်းဖြစ်ပြီး စံချိန်စံညွှန်းအသေးစိတ်ကို တင်ဒါပုံစံတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

၃။ **တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာလိုအပ်ချက်များ**
(က) တင်ဒါတင်သွင်းသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။
(ဂ) နိုင်ငံတော်မှ သတ်မှတ်ထားသည့်အခွန်များပေးဆောင်ပြီးသည့် ကုမ္ပဏီ ဖြစ်ရမည်။
(ဃ) ဌာန/အဖွဲ့အစည်းတစ်ခုခုမှ အမည်ပျက်စာရင်းတင်သွင်းခြင်းခံရသူ မဖြစ်စေရ။
(င) တင်ဒါလျှောက်ထားသည့်လုပ်ငန်းကို အမှန်တကယ်စိတ်ပါဝင်စားပြီး ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။ တစ်ဆင့်ခံပြန်လည် လွှဲပြောင်းခြင်းမပြုရ။

၄။ **တင်ဒါစာရွက်စာတမ်းများအတွက်ကျသင့်သည့်ဈေးနှုန်း**
(က) ရေစကြိုမြို့နယ်(၂)ခန်းတွဲ (၄)ထပ်(၄၀'×၄၀'၊၄၀') -၁၀၀၀၀ိ/-
(ခ) ဆိပ်ဖြူမြို့နယ်(၄)ခန်းတွဲ(၃)ထပ်(၈၀'×၄၀'၊၃၀') -၁၀၀၀၀ိ/-
(ဂ) ရေမျက်နီနယ်မြေမီးသတ်စခန်း(၂)ခန်းတွဲ (၃)ထပ်(၄၀'×၄၀'၊၃၀') -၁၀၀၀၀ိ/-
(ဃ) မကွေးခရိုင်မီးသတ်စခန်း(၂)ထပ် (၁၃၃'×၅၂'၊၂၆') -၁၀၀၀၀ိ/-
(င) စကုနယ်မြေမီးသတ်စခန်းနေအိမ်ပါ(၃)ထပ် (၄၅'×၅၀'၊၃၇') -၁၀၀၀၀ိ/-
(စ) သရက်ခရိုင်မီးသတ်စခန်း(၂)ထပ် (၁၃၃'×၅၂'၊၂၆') -၁၀၀၀၀ိ/-
(ဆ) အရန်မီးသတ်တူညီဝတ်စုံ၊ အစုံ(၅၀၀၀)စုံ -၁၀၀၀၀ိ/-

၅။ **တင်ဒါတင်သွင်းရမည့်နည်းလမ်း၊ နေရာနှင့်နောက်ဆုံးတင်သွင်းရမည့် နေ့ရက်၊ အချိန်**
(က) တင်ဒါတင်သွင်းရမည့်နည်းလမ်း-တင်ဒါလျှောက်ထားသည့်ကုမ္ပဏီမှ ကိုယ်စားလှယ်ကိုယ်တိုင်သတ်မှတ်နေရာ၊ သတ်မှတ်အချိန်အရောက်လာရောက် တင်သွင်းရမည်။
(ခ) တင်ဒါတင်သွင်းရမည့်နေရာ - မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ လမ်းမတော်လမ်းနှင့်(၁)လမ်းထောင့်၊ ဆားစည်ရပ်ကွက်၊ မကွေးမြို့။
(ဂ) နောက်ဆုံးထားတင်သွင်းရမည့်ရက်၊အချိန် -၂၆-၁၁-၂၀၁၈ရက်(တနင်္လာနေ့) ၁၆း၃၀နာရီ
(ဃ) ဆက်သွယ်ရန်ဖုန်း-၀၆၃-၂၈၆၅၈၊ ၀၉-၂၅၉၀၁၃၂၆၆

**တင်ဒါကော်မတီ**
**မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မုံရွာပညာရေးကောလိပ်
# လေလံဖျက်သိမ်းခြင်းလုပ်ငန်းခေါ်ယူခြင်း

၁။ မုံရွာပညာရေးကောလိပ် (၁၇၉'×၃၆') သင်တန်းသားအိပ်ဆောင် (သံလွင်ဆောင်) ဖျက်သိမ်းခြင်းလုပ်ငန်းတို့အား မျက်မြင်အတိုင်း လေလံတင်ရောင်းချရန်ရှိပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများအား လေလံတင်ခေါ်ယူအပ်ပါသည်။

၂။ **လေလံလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၃၀-၁၀-၂၀၁၈ ရက်
**လေလံလျှောက်လွှာပုံစံ စတင်ရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**လေလံပိတ်မည့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၈ရက် ရုံးချိန်အတွင်း
**လေလံတင်သွင်းမည့်နေရာ** - မုံရွာပညာရေးကောလိပ်-ရုံးခန်း

၃။ လေလံအောင်မြင်သည့် ကုမ္ပဏီများသည် မိမိတို့တာဝန်ယူဖျက်သိမ်းမည့် အဆောက်အအုံအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတ်မှတ်ထားသောလေလံကြမ်းခင်းဈေးနှုန်းဖြင့် ဖျက်သိမ်းရမည်။ ဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၇၁-၂၀၃၂၇၇၃၊ ၂၀၃၂၃၁၃၊ ကျောင်းအုပ်ကြီးရုံး၊ မုံရွာပညာရေးကောလိပ် ဖုန်း-၀၉-၂၅၉၁၇၆၈၃၇၊ ၀၉-၈၉၆၄၅၁၁၀၇

**လေလံလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မုံရွာပညာရေးကောလိပ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မုံရွာပညာရေးကောလိပ်
## အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအတွက်
# အိတ်ဖွင့်တင်ဒါ(OpenTender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ငွေစာရင်းခေါင်းစဉ် ၅၆၊ ၂၊ ၁(၁)ဆောင်ရွက်ဆဲလုပ်ငန်း၊ ၅၆၊ ၂၊ ၁(၂) ဖြည့်စွက်လုပ်ငန်း စီမံကိန်းအောက်မှ အောက်ဖော်ပြပါလုပ်ငန်းအား ဆောင်ရွက်ရန်စိတ်ပါဝင်စားသောကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ (၂၁၂'×၃၄')သင်တန်းသား (၁၆၀) ဆံ့ (၂)ထပ်အိပ်ဆောင် RC ရေချိုးခန်း၊ ရေလောင်းအိမ်သာအပါအဝင်နှင့် (၁၂၂'×၄၈') စားသောက်ဆောင်နှင့် စားဖိုဆောင် (အပါအဝင်) (၁)ဆောင် ဆောက်လုပ်ခြင်း။ (၃၂၇၈၀ စ/ပေ) [ကျောက်ပြားမျက်နှာကြက်တပ်ဆင်ခြင်း၊ ဝရန်တာအပေါ်၊ အောက်သံပန်းတပ်ဆင်ခြင်း၊ အတွင်းအပြင်ရေဆေး၊ ဆီဆေးသုတ်ခြင်း၊ ပတ်လည်အုတ်ရေမြောင်း Drain & Apron ပြုလုပ်ခြင်း၊ ရေ၊ မီး၊ 4" အဝီစိတွင်း 3.5 HP Submersible Pump ဂါလန် (၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန်နှင့် ၄၉ အမြင့်သံရေစင် (ဂါလန် ၈၀၀ ဆံ့ ဖိုင်ဘာတိုင်ကီ ၄ လုံး)အပါအဝင်]

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၁၂-၂၀၁၈ ရက် ရုံးချိန်အတွင်း
**တင်ဒါတင်သွင်းမည့်နေရာ** - မုံရွာပညာရေးကောလိပ်-ရုံးခန်း

၃။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများသည် မိမိတာဝန်ယူဆောက်လုပ်မည့် အဆောက်အအုံလုပ်ငန်းများအတွက် အဆင့်မြင့်ပညာဦးစီးဌာနမှ သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ဆောက်လုပ်ရမည်။ ဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ဖုန်း-၀၇၁-၂၀၃၂၇၇၃/၂၀၃၂၃၁၃ ကျောင်းအုပ်ကြီးရုံး၊ မုံရွာပညာရေးကောလိပ် ဖုန်း-၀၉-၂၅၉၁၇၆၈၃၇၊ ၀၉-၈၉၆၄၅၁၀၀၇

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မုံရွာပညာရေးကောလိပ်**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ချင်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူမြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တည်နေရာ | တည်ဆောက်ရေးလုပ်ငန်း အမျိုးအစား |
|---|---|---|---|
| ၁ | ချင်းပြည်နယ် | ဟားခါးမြို့ | ဓာတ်ခွဲခန်းသံကူကွန်ကရစ် ပေ(၄၀×၂၈) |
| ၂ | ချင်းပြည်နယ် | မင်းတပ်မြို့ | ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ သံကူကွန်ကရစ် ပေ(၄၀×၂၈) |
| ၃ | ချင်းပြည်နယ် | မင်းတပ်မြို့ | မြေထိန်းနံရံ(အလျားပေ၇၀၊ အမြင့် ၂၅ပေ၊အထူ ၃ပေ) |
| ၄ | ချင်းပြည်နယ် | မင်းတပ်မြို့ | မြေထိန်းနံရံ(အလျားပေ ၁၄၀၊ အမြင့် ၁၅ပေ၊အထူ ၄ပေ) |
| ၅ | ချင်းပြည်နယ် | ဟားခါးမြို့ | ရေအရည်အသွေးတိုင်း ကိရိယာ(Multi-Parameter Water Quality Meter U53G) |
| ၆ | ချင်းပြည်နယ် | ဟားခါးမြို့ | လေထုအရည်အသွေးတိုင်းကိရိယာ Haz Scanner(EPAS) Environmental Parameter AirStation |

၂။ စိတ်ပါဝင်စားသည့် ကုမ္ပဏီလုပ်ငန်းရှင်များသည် သိရှိလိုသော အသေးစိတ် အချက်အလက်များအား ဖုန်း-၀၉-၂၅၆၂၀၄၃၂၂၊ ၀၇၀-၂၁၆၀၂ထံ ဆက်သွယ်စုံစမ်း၍ အဆိုပြုလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား ချင်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတွင် ရယူနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာများအား ၁-၁၁-၂၀၁၈ရက်တွင်စတင်လျှောက်ထားနိုင်ပြီး ၃၀-၁၁-၂၀၁၈ရက်တွင် တင်ဒါလျှောက်လွှာပိတ်သိမ်းမှာဖြစ်ပါသည်။

**ချင်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဟားခါးမြို့**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပေါင်မြို့နယ်၊ ဖလပ်ကျေးရွာ၊ ရပ်ကွက်အမှတ် (၃)နေ (ဦးအောင်ပွင့်)၊ ဒေါ်မသိန်းတို့၏သား ဦးလှစိန် ၁၀/ပမန(နိုင်)၂၁၂၃၃၁ သည် မိဘများ၏ ဆိုဆုံးမသည်ကို လက်မခံဘဲ မိမိ၏သဘောဆန္ဒအတိုင်း ပြုမူလုပ်ဆောင်နေသည့်အပြင် မိဘနှင့်ဆွေမျိုးမောင်နှမများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်မသိန်း ၁၀/ပမန(နိုင်)၀၅၂၀၃၆**

---

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အမက (ကုလားဘီးခြံတန်း)၊ ဒုတိယတန်းမှ မဖြူစင်ဝင်းလဲ့၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၁၀/ခဆန(နိုင်)၁၁၁၆၆၈ ဖြစ်ပါကြောင်း။ **ဦးနိုင်ဝင်း**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက (ခွဲ) အီးဖြစ်၊ နဝမတန်းမှ မခင်မြင့်မြင့်သန်း၏ ဖခင်အမည်မှန်မှာ ဦးရှားကလိုင် ဖြစ်ပါကြောင်း။

**ဦးရှားကလိုင်**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထက(ခွဲ) ကျောက်ချက် သတ္တမတန်းမှ မကေသီမျိုး ကျောင်းဝင်အမှတ်-၂၄၈၉ ၏ဖခင်အမည်မှန်မှာ ဦးမျိုး ၉/ပမန(နိုင်)၁၈၀၁၂၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နေပြည်တော် တပ်ကုန်းမြို့နယ် MRTV အထက(၄)၊ နဝမတန်း(C) မှ မအေးနွဲ့မိုး၏ ဖခင်အမည်မှန်မှာ ဦးရဲမင်းပိုင် ၉/တကန(နိုင်)၁၅၁၆၁၄ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အလက ပန်းကုန်းမွန်ကျောင်း စတုတ္ထတန်းမှ မောင်ကောင်းခန့်အောင်၏ ဖခင်အမည်မှန်မှာ မင်းရန်အောင် ၃/ဘအန(နိုင်)၁၀၃၀၅၂ ဖြစ်ပါသည်။ **မင်းရန်အောင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဖခင်ဦးမောင်မောင်အေး၏ သား ဦးအုံးမြင့်(ခ)ဦးအုန်းမြင့် ၁၂/ရကန(နိုင်)၀၃၀၀၀၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ကျိုက်မရောမြို့နယ် ဘာဘူကုန်း ကျေးရွာနေ ဦးစိန်ဝင်း၏ အမည်မှန်မှာ ဦးဟူစိန် ၁၀/ကမရ(နိုင်)၁၇၉၁၄၈ ဖြစ်ပါကြောင်း။ **ဦးဟူစိန်**

## အမည်မှန်

ဦးဟူစိန်၏သား တာမွေမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်မင်းထက်ကျော်၏ အမည်မှန်မှာ မောင်မင်းထင်ကျော် ဖြစ်ပါကြောင်း။ **မောင်မင်းထင်ကျော်**

## ဖခင်အမည်မှန်

တာမွေမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မင်းထင်ကျော်နှင့် နဝမတန်းမှ မောင်ကျော်သူတို့၏ ဖခင်အမည်မှန်မှာ ဦးဟူစိန် ၁၀/ကမရ(နိုင်)၁၇၉၁၄၈ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးခြင်း

ကျွန်မ ထွန်းသိန်းကျော် (ဘ) မောင်နိုင်ဝင်း ၁၀/သထန(နိုင်)၀၅၆၇၄၀ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်း ကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၃၄၄၄၄၅၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/3351 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်နေ ဦးသိန်းထွန်း၏ သမီး မမေသန္တာထွန်းသည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဖခင်- ဦးသိန်းထွန်း**

## ဒေါ်ရာဘီယာဘီ(ခ)ဒေါ်ကြည်ကြည်
### အသက်(၈၈)နှစ်

မန္တလေးမြို့၊ ၂၇လမ်း၊ ဂွန်းတန်းရပ်နေ (ဟာဂျီဦးဟာမတ်-ဒေါ်အေး) တို့၏သမီး၊ (ဦးဘငွေး)-ဒေါ်စောကြည်၊ (ဟာဂျီမောင်မောင်လွင်-ဟာဂျီမ ဒေါ်မိမိလေး)၊ ဦးဝင်းနိုင်-ဟာဂျီမဒေါက်တာ ဒေါ်တင်တင်နွယ်၊ (ဟာဂျီ ဦးကိုကိုကြီး)-ဟာဂျီမ ဒေါ်ရီရီ လွင်တို့၏ညီမ/ အစ်မ၊တူ၊တူမ ၁၇ယောက် တို့၏အဒေါ်သည် ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၄၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် အေးရိပ်ငြိမ်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မမြတ်သန္တာတင်(ခ)Rosalyn
### B.C.Sc(Hons;)-UCSM
### M.Sc(AIT, Bangkok, Thailand)
### MD(Thit Sar Yar Zar Institute)
### အသက်(၃၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် ၁၄၄၊ ၂၉ လမ်း၊ ၇၆လမ်း×၇၇လမ်းကြား၊ သစ္စာရာဇာဆေးရုံနေ မသီဂီတင်အုန်း၏ညီမ၊ ကိုသက်ပိုင်စိုး-ဒေါက်တာအင်ကြင်းခိုင်တို့၏အစ်မ၊ Prof; ဦးတင်အုန်း-ဒေါက်တာဒေါ်မြင့်မြင့်ဝင်း တို့၏သမီးသည် ၂၃-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) ည ၁၀း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ၇၅ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းရှိ စိန်ဖေးဗီးယားဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ရီ
### အသက်(၈၆)နှစ်

ဦးဘဏ်ဝင်း-ဒေါက်တာဝါဝါမောင် (ညွှန်/ချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့)တို့၏မိခင် ဒေါ်ကျင်ရီ အသက်(၈၆)နှစ်သည် ၂၂-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုစာရင်းအင်းအဖွဲ့**
**ကရင်ပြည်နယ်မိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးဝင်းမြင့် (ဝေါ၊ မြစ်ကျိုး)
### အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာနေ (ဦးခင်ညွှန့်-ဒေါ်တင်နု)တို့၏သား၊ ဦးကြည်စိုး-ဒေါ်ရင်မြတို့၏ ညီ/မောင်၊ ဒေါ်ရင်မြင့်၊ မဝင်းဝင်းမော်တို့၏ အစ်ကိုသည် ၂၄-၁၀-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မြစ်ကျိုးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းမြင့်
### ဝေါ(မြစ်ကျိုး)
### အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးရွာမှ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီးဦးဝင်းမြင့်သည် ၂၄-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကြည်လင်း-ဒေါ်ချိုချိုမာ**
**နှင့် စိန်ဘယက်ဆေးတိုက်မိသားစု၊ ပဲခူးမြို့**

## ဦးသိန်းကျော်ကျော်
### “ကမ်”ပရဟိတအောက်ဆီဂျင် အကူအညီပေးရေးအဖွဲ့တည်ထောင်သူ
### အသက်(၅၃)နှစ်

တောင်ဥက္ကလာပမြို့နယ်နေ (ဦးကျော်သိန်း-ဒေါ်ခင်နွဲ့)တို့၏သား၊ မြိတ်မြို့နေ (ဦးဘီစူး-ဒေါ်ရင်ကြည်) တို့၏သားသမက်၊ (ဗိုလ်ကြီးမိုးကျော်ကျော်)-ဒေါ်ဖြူဖြူထွန်း၊ ဗိုလ်မှူးကျော်ကျော်ထွေး-ဒေါ်မြင့်မြင့်သန်း၊ ဦးအေးကျော်ကျော်-ဒေါ်ဝင်းဝင်းထွန်း၊ ဦးဇာနည်ကျော်လေး-ဒေါ်ဥမ္မာလတ်၊ ဒေါ်ချယ်ရီကျော်သိန်းတို့၏ အစ်ကို၊တူ၊ တူမ ခြောက်ယောက်တို့၏ဘကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၆)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် ၉၁၂ နေ ဒေါ်ခင်အေးမူ(ခ)ဒေါ်ဘေဘီ၏ခင်ပွန်းသည် ၂၃-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးသန်းထွန်း
### B.Sc(Maths)
### အသက်(၄၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့နေ (ဦးမြရှိန်)-ဒေါ်သန်းသန်းတို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၅၊ အခန်း ၂နေ (ဦးဝင်းလှိုင်)-ဒေါ်အေးသိန်းတို့၏သားသမက်၊ ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့နေ ဒေါ်နှင်းနီလာ၊ ဦးမျိုးဇင်သက်-ဒေါ်နန်းအေးသန္တာ၊ ဒေါ်မျိုးမြသက်၊ ဒေါ်စိမ်းနုနုထွေး၊ ဦးထွန်းနိုင်လင်း၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာနေ ဦးဇော်မင်းထွန်း-ဒေါ်နီလာဝင်း၊ ဦးဖြိုးဝေစိုး-ဒေါ်ဖြူဖြူဝင်း၊ (ဦးဖြိုးဝေဝင်း) တို့၏အစ်ကို၊ မောင်လုံးဝန်း၊ မနန်းအိသီရိမောင်၊ မမြတ်နိုးသူတို့၏ဦးကြီး၊ မောင်သန့်စင်အောင်၏ဖခင်၊ ဒေါ်နွယ်နွယ်ဝင်း၏ခင်ပွန်းသည် ၂၄-၁၀-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

## မမေထက်ဝန်း
### အသက်(၁၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ လေးထောင့်ကန်လမ်း၊ ၂၄စီ(၀၀၂)နေ ဦးမြင့်ဦး-ဒေါ်မွေးမွေး၊ (ဦးတင်ဝင်း)-ဒေါ်တင်ဝင်းတို့၏မြေး၊ ကိုကျော်မင်းထိုက် - မမိုးမိုးသွယ်၊ ဦးမောင်စိုး-ဒေါ်ဥမ္မာနွယ်၊ မနေခြည်လတ်၊ မောင်မိုးမင်းစိုး၊ မခင်ရည်ဦးမွန်တို့၏တူမ၊ မောင်ပြည့်ဖြိုးနိုင်၊ မောင်ရဲရင့်ကျော်ဇင်၊ မောင်ဘုန်းပြည့်သျှန်၊မေဝင်ဘုန်းပြည့်လျှံတို့၏ညီမ၊ ဦးကျော်ဇင်လတ်-ဒေါ်သင်းသင်းနွယ်တို့၏သမီးသည် ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၆-၁၀-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၈ ရက်(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ကျော်
### လဝက(ငြိမ်း)
### အသက်(၈၉)နှစ်

မြစ်သားမြို့နေ (ဦးခင်မောင်-ဒေါ်ထွေး)တို့၏သား၊ [ဦးကိုကိုကြီး၊ (သံအမတ်ကြီး၊ ငြိမ်း)-ဒေါ်ရင်ရင်မြ]တို့၏ညီ၊ ဗိုလ်ကြီးစိုးတင့်(ငြိမ်း)-ဒေါ်တင်တင်ညွန့် (ဒုတိယဗိုလ်မှူးကြီးစိုးမြင့်၊ လေ-ငြိမ်း)-ဒေါ်အမာတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၅၈၊ လေးလွှာ(ဘီ)နေ (ဒေါ်မြအေး)၏ခင်ပွန်း၊ ဦးကျော်သူရိန် (ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ခင်သန်းနွယ်၊ (ဦးသီဟန်)-ဒေါ်ကျော်စန္ဒာ၊ ဦးကျော်ဇေယျာထွေးတို့ဖခင်၊ မြေးလေးယောက် တို့၏အဘိုးသည် ၂၃-၁၀-၂၀၁၈ ရက်(အင်္ဂါနေ့) ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ခင် အသက်(၈၅)နှစ်

ရန်ကုန်မြို့၊မြောက်ဒဂုံမြို့နယ်၊ (၄)ရပ်ကွက်၊ ဦးပြုံးချိုလမ်း၊ အမှတ် ၁၀၂၆ နေ (ဝဏ္ဏကျော်ထင်ဦးလှစိန်-ဒေါ်ကျင်လှိုင်)တို့၏သား၊ ဒေါ်တင်တင်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင် လင်း-ဒေါ်စုစုမာ၊ ဒေါက်တာတင်မောင်ထွဋ်-ဒေါ်သဇင်စိုး၊ ဦးကျော်ဝင်း(JSM)-ဒေါ်စုစုခင်(လ-၄၊မ/ဥက္ကလာ)၊ ဦးနန္ဒာအောင်-ဒေါ်စုစုသန်း(ညွှန်ကြားရေးမှူး၊ကျေး/လက်ဦးစီးဌာန)၊ ဦးမင်းမင်းဦး (Nawtrading Co.,Ltd.)၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၄-၁၀-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးရွှေသန်း (ရမ်းဗြဲ)
### လ/ထ ကြီးကြပ်ရေးမှူး(ပန်းချီ)(ငြိမ်း)
### အသက်(၈၂)နှစ်

ရမ်းဗြဲမြို့နေ (ဦးစောလှညို-ဒေါ်နှင်းစိန်)တို့၏သား၊ (ဒေါ်စောပွင့်)၏ခင်ပွန်း၊ ဦးအောင်မျိုးသန်း-ဒေါ်ခင်ဆွေဦး၊ဦးဇော်နိုင်သန်း-ဒေါ်သီတာထွေး၊ ဒေါ်ခင်နှင်းနှင်းတိုး၊ ဦးအောင်ဇင်သန်း-ဒေါ်စန္ဒာဖြူ၊ဒေါ်စိုးမိုးမိုးသန်း၊ ဦးခိုင်ဇာမင်း-ဒေါ်ယဉ်မျိုးမျိုးသန်း တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးရှင်သည် ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) ည ၈း၄၅နာရီတွင် စစ်တွေမြို့၊ အမှတ် (၆)စုပေါင်းအိမ်ရာ၊ ပြည်တော်သာရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင်စစ်တွေမြို့၊ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကြည်ရွှေ(ခ)ဦးခင်မောင်
### အသက်(၇၇)နှစ်

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ (ဆရာရွှေ - ဒေါ်သန်းကြည်) (ပြည်သူ့စာပေ)တို့၏သား၊ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ စဥ့်ကူးမြို့နေ (ဦးအောင်မိုးလွင်)-ဒေါ်မာလာခိုင်၊ တောင်ငူမြို့၊ ပန်းချီတံခါးလမ်းနေ ဦးညီညီထွန်း-ဒေါက်တာဝါဝါလွင် (M.B.B.S, Ygn) တို့၏ဖခင်၊ မြေးလေးယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုးသည် ၂၄-၁၀-၂၀၁၈ရက် နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ရက် မွန်းလွဲ ၂း၃၀နာရီတွင် ဇောဓိသာရသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းဇံ
### Perfect အထည်ဆိုင်၊ မင်္ဂလာဈေး
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ထန်းမနိုင်ကျေးရွာနေ (ဦးသိန်းဟံ-ဒေါ်ခင်လှိုင်)တို့၏သား၊ ဦးကျော်ဦး-ဒေါ်စန်းရင်၊ ဦးစိန်ထွန်း-ဒေါ်မြ၊ (ဦးသိန်း-ဒေါ်တိုးစီ)တို့၏ညီ၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၅လမ်း၊ အမှတ် ၆၇၂နေ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးအောင်နိုင်ဦး-ဒေါ်စုစုဝင်း တို့၏ဖခင်၊ မောင်အောင်ကျော်ခန့်၊ မမေပိုင်ပိုင်သော်တို့၏ဘိုးဘိုးကြီးသည် ၂၃-၁၀-၂၀၁၈ရက် မွန်းလွဲ ၁၂း၄၈နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၈ရက် နံနက်၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှလှ အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှီးကုန်းရပ်ကွက်၊ ၁၄၅လမ်း၊ အမှတ် ၁၁ နေ [ယွန်အင်းအန်(ခ)ဦးအေး-အန်ရှုဟုန်(ခ)ဒေါ်သန်းရီ]တို့၏သမီး၊ (ဦးအေးလွင်)-ဒေါ်ပိုးတင်တို့၏ညီမ၊ ဦးမောင်မြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးတင်ဝီ-ဒေါ်စန်းစန်းကြည်၊ ဒေါ်စန်းစန်းငွေး(ကိုမောင်မြင့်ဖိနပ်ဆိုင်)၊ ဒေါ်ယုယုခိုင်(ယုဖိနပ်ဆိုင်) မင်္ဂလာဈေးတို့၏အစ်မသည် ၂၃-၁၀-၂၀၁၈ရက် မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နီနီသောင်း (85 Civil) အသက်(၅၃)နှစ်
### (CGTI ကန်တော့ခံဆရာမ) THS (မြစ်ကြီးနား)၊
### GTI (ချောက်၊ အင်းစိန်၊ သန်လျင်) Victoria University College

သန်လျင်မြို့နေ (ဦးဖေသောင်း)-ဒေါ်သန်းငွေတို့၏သမီး၊ (ဦးဗလကျော်-ဒေါ်စောမြိုင်တို့၏ သမီးချွေးမ၊ (ဦးခင်မောင်ဆွေ)83 MT,CGTI ၏ချစ်လှစွာသောဇနီး၊ မောင်ကောင်းထက်ဆွေ(3rd, Year English )၊ မောင်ကောင်းထိုက်ဆွေ(အဋ္ဌမတန်း E၊ အထက-၃၊ မြောက်ဒဂုံ)တို့၏ ချစ်လှစွာသောမိခင်၊ ဦးအောင်ငွေးဦး-ဒေါ်မူမူအေး၊ ဦးငွေးနိုင်ဝင်း-ဒေါ်ရီရီသောင်းတို့၏ညီမ၊ ဦးအောင်နိုင်စိုး-ဒေါ်မိမိမော်၊ ဦးအေးထွန်း-ဒေါ်နွယ်နွယ်သောင်း၊ ဦးတင်နွယ်-ဒေါ်သွယ်သွယ်သောင်း၊ ဦးဖြိုးဝေအောင်-ဒေါ်အေးသူဇာအောင်တို့၏ အစ်မသည် ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၈ရက်(စနေနေ့)တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၇)ရပ်ကွက်၊ အဓိပတိလမ်း၊ အမှတ် ၄၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ထားဝယ်အသင်း
## ဒေါ်ဖွားကြည်
### အသက်(၈၂)နှစ်

ထားဝယ်မြို့နေ (ဦးသာကွယ်-ဒေါ်အေးကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ ၂လမ်း၊ အမှတ် ၂၁၂နေ ဦးထွန်းကြည် (ကုန်သွယ်ရေး၊ ငြိမ်း)၏ဇနီး၊ (ဦးကြည်လွင်)-ဒေါ်မိမိချို (အထက-၂၊ ဗိုလ်တထောင်)၊ ဦးထွန်းထွန်းအေး(ဒုတိုင်းရောင်းဝယ်ရေးအရာရှိ) မန္တလေးတိုင်းဒေသကြီး(MPPE)-ဒေါ်ချယ်ရီခိုင်(ဌာနခွဲမှူး)မုံရွာမြို့(MPPE)၊ ဗိုလ်ကြီးအောင်ကျော်မိုး(ငြိမ်း) မြို့နယ်လျှပ်စစ်မန်နေဂျာ(စီမံ) ဗဟန်းမြို့နယ် (ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)-ဒေါ်စိုးစန္ဒာတို့၏မိခင်သည် ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ဒေါပုံနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀ -၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာမကြီးဒေါ်မီမီလင်း
### အထက်တန်းပြ(ငြိမ်း)၊ အပူဇော်ခံ၊ အထက(၁)(စိန့်ဂျွန်း)
### အသက်(၇၉)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၈၂)၊ ၄-လွှာနေ မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့ အပူဇော်ခံဆရာမကြီး ဒေါ်မီမီလင်းသည် ၂၂-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**အမှုဆောင်အဖွဲ့**
**မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့(စိန့်ဂျွန်း)**
**၁၉၆၈-၈၄ ပညာသင်နှစ်**

## ဦးဝင်းဦး
### ညွှန်ကြားရေးမှူး(ငြိမ်း)
### လေကြောင်းပို့ဆောင်ရေးဦးစီးဌာန
### အသက်(၇၅)နှစ်

မြိတ်မြို့၊ ကံဖျားရပ်နေ ဦးထွန်းစိန်-ဒေါ်ကြည်တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ တိုက် E၊ အခန်း ၀၀၂နေ ဒေါ်မူမူသင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအေးစိုး-ဒေါ်ဇာဇာဝင်းဦးတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မောင်ကောင်းဇော်၊ မောင်ကောင်းဇေ တို့၏ချစ်လှစွာသောအဘိုး၊ ဦးဝင်းချို-ဒေါ်စန်းရီတို့၏အစ်ကို၊ ဒေါ်ဇာနည်ချို၊ ဦးအောင်ကိုကိုချိုတို့၏ ဦးကြီးသည် ၂၃-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ ၄း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၇ နာရီ မှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးဝင်းဦး (လေ-၁၅၉၈)
### တပ်မတော်-လေ(ငြိမ်း)
### ညွှန်ကြားရေးမှူး(ငြိမ်း)
### လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ တိုက် (E)၊ အခန်း ၀၀၂ နေ ဒေါ်မူမူသင်း၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဝင်းဦး(ငြိမ်း)သည် ၂၃-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ ၄း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးဝင်းဦး (လေ-၁၅၉၈)
### တပ်မတော်လေ(ငြိမ်း)
### ညွှန်ကြားရေးမှူး(ငြိမ်း)
### လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ တိုက် (E)၊ အခန်း ၀၀၂ နေ ဒေါ်မူမူသင်း၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဝင်းဦး(ငြိမ်း)သည် ၂၃-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ ၄း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၄၂)လေယာဉ်မောင်းသင်တန်းမှတပည့်များ**

### ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးဝင်းဦး (လေ-၁၅၉၈)
### တပ်မတော်လေ(ငြိမ်း)
### ညွှန်ကြားရေးမှူး(ငြိမ်း)
### လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ တိုက် (E)၊ အခန်း ၀၀၂ နေ ဒေါ်မူမူသင်း၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဝင်းဦး(ငြိမ်း)သည် ၂၃-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ ၄း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

သင့်သွေးဖြင့် အသက်ကယ်ပါ




# ကမ္ဘာ့ပိုလီယိုကင်းစင်ရေးနေ့အထိမ်းအမှတ် စုပေါင်းလူထုစက်ဘီးစီးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်သည့် ဆင့္ဂမအကြိမ်မြောက် ကမ္ဘာ့ပိုလီယိုနေ့ အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီက ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး၌ ကျင်းပသည်။

လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ကာ (ဝဲပုံ) ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ စက်ဘီးစီးအားကစားဝါသနာရှင် ၈၀၀ ကျော်တို့က ကန်တော်ကြီးနှစ်ပတ်ပတ်၍ စက်ဘီးစီးနင်းခဲ့ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကမ္ဘာ့ပိုလီယိုနေ့အထိမ်းအမှတ်လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန *စာမျက်နှာ ၁၂ ကော်လံ ၅* ❐

## ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက လူ့အခွင့်အရေးအထူးအစီရင်ခံစာတင်သွင်းသူနှင့် လွတ်လပ်သောအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) တို့၏ အစီရင်ခံစာများအပေါ် တုံ့ပြန်မိန့်ခွန်းပြောကြား

စာ » ၄



ရန်ကုန်မြို့ ကမ္ဘာ့အေးဘုရားလမ်းရှိ အင်းလျားကန်ပေါင်၌ သီတင်းကျွတ်လပြည့်ညက လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်း (စာ-၁၀)

ဓာတ်ပုံ-ဗလစိုး

